

၂၀၀၃ ခုနှစ်၊ စာပေဗိမာန် စာမူဆု
လူငယ်စာပေ ဒုတိယဆုရ
"မြေကိုလှူး၍မိုးကိုပျံမည်"

ရေးသူ - ပုသိမ်-အောင်သန်းဦး

အဘဦးလှစာင်၊ အမိ ဒေါ်ခင်ရီတို့မှ ၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ပုသိမ်မြို့၌ မွေးဖွားသည်။ မူလတန်းပြဆရာ၊ မူလတန်းကျောင်းအုပ်အဖြစ် မိုင်းဆတ်၊ ကျိုင်းတုံ၊ ကလေးမြို့နယ်တို့တွင် ထမ်းဆောင်ခဲ့သည်။

၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သင့်ဘဝမဂ္ဂဇင်းပါ "ဆီးလေးတစ်လက်" ဝတ္ထုတိုဖြင့် စာပေနယ်သို့ရောက်ရှိခဲ့သည်။ မြဝတီ၊ သွေးသောက်၊ မိုးဝေ၊ ရုပ်ရှင်တေးကဗျာ၊ စတိုင်သစ်၊ နိုင်ငံ့ဂုဏ်ရည်၊ လုံမလေး၊ ပညာတန်ဆောင်၊ မှူခင်းရှုထောင့် စသည့် မဂ္ဂဇင်းများတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ဆောင်းပါးများ ရေးသားလျက်ရှိသည်။

စာပေဗိမာန် စာမူဆုများကို ၁၉၇၅ ခုနှစ်တွင် "အိုက်စံ" စာမူဖြင့် ကလေးစာပေ ဒုတိယဆု၊ ၁၉၉၅ ခုနှစ်တွင် "တစ်မူးရလို့ တစ်ပဲလှူ ကလေးဝတ္ထုတိုများ"စာမူဖြင့် ကလေးစာပေ ဒုတိယဆု၊ ၁၉၉၇ ခုနှစ်တွင် "အိပ်မက်တိုင်းပြည် မဟုတ်ပါနှင့် အခြားဝတ္ထုတိုများ" စာမူဖြင့် လူငယ်စာပေ ပထမဆု၊ ၁၉၉၉ ခုနှစ်တွင် "သိန်းသန်းကုဋေ မရေနိုင်နှင့် အခြားလူငယ်ဝတ္ထုတိုများ"စာမူဖြင့် လူငယ်စာပေဒုတိယဆု အသီးသီးရရှိခဲ့သည်။

၁၉၉၉ ခုနှစ်တွင် "အိပ်မက်တိုင်းပြည်မဟုတ်ပါနှင့် အခြားဝတ္ထုတိုများ" စာအုပ်ဖြင့် အမျိုးသားစာပေဆု (လူငယ်စာပေ)ဆွတ်ခူးခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် ဝါမိုးအောင်ဝတ္ထုတို တတိယဆု၊ ၂၀၀၂ ခုနှစ်တွင် နိုင်ငံတကာလူမှုဝန်ဆောင်မှုအဖွဲ့ (မြန်မာ)၏ လူငယ်ဝတ္ထုတိုပြိုင်ပွဲ တတိယဆုနှင့် ပညာတန်ဆောင် ဆောင်းပါးပြိုင်ပွဲဆု နှစ်ကြိမ်ရရှိခဲ့သည်။

ယခုအခါ အမှတ် (၅) အခြေခံပညာမူလတန်းကျောင်း၊ ဟဲဟိုး မြို့တွင် ကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

အမည်အရင်း - ဦးအောင်သန်းဦး ဖြစ်သည်။
နေရပ်လိပ်စာ - အမှတ် (၅) အခြေခံပညာမူလတန်းကျောင်း၊ ဟဲဟိုးမြို့။



၂၀၀၃ ခုနှစ်၊ စာပေဗိမာန် စာမူဆု
လူငယ်စာပေ ဒုတိယဆုရ

# မြေကိုလျှိုး၍မိုးကိုပျံမည်

**ပုသိမ်အောင်သန်းဦး**

**စီစဉ်တည်းဖြတ်သူ** - ဦးညွန့်ဟံ (ညွန့်ဟံ- ကြူတော)
စာတည်း (တာဝန်ခံ)
- ဒေါ်တင်မွှေး (မွှေးငယ်ငယ်)
စာပေလက်ထောက်

**ပန်းချီ** - ညီညီ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၆ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၂၀၀၀

တန်ဖိုး ကျပ်

စာပေဗိမာန်စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ဆွေငယ်) က
မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ရိုက်နှိပ်
မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ✪ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ✪ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ✪ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ကျွန်တော်မြန်မာပြည်သား | . . . | ၁ |
| ၂။ | ကမ္ဘာကြီးနှင့်အပြိုင် | . . . | ၈ |
| ၃။ | ရွှေပုံတောင်စေတီရင်းဝယ် | . . . | ၁၆ |
| ၄။ | အမွေ | . . . | ၂၃ |
| ၅။ | သမိုင်းကြွေးကိုဆပ်နေသည် | . . . | ၃၀ |
| ၆။ | ဗိုလ်မှူးသူရအုံးခိုင် | . . . | ၃၇ |
| ၇။ | ပလောင်သီတင်းကျွတ်ပွဲ | . . . | ၄၆ |
| ၈။ | ဘုရားလေးငယ်ငယ်ကိုးတောင်ပြည့်တည် | . . . | ၅၂ |
| ၉။ | ငါးချဉ်စားပွဲ | . . . | ၆၁ |
| ၁၀။ | လူကြမ်းကလေးကျွန်တော် | . . . | ၇၂ |
| ၁၁။ | လမင်းထိန်သာလေညင်းဖြာပြီ | . . . | ၈၀ |
| ၁၂။ | ညိုးနွမ်းတော့မည့်ပန်းလေးတစ်ပွင့်အတွက် | . . . | ၉၅ |
| ၁၃။ | မြန်မာစာသည်တို့စာ မြန်မာကဗျာသည်တို့ကဗျာ | . . . | ၁၀၄ |
| ၁၄။ | မြေကိုလှျိုး၍မိုးကိုပျံမည် | . . . | ၁၁၃ |

# ကျွန်တော်မြန်မာပြည်သား

ကျွန်တော်မောင်ပုပါ။ မြေလတ်ဒေသ စလေမြို့သား ဖြစ်ပါသည်။ ယခုအခါ ကျွန်တော်သည် စလေမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဒသမတန်း၌ ပညာသင်ကြားနေသော ကျောင်းသားတစ်ဦးလည်း ဖြစ်ပါသည်။

စလေမြို့သည် ချောက်မြို့နယ်တွင် ပါဝင်သော်လည်း ချောက်မြို့ထက် ကျွန်တော်တို့ စလေမြို့က ပို၍ ရှေးကျခဲ့ကြောင်း သမိုင်းမှတ်တမ်းများက ဆိုပါသည်။

သက္ကရာဇ် ၁၁၄၅ ခုနှစ် စစ်တမ်းအရ စလေမြို့တွင် မဟာသမာန်း ဆိုသူ အုပ်ချုပ်ခဲ့ပါသည်။ စလေမြို့က မြေတိုင်းမြို့ သူကြီးမဟာသမာန်း၏ ပြောပြချက်အရ စလေမြို့ကို သူ၏ဘီ ငကုလားမဟာသမာန်း အုပ်ချုပ်ခဲ့ကြောင်း၊ မရှိလျှင် သူ၏ဘေး ငရဲ သံမဟာသမာန်းအမည်နှင့် အုပ်ချုပ်ခဲ့ကြောင်း၊ မရှိလျှင်သူ၏ဘိုး ငလှသူမဟာသမာန်းအမည်နှင့် ကြီးစိုးခဲ့ကြောင်း၊ မရှိလျှင် သူ၏အစ်ကို၌ သားမြေးအဆက်အခံမရှိသဖြင့် ညီဖြစ်သူ ကျွန်တော် ငရွှေကြူသည် ဘီ၊ ဘေး၊ ဘိုး အရိုးမပျက် မဟာသမန်းအမည်နှင့် ကြီးစိုးခဲ့ပါသည်ဟု မှတ်တမ်းများတွင် တွေ့မြင်သိရှိရပါသည်။

စလေမြို့သည် မြန်မာ့သမိုင်းတွင် ထင်ရှားသော မြို့တစ်မြို့လည်း ဖြစ်ပါသည်။ ပုဂံနေပြည်တော်ကြီးနှင့် ကပ်လျက် တောင်အရပ်တွင် ရှိသဖြင့် မြစ်ကြောင်း၊ ကုန်းကြောင်းတို့ဖြင့် ဆက်သွယ်သွားလာနိုင်သော မြို့ကြီးတစ်မြို့ ဖြစ်ပါသည်။

စလေမင်းခွေးနှင့် စာဆိုကျော်စလေဦးပုညတို့၏ ဂုဏ်ရှိန်ကြောင့်လည်း လူသိများပြီး ထင်ရှားသော မြို့တစ်မြို့လည်း ဖြစ်ပါသည်။ ထို့ပြင် စလေဓာတ်မြေသြဇာစက်ရုံ။ စလေဆီးသီးတို့ကြောင့် လည်းကောင်း၊ မွေ့ရာ၊ ခေါင်းအုံးများ ကောင်းစွာထွက်ရှိခြင်းကြောင့်လည်းကောင်း ထင်ရှားခဲ့ပါသည်။

အနော်ရထာမင်းကြီးသည် သထုံဘုရင် မနူဟာမင်းထံ ပိဋကတ်တော်များ အလှူခံရာ မပေးသဖြင့် ပုဂံစစ်သည်များဖြင့် သွားရောက်တိုက်ခိုက်သိမ်းယူလာခဲ့ပြီး စလေမြို့နှင့် လေးမိုင်ခန့် အကွာတွင် ပိဋကတ်တော်များအားကြိုဆိုသောနေရာတွင် စာကြိုဘုရား၊ ဆံကြိုဘုရား၊ စွယ်ကြိုဘုရားများ တည်ထားကိုးကွယ်ခဲ့သောကြောင့်လည်းကောင်း ထင်ရှားသော မြို့တစ်မြို့ဖြစ်ခဲ့ရပါသည်။

ထို့ပြင်စလေမြို့အတွက် အထူးဂုဏ်ယူဖွယ် မြန်မာ့အနုပညာလက်ရာမွန်များဖြင့် တည်ဆောက်ထုလုပ်ထားသော စလေရုပ်စုံကျောင်းတော်ကြီးကြောင့်လည်း စလေမြို့သည် ပို၍ ဂုဏ်ကြွယ်နေပါပြီ။ စလေရုပ်စုံကျောင်းတော်ကြီးနှင့်ပတ်သက်၍ သုတေသနပညာရှင်အသီးသီးက ရေးခဲ့မှတ်တမ်းတင်ခဲ့ပြီး ဖြစ်ပါသည်။

မြန်မာပြည်အရပ်ရပ်မှ သူငယ်ချင်းများအနေဖြင့် ပညာရှိကြီးများ ရေးသားမှတ်တမ်းတင်ခဲ့ကြသော ကျမ်းစာအုပ်များကို အချို့လည်းဖတ်ဖူးကြပါလိမ့်မည်။ အချို့လည်း ဖတ်ဖူးကြလိမ့်ဦးမည် မဟုတ်ပါ။



ယခုအခါ စလေရုပ်စုံကျောင်းကြီးတွင် စလေမြို့၏ ကျက်သရေဆောင် စာဆိုတော်ကြီး ဦးပုညကို ဂုဏ်ပြုသောအားဖြင့် ဦးပုညပြတိုက်ကြီးကိုလည်း တွဲဖက်ဖွင့်လှစ်ထားပါသည်။ စာဆိုကျော်ဦးပုညပြတိုက်ကြီးအကြောင်း ပြောမပြမီ ကျွန်တော် စလေရုပ်စုံကျောင်းတော်ကြီးအကြောင်း ဦးစွာပြောပြပါမည်။

စလေရုပ်စုံကျောင်းကြီးကို ၁၂၄၄ ခုနှစ်မှ ၁၂၅၄ ခုနှစ်အတွင်း ဆယ်နှစ်တိုင်တိုင် တည်ဆောက်ခဲ့ကြရပါသည်။ ကျောင်းတကာ တို့မှာ ဦးဘိုးကြည်နှင့်ဇနီးဒေါ်ရွှေသက်တို့ ဖြစ်ပါသည်။ ပထမဆုံး ကျောင်းတိုင်ဆရာတော်ကြီးမှာ သုဓမ္မဂိုဏ်းဆရာတော်ကြီး ဦးဂုဏ ဖြစ်ပါသည်။

ကျောင်းအမျိုးအစားမှာ အိမ်တော်ပုံကျောင်းဖြစ်ပြီး အလျား ၁၂၅ ပေ၊ အနံ ၇၆ ပေ ရှိကာ မူလကျောင်းတိုင်ပေါင်း ၁၅၄ တိုင်၊ ကျောင်းဆောင်ပေါင်း ၇ ဆောင်ရှိပြီး စလင်းမြို့နယ် တညောင်ကျေးရွာမှ လက်သမားများ ဆောက်လုပ်ခဲ့ကြသည်ဟု သိရပါသည်။

ကျောင်းတော်၏ ရှေ့၊ ဝဲ၊ ယာ၊ နောက်ကျောတို့တွင် ကနုတ်ပန်း၊ နွယ်ပန်းခက်များ ဝန်းရံကာ ငါးရာငါးဆယ်ဇာတ်နှင့် ဇာတ်ကြီးဆယ်ဘွဲ့တို့မှ ရုပ်လုံးရုပ်ကြွ ရုပ်ထုပေါင်း ၄၅ ရုပ်ရှိပြီး ပခုက္ကူနှင့် ရေစကြိုတို့မှ ပန်းပုဆရာကြီးများ ထုလုပ်ခဲ့ကြသည်ဟု သိရပါသည်။

ဤကျောင်းတော်ကြီး၏ သက်တမ်းမှာ နှစ်ပေါင်းတစ်ရာကျော်ကြာမြင့်လာသည်နှင့်အမျှ ရာသီဥတုဒဏ်ကြောင့် ပျက်စီးအိုဟောင်းလာရာ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၁၉၉၂-၉၃ ခုနှစ်တွင် ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံပေးခဲ့ပါသည်။ ဤအချိန်က နိုင်ငံတော်မှ ထည့်ဝင်ငွေ

နှစ်သိန်း၊ ပြည်သူလူထုထည့်ဝင်ငွေ ၂၁၆ သိန်းဖြင့် ပြုပြင်မွမ်းမံခဲ့ပြီး ၁၉၉၄-၉၅ ခုနှစ်တွင် ဘက်စုံမွမ်းမံခဲ့ပြန်ရာ နိုင်ငံတော်မှ ၂၅ သိန်း၊ ပြည်သူလူထုမှ ၂၅ သိန်း ထည့်ဝင်ပြီး စလေရုပ်စုံကျောင်းမဟာကြီးအား ဘက်စုံ ထောင့်စုံမှ ပြုပြင်မွမ်းမံခဲ့ကြကြောင်း သိရှိရပါသည်။

ဤရွှေကျောင်းတော်ကြီးသည် မြန်မာအနုပညာလက်ရာပန်းဆယ်မျိုးတို့ဖြင့် အဆင်တန်ဆာ ဆင်ထားရကား မြန်မာနိုင်ငံသူနိုင်ငံသားများသာမက နိုင်ငံရပ်ခြားမှ လာရောက်လေ့လာသုတေသနပြုကြသည့် ပညာရှင် အသီးသီးတို့၏ ရင်သပ်ရှုမောဖွယ် မြန်မာ့ယဉ်ကျေးမှု အနုပညာအဆင့်မြင့်မားမှုများကို လေ့လာဆန်းစစ်မှတ်တမ်းတင်နိုင်မည့် စံထားစရာ ရွှေကျောင်းမဟာပင် ဖြစ်ပါတော့သည်။

ဤရွှေကျောင်းတော်ကြီး၏ အုတ်လှေကားဖြူများကို နင်းကာတက်၍ အတွင်းသို့ ဝင်ခဲ့သည်ရှိသော် စလေမြို့သာမက မြန်မာပြည် တလွှားပင် ထင်ရှားကျော်စောတော်မူသော စာဆိုတော်ကြီးဦးပုညအား ဂုဏ်ပြုတည်ထောင်ဖွင့်လှစ်ထားသော စာဆိုတော်ဦးပုညအထိမ်းအမှတ် ပြတိုက်ကြီးကို ငွားငွားစွင့်စွင့် မြင်တွေ့ကြရမည် ဖြစ်ပါသည်။

ဦးပုညပြတိုက်ထဲတွင် မှန်ဗီရိုကြီးများဖြင့် ပြသထားသည့် မျဉ်းနီပေထုပ်၊ ရတနာပုံခေတ် ပေထုပ်ကြိုး၊ ပန်းဖော်ကြံဆစ်ရွှေပေ၊ ယွန်းပန်းထိုးကျမ်း၊ ကလျာဏီကျောက်စာနိသျ၊ သာသနာ့လင်္ကာရကျမ်း၊ ဗြိသိသျှခေတ် လောင်းလှေငယ်ပန်းပု၊ ကွမ်းအစ်ငယ်၊ ပန်းပွတ် ဆွမ်းအုပ်ငယ်၊ ဒန်ဆင်းတုဦးခေါင်းများ၊ ပန်းပွတ်လက်ရာ



စေတီငယ်များ၊ အညာသား ယဉ်ကျေးမှု ကျောက်လက်နက်များ၊ မြေပုတီးစေ့၊ မြေနားတောင်း (ပုဂံခေတ်)။

ထို့ပြင် ရုပ်စုံကျောင်းတော်ကြီး ဆောက်လုပ်စဉ်က တူးဖော်ရရှိခဲ့သော လူရိုးနှင့်အရိုးခွက်၊ ပုဂံခေတ်ဆီမီးခွက်၊ မြေခွက်၊ ဗူးတား၊ မြေတံဆိပ်တုံးများ၊ အုတ်ခွက်ဘုရားများ၊ ဆင်သုံးစီးပလ္လင်ခံမြေဆင်းတုများ၊ စဉ့်ရည်သုတ်အိုး. . .၊ ပျူခေတ် အရိုးအိုး အစိတ်အပိုင်းများ၊ အုတ်ကြွပ်ပြားများ၊ ကျောက်ကြာပလ္လင်၊ ကြေးဖလား၊ ဟင်္သာရုပ်အလေးများ၊ ကြေးနားတောင်းများ၊ သီပေါမင်းလက်ထက်သုံးဒင်္ဂါးများ၊ ဒေါင်းတံဆိပ် ငွေဒင်္ဂါးများ. . .၊

ထို့ပြင် ရုပ်စုံကျောင်းဒကာကြီး ဦးဘိုးကြည်၏ဈေးဝယ်စာရင်း၊ အရောင်းအဝယ်ပုရပိုက်၊ ထန်းလျက်ရောင်းစာရင်း၊ ကျောင်းဒကာဦးဘိုးကြည် ခုံးပြတိုက်ခံရခြင်း လျှောက်ထားချက်ပေးစာ၊ အရောင်းအဝယ်မှတ်တမ်းပုရပိုက်များ၊ ချေးငှားစာချုပ်များကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။

ထို့ပြင် သုံးမြို့ဝန်မင်းကြီး ဦးကြည်၏ အရေးတော်ပုံဆောင်ရွက်ချက်မှတ်တမ်းများ၊ သံတော်ဆင့်စလေမြို့အုပ်မင်းနေမျိုးမင်းထင်ကျော်ခေါင်၏ တရားဆုံးဖြတ်စာများ၊ ရတနာပုံခေတ်အုပ်ချုပ်ရေးဆိုင်ရာ မှတ်တမ်းများ ပုရပိုက်များကိုလည်း တွေ့ရှိလေ့လာရမည် ဖြစ်ပါသည်။

ထို့ပြင် မြန်မာစာဆိုကျော် စလေဦးပုည၏ သာသနာလျှောက်စာတမ်း၊ ဝေဿန္တရာဇာတ်၊ မေတ္တာစာများ၊ တရားဟောစာ ပုရပိုက်များ၊ သန္ဓိလင်္ကာ ၁၆ ပုဒ်၊ ဝိဇယပြဇာတ်များကို ပေမူအတိုင်း ပြသထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းပြီး ဆရာကြီး

စလေဦးပုည၏ လက်ရေးကိုလည်း တွေ့သိလေ့လာနိုင်ကြမည် ဖြစ်ပါသည်။

ထို့ပြင် ဦးလာဘ ပုရပိုက်၊ အာကာသ သျှုတ္တရကျမ်းများ၊ မင်းတုန်းမင်းထံသို့ ဆရာတော်ကြီးများ၏ ဆက်သွင်းစာများကိုလည်း တွေ့ရှိလေ့လာနိုင်မည် ဖြစ်ပါသည်။

ထို့ပြင် နှစ်ပေါင်းတစ်ရာ့နှစ်ဆယ်က ကြေးသွန်းဗုဒ္ဓဆင်းတုတော်ကြီး (ဘူမိဖဿ မုဒြာ)အပြင် သစ်သားဗုဒ္ဓဆင်းတုတော်များ၊ လွှစာမံဗုဒ္ဓဆင်းတုတော်များ၊ နဂါးခုနစ်ကောင်ပတ် ဗုဒ္ဓဆင်းတုတော်၊ ပုဂံခေတ်က ကြေးခေါင်းလောင်းကြီး၊ ရတနာပုံခေတ် ဒေါင်းပေါင်းပန်းပွလက်ရာ ဗျပ်ခွက်များ၊ ဆွမ်းတော်အုပ်များ၊ သံသပိတ်များ၊ သစ္ဆေးကိုင်ကြိမ်ပန်းထိုး သပိတ်ခြေ၊ ရွှေချ သားရိုးဖောင်းကြွ ပန်းပွတ်ဆွမ်းတော်အုပ်များ၊ ပုဂံခေတ်အိုးခြမ်းကွဲများ၊ ပုဂံခေတ်အုတ်များ၊ ဥဒေါင်းရုပ်ပါ ပုဂံခေတ်အုတ်၊ စတုပြယ္တ ဟု စာပါသော ပုဂံခေတ်အုတ်များ. . .

သူငယ်ချင်းတို့ ဤမျှဆိုလျှင် စလေရုပ်စုံကျောင်းတော်ကြီးနှင့် ဦးပုညပြတိုက်ကြီးအကြောင်း အတော်အတန် သိရှိလောက်ပြီ။

ရှေးခေတ်က အိုးခြမ်းပဲ့တစ်ခုသည် ရွှေထက်အဖိုးတန်သည် ဟူသော စကားရှိပါသည်။ ဤသို့ဆိုလျှင် ဤရုပ်စုံကျောင်းတော်ကြီးနှင့် စာဆိုတော်ကြီး ဦးပုညပြတိုက်အတွင်းရှိ ပစ္စည်းများသည် မည်မျှတန်ဖိုးရှိမည်နည်း။

သူငယ်ချင်းတို့ ချင့်ချိန်မိနိုင်ပြီ။ မြန်မာ့အနုသုခုမ ပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများကို လေ့လာသုတေသနပြုခြင်းဖြင့် ကျွန်တော်တို့ မြန်မာများသည် ယဉ်ကျေးမှုနယ်ပယ်တွင် အဆင့်



အတန်းမြင့်မားခဲ့ကြောင်း သိရှိနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် မြန်မာပြည်သား ဖြစ်ရသည်ကို အမြဲဂုဏ်ယူနေမိမည် ဖြစ်ပါသည်။

# ကမ္ဘာကြီးနှင့်အပြိုင်

ကျွန်တော်တို့ သူငယ်ချင်းတစ်စု ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များသို့ရောက်တိုင်း ကန်သာယာရှိ ရေကူးကန်သို့ သွား၍ ရေကူးလေ့ကျင့်ကြသည်။ ပြီးတော့ဘောလုံးကန်ကြသည်။ တစ်ခါတစ်ရံ သစ်ညိုကုန်းကျေးရွာတစ်လျှောက်ရှိ တောများဆီ လည်ပတ်ကာ ငှက်ပစ်ထွက်လေ့ရှိကြသည်။ ညနေချမ်းအခါ ပုသိမ် ဆိပ်ကမ်းတစ်လျှောက် လမ်းလျှောက်ခြင်း၊ မြစ်ကမ်းပါးတွင် ထိုင်ကာ ငဝန်မြစ်ထဲတွင် စုန်ဆန်သွားလာနေကြသော သင်္ဘောများ၊ လှေသမ္ဗာန်များကို ငေးကာ အပန်းဖြေခြင်း၊ လက်ဖက်ရည် ဆိုင်များတွင်ထိုင်ကာ အရေမရအဖတ်မရ စကားတွေပြောကာ အချိန်တွေကုန်ခဲ့ကြဖူးပါသည်။

ယခုအခါ ကျွန်တော်တို့ ပုသိမ်မြို့တော်ခန်းမကြီးနှင့်အတူ ဧရာဝတီစာကြည့်တိုက်ကြီး ပေါ်ပေါက်လာသောအခါ ကျွန်တော်တို့၏ အဖိုးတန်အချိန်များကို ဧရာဝတီစာကြည့်တိုက်အတွင်း မြှုပ်နှံကာ စာအုပ်စာတမ်းများ လေ့လာဖတ်ရှုခြင်းဖြင့် အချိန်များကို အကျိုးရှိရှိ အသုံးချတတ်လာပြီလည်း ဖြစ်ပါသည်။

ဧရာဝတီစာကြည့်တိုက်ကြီးကို ဧရာဝတီတိုင်းအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ် (နှစ်ဆယ့်ရှစ်ကုဋေ





လေးသိန်းသုံးသောင်း နှစ်ထောင့်နှစ်ရာခုနစ်ဆယ့်ရှစ်ကျပ်) အကုန် အကျခံကာ တည်ထောင်ထားခြင်းဖြစ်ကြောင်းသိရသည်။

ဤစာကြည့်တိုက်ကြီးသည် အဆင့်မြင့် E-Library အဖြစ် တည်ထောင်ထားလေရာ လူကြီးလူငယ်အားလုံးအတွက် ကွန်ပျူတာ ၁၅ လုံးတပ်ဆင်ထားပါသည်။ ဧရာဝတီစာကြည့်တိုက်ကြီးအတွင်း တွင် ကလေးလူငယ်များအတွက် အလွယ်တကူလေ့လာသင်ကြား နိုင်သော စီဒီများ၊ ကျောင်းသား/ကျောင်းသူများအတွက် ဘာသာရပ် ဆိုင်ရာလေ့လာသင်ကြားနိုင်သော Education C.D များ၊ တက္ကသိုလ် ကျောင်းသား/ကျောင်းသူများအတွက် လေ့လာ သင်ကြားနိုင်သော စွယ်စုံကျမ်းများ၊ ပြတိုက်များ၊ ဂန္ထဝင်စာအုပ်များ၊ မြေပုံများပါသည့် Reference CD များ၊ နိုင်ငံတကာ စီးပွားရေး ဆက်ဆံရေးနည်းလမ်းများ၊ နည်းဥပဒေများ၊ စာပေးစာယူ ရေးသား နိုင်သော Business CD များ၊ ဆေးပညာဘာသာရပ်ဆိုင်ရာ ကုထုံးများ၊ ဆေးဝါးအကြောင်းပါသည့် Medicial CD များ၊ အင်ဂျင်နီယာအီလက်ထရွန်းနစ် သိပ္ပံနည်းပညာဆိုင်ရာ ဘာသာ ရပ်များ၊ ဝါသနာအလိုက် အိမ်အလှပြင်ဆင်ခြင်း၊ ဥယျာဉ်စိုက်ပျိုး ပြုစုခြင်း၊ ကားပြင်ခြင်း၊ ဂီတာ စန္ဒရားတီးနည်း၊ ချက်ပြုတ်နည်း၊ အင်္ကျီဒီဇိုင်းများပါဝင်သည့် Hobby CD များ၊ တေးသီချင်း Music (Karaoke) CD များ၊ ဉာဏ်ရည် ဉာဏ်သွေးဖွံ့ဖြိုးတိုးတက်စေမည့် Sport နှင့် Game CD များ၊ စုစုပေါင်း CD ဓာတ်ပြား ခုနစ်ရာကျော် ရှိပါသည်။

ထပ်မံ၍ CD RoM များ ဝယ်ယူဖြည့်ဆည်းနေကြောင်းလည်း သိရပါသည်။ နောင်တွင် Computer Application Course သင်တန်းများပို့ချဦးမည်ဟု သိထားပါသည်။

ကျွန်တော်တို့ ဧရာဝတီစာကြည့်တိုက်တွင် သုတေသနစာအုပ်ပေါင်း ၄၅၀၀ ကျော်ရှိပြီး၊ ရည်ညွှန်းစာအုပ်များ၊ နေ့စဉ်ထုတ်သတင်းစာများ (အင်္ဂလိပ်+မြန်မာ) လစဉ်ထုတ်မဂ္ဂဇင်း ၂၅ မျိုး၊ ဂျာနယ် ၂၀ ကျော်၊ Asia Week, News Week, Time နှင့် Business Week နိုင်ငံခြားမဂ္ဂဇင်း၊ မြန်မာတိုင်းမဂ္ဂဇင်းများထားရှိသည်ကို တွေ့ မြင်ဖတ်ရှုနေရပါသည်။

အဆိုပါစာအုပ်များထဲတွင် World Book 1994 စွယ်စုံကျမ်းတစ်စုံတည်းပင် မြန်မာငွေကျပ် ၁၄ သိန်းတန်ဖိုးရှိကြောင်း သိရပါသည်။

ဧရာဝတီတိုင်းစာကြည့်တိုက်ကြီးကို ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ယခင်ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဗိုလ်ချုပ်သူရရွှေမန်းအမှူးထားပြီး ဧရာဝတီတိုင်းစာကြည့်တိုက်အသင်းဝင်ခြင်း အခမ်းအနားပြုလုပ်ကျင်းပခဲ့ပါသည်။ ထိုနေ့က ပုသိမ်မြို့သူ/မြို့သားသုံးထောင်ကျော် တက်ရောက်ခဲ့ပြီး ထိုနေ့တွင်ပင် ဦးရေနှစ်ရာ အသင်းဝင်ခဲ့ပါသည်။ ယခုအခါ ကျွန်တော်တို့အပါအဝင် အသင်းဝင် ၅၇၀၀ ခန့်အသင်းဝင်ပြီး ဖြစ်နေကြပါပြီ။

ကျွန်တော်တို့ ဧရာဝတီစာကြည့်တိုက်အသင်းဝင်နှုန်းမှာ နှစ်စဉ် ကြေး ၆၀၀ ကျပ် ဖြစ်ပါသည်။ E-Library အသင်းဝင်လိုကြသူ များ လစဉ်ကြေး ၅၀၀ ကျပ်နှုန်းဖြစ်ပါသည်။ Internet Bagan



Cybertech အသင်းဝင်လိုသူများ လစဉ်ကြေး ၁၀၀၀ ကျပ်ဖြစ်ပါသည်။

ကျွန်တော်တို့သူငယ်ချင်းများသည် Computer များအသုံးပြု၍ E-Book များဖတ်ခြင်း၊ CD RoM များအသုံးပြုလေ့လာခြင်း၊ Philips (48) လက်မ TV အဆက်မပြတ်ထုတ်လွှင့်လျက်ရှိသော ဆက်သွယ်ရေးဂြိုဟ်တုမှသတင်းများ၊ ရုပ်သံအစီအစဉ်များကို ကြည့်ရှုခံစားနိုင်ကြပြီလည်း ဖြစ်ပါသည်။

ကျွန်တော်တို့ ဧရာဝတီစာကြည့်တိုက်ကြီးကို ၂၀၀၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့ ၁၃း၄၅ နာရီအချိန်တွင် ဖွင့်လှစ်ပေးခဲ့ပါသည်။

♦ ♦ ♦

ကျွန်တော်နှင့် မောင်သီဟတို့သည် ပုသိမ်မြို့ ကုန်သည်လမ်းကြီးအတိုင်း စက်ဘီးများစီးလျက် ဧရာဝတီစာကြည့်တိုက်ရှိရာသို့ ထွက်ခွာလာခဲ့ကြပါသည်။ ပုသိမ်ရွှေမုဋ္ဌောစေတီတော်ကြီးအနီး ရောက်သောအခါ ညီဝင်းနှင့် လှသိန်းတို့က လက်ဖက်ရည်ဆိုင်အတွင်းမှ လှမ်းခေါ်ပါသည်။

ကျွန်တော်တို့နှစ်ယောက်လည်း လမ်းဘေးပလက်ဖောင်းတွင် စက်ဘီးကိုသော့ခတ်ကာ ဆိုင်တွင်းသို့ဝင်ခဲ့ကြပါသည်။ ဆိုင်တွင်းတွင် ဆူညံစွာ စီဒီအိုကေဆိုသူများကြောင့် စကားပင်ကောင်းစွာပြော၍မကြားကြရပါ။ ညီဝင်းက စီးကရက်ဖွာရှိုက်ရင်း . . .

"ဘာသောက်မလဲ . . . မှာလေကွာ" ဟုဆိုလေသည်။

ကျွန်တော်က "ချိုဆိမ့်နှစ်ခွက်" ဟုမှာလိုက်သည်။

"မင်းတို့နှစ်ယောက်က ဘယ်သွားမလို့လဲ. . . "

"တို့ရောဝတီစာကြည့်တိုက် သွားမလို့ကွ . . ."

ဟု ဆိုလိုက်သောအခါ သူတို့က ပြုံးကြသည်။

"ကျောင်းမှာလည်းစာ၊ ကျူရှင်မှာလည်းစာ၊ ကျောင်းပြင်ပမှာလည်းစာဆိုတော့ မင်းတို့က မလွန်လွန်းဘူးလားကွ၊ ဘာလဲ . . . မင်းတို့က ဂုဏ်ထူးတွေ တသီတတန်းကြီးနဲ့ အမှတ်အများဆုံးဆယ်ဦးစာရင်းဝင်ချင်ကြလို့လား . . . ဟား . . . ဟား. . ."

ဟုဆိုကာ လှောင်ပြောင်လိုက်ကြသည်ကို ကျွန်တော်တို့ပြုံးနေလိုက်မိကြသည်။

"အချိန်ဆိုတာ သိပ်တန်ဖိုးရှိတယ်သူငယ်ချင်း၊ အဖိုးတန်တဲ့အချိန်တွေ တို့အလကားမဖြုန်းပစ်ချင်ဘူး။ ကနေ့ငါတို့ရရှိနေတဲ့အချိန်လေးဟာ နောင်ပြန်မရနိုင်တော့ဘူး . . ."

"ဟဲ . . . ဟဲ ခုတွေ့လိုက်ရတဲ့ ငဝန်မြစ်ထဲကရေဟာ ခုနတွေ့လိုက်ရတဲ့ ငဝန်မြစ်ရေမဟုတ်တော့ဘူးပေါ့ . . ."

ဟုဆိုကာ ရယ်မောလိုက်ကြသည်။

"ဒီမှာ မောင်ညိုဝင်း၊ တခြားမြို့ကြီးတချို့မှာတောင် တို့ရောဝတီစာကြည့်တိုက်မျိုး အဆင့်မြင့် E-Library တွေရှိကြသေးတာမဟုတ်ဘူး၊ တချို့မြို့ငယ်လေးတွေဆိုရင် သာမန်စာကြည့်တိုက်တောင်ရှိကြတာမဟုတ်ဘူး။ တချို့မြို့ရွာတွေမှာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးစာကြည့်တိုက်လောက်သာ ရှိကြသေးတာ။ တို့တွေ ဘယ်လောက်ကံကောင်းကြသလဲ၊ ဒီအခွင့်အရေးမျိုးကို မင်းတို့လက်လွတ်ဆုံးရှုံးခံကြမယ်ဆိုရင် မင်းတို့လောက်မိုက်တဲ့ဗာလတွေမရှိကြတော့ဘူးလို့ မှတ်လိုက်ကြပေတော့ကွာ " ဟုဆိုလိုက်သောအခါ လှသိန်းက လက်ဖက်ရည်တစ်ခွက်မော့သောက်လိုက်ရင်း. .။



"အမြဲတမ်းစာအုပ်တွေ၊ ကွန်ပျူတာတွေနဲ့ တို့ဦးနှောက်ကိုမောမနေစေချင်ဘူးကွာ။ ခုလို အအားရတဲ့အချိန်တွေမှာ ဦးနှောက်ကိုအနားပေးချင်တယ်။ ပျော်ပျော်ပါးပါးသီချင်းတွေဆိုကြ။ ကကြနဲ့စိတ်ကိုလန်းဆန်းစေချင်တယ် . . ."

ဟုဆိုကာ စီးကရက်ကို မီးညှိဖွာရှိုက်လိုက်ပြန်သည်။

"ဒါ လူပျင်းတွေ၊ လုံ့လမရှိသူတွေပြောတဲ့စကားပါ လှသိန်း၊ မင်းတို့ဟာ ခုပဲကြည့် လက်ဖက်ရည်ဆိုင်ထိုင်မယ်၊ သီချင်းဆိုမယ်၊ စီးကရက်သောက်မယ်၊ ပြီးတော့ ဘိန်းဖြူတွေသာ လွယ်လွယ်ကူကူရရင် စိတ်ကိုအနားပေးပြီး ဦးနှောက်ကိုဆေးမယ်ဆိုပြီး စမ်းသပ်ကြဦးမှာမဟုတ်လား၊ မူးယစ်အစဆေးလိပ်ကတဲ့ မဟုတ်လား. . ."

ဟု သီဟကပြောလိုက်သောအခါ ညိုဝင်းကပြုံးသည်။

"ဒီနေ့လူငယ်တွေဟာ အခွင့်အရေးတွေ အသာစီးရနေတဲ့အချိန်ကွ၊ တို့တွေ အမီမလိုက်နိုင်ရင် ကျန်ခဲ့မှာပဲ။ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်သုံးဆယ်လောက်က တို့ပုသိမ်သားလူငယ်တွေနဲ့ ကနေ့နှစ်ဆယ့်တစ်ရာစု တို့ပုသိမ်လူငယ်တွေမတူကြတော့ဘူး။ တို့မှာအခွင့်အလမ်းတွေ အများကြီးရှိနေတယ်။ ဒီအခွင့်အရေးတွေကိုတို့လက်လွှတ်အဆုံးရှုံးခံကြရင် တို့ကျန်ခဲ့မှာပဲ။ ကမ္ဘာကြီးဟာသိပ်ပြီးတိုးတက်နေတယ်။ တို့တွေ အမီလိုက်ကြဖို့လိုတယ်သူငယ်ချင်း. ."

"ဘာလဲ မင်းတို့က လက်ဖက်ရည်ဆိုင်ထိုင်၊ အရက်ဆိုင်တွေမှာပဲ ဘဝကိုနစ်မွန်းပျက်စီးခံနေကြမှာလား၊ ကျားထိုး၊ ဖဲယ်တောက်မျောက်ပန်းလှန်နေကြမယ့်ခေတ်မဟုတ်တော့ဘူးကွ။ တို့တွေ

Internet ကွန်ရက်တွေနဲ့ ကမ္ဘာကြီးနဲ့ဆက်သွယ်ပြီး လေ့လာစူးစမ်း သုတေသနပြုရမယ့် ခေတ်ရောက်နေပြီ . . .”

ကျွန်တော့်စကားကြောင့် မောင်ညိုဝင်းနဲ့ လှသိန်းတို့ငြိမ်သွားကြသည်။

“သိန်းပေါင်းနှစ်ဆယ့်ရှစ်ကုဋေကျော် ရင်းနှီးမြှုပ်နှံပေးထားတဲ့ ရောဝတီစာကြည့်တိုက်ကြီးရဲ့မျက်နှာကို မင်းတို့မထောက်ဘူးလား၊ ရောဝတီစာကြည့်တိုက်ကြီးဟာ ပုသိမ်သား လူငယ်လူကြီးတွေရဲ့ ဘဝအလင်းရောင်ကွ”

ဟုဆိုကာ ကျွန်တော်တို့က လက်ဖက်ရည်ဆိုင်မှထွက်မည်အပြု ညိုဝင်းနှင့်လှသိန်းတို့ကလည်း ပြိုင်တူနေရာမှထလိုက်ကြသည်။

“အလကားနောက်တာပါကွာ၊ တို့ပုသိမ်မြို့ရဲ့ ကျက်သရေဆောင်သာ မဟုတ်ပါဘူး။ ရောဝတီတိုင်းတစ်ခုလုံးရဲ့ကျက်သရေဆောင်၊ ပြီးတော့ မြန်မာနိုင်ငံရဲ့ကျက်သရေဆောင်၊ ရောဝတီစာကြည့်တိုက်ကြီးကို သွားပြီးမလေ့လာရင် မိုက်ရာကျမှာပေါ့ကွာ၊ တို့လည်းအသင်းဝင်သူတွေပါကွ၊ လာသွားကြမယ် . . .”

ဟုဆိုကာ ညိုဝင်းနှင့်လှသိန်းတို့ကလည်း သူတို့စက်ဘီးများဆီ လျှောက်သွားပြီး သော့ဖွင့်လိုက်ကြသည်။ ပြီးတော့ ကျွန်တော်တို့ လူငယ်လေးများ ကမ်းနားလမ်းရှိ ရောဝတီစာကြည့်တိုက်ကြီးဆီ စက်ဘီးကို မှန်မှန်နင်းခဲ့ကြသည်။



ရောဝတီစာကြည့်တိုက်ကြီး၏ အောက်ထပ်မှာရော အထက်ထပ်မှာပါ ပညာလိုလားလေ့လာနေကြသူ လူငယ်ထုအများကို ကျွန်တော်တို့ တွေ့လိုက်ကြရသည်။

သူတို့အားလုံးသည် တိုးတက်နေသောကမ္ဘာကြီးကို အမီလိုက်နေကြသူများပင် မဟုတ်ပါလား . . .။

# ရွှေပုံတောင်စေတီရင်းဝယ်

တစ်ခုသော တနင်္ဂနွေကျောင်းပိတ်ရက် နံနက် ၈ နာရီအချိန်ခန့်တွင် ကျွန်တော်တို့ ရွှေပုံတောင်ဘုရားဆီသို့ ဦးတည်ပြီး စက်ဘီးများနင်းကာ ထွက်ခွာလာခဲ့ကြပါသည်။ ကျွန်တော်တို့စီးနင်းလာရာဝဲယာ နှစ်ဖက်တွင် ရေနံတွင်းများ၊ ရေနံသိုလှောင်ကန်များကို တွေ့မြင်ခဲ့ကြရပါသည်။

အချို့ရေနံတွင်းပျက်များ၊ ရေနံသိုလှောင်ကန်ပျက်များကိုလည်း တွေ့မြင်နိုင်ပါသည်။ ရွှေပုံတောင်ဘုရားသည် ဧရာဝတီမြစ်ကမ်းတွင်ရှိပြီး ချောက်မြို့နှင့် လေးမိုင်ခန့်တွင် ကွာဝေးပါသည်။

ယခုအခါ မကွေးတိုင်းအတွင်း အပူပိုင်းစိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ၊ စိုက်ကွင်းများကို ပြုစုထားလေရာ လမ်းဘေးဝဲယာတစ်ကြောတွင် တမာပင်တန်းများ၊ ယူကလစ်ပင်တန်းများ၊ ထနောင်း၊ မန်ကျည်း၊ မယ်ဇလီပင်တောများဖြင့် စိမ်းလန်းစိုပြည်လျက် ရှိနေပြီကို တွေ့မြင်ကြည်နူးမိပါသည်။

ရွှေပုံတောင်ကြီး စိမ်းလန်းစိုပြည်ရေးအတွက် သစ်တော ဦးစီးဌာနမှ တမာစိုက်ခင်းများ၊ မယ်ဇလီပင်စိုက်ခင်းများကို စနစ်တကျစီမံစိုက်ပျိုးထားရာ နောက်လေးငါးနှစ်အတွင်း ရွှေပုံတောင်ကြီးတစ်ခုလုံး စိမ်းလန်းဝေဆာတော့မည်လည်း ဖြစ်ပါသည်။





ကျွန်တော်တို့တစ်ခု ရွှေပုံတောင်ဘုရားရင်ပြင်တွင် နားခိုကာဘုရားအား ဦးချကန်တော့ပြီး အမောဖြေလိုက်ကြပါသည်။

"ချောက်မြို့ရဲ့သမိုင်းသိလား. . ."

ကျော်ဝင်း၏စကားကြောင့် သက်အောင်နှင့် ဝင်းမောင်တို့က ပြုံးလိုက်ကြသည်။

"တို့ချောက်မြို့ဟာ သက္ကရာဇ် ၈၀၀ ကျော်လောက်က ဘုမ္မရာဇာလို့ခေါ်တဲ့ ရွာစုလေးသာ ဖြစ်ခဲ့သေးတာကွ၊ မြန်မာပြည်ကြီးကို အင်္ဂလိပ်တွေ သိမ်းပြီးတဲ့နောက် ဘီအိုစီရေနံကုမ္ပဏီကရေနံချောင်းမှာ စပြီး ရေနံတူးကြတယ်၊ အဲဒီနောက် ၁၉၀၀ ပြည့်နှစ်လောက်မှာ ရှေးက စဥ့်ကူးရေနံမြေလို့ခေါ်တဲ့ တို့ချောက်မြို့ရောက်လာပြီး ခုတို့ရောက်နေတဲ့ ရွှေပုံတောင်ဘုရားတောင်ခြေရင်းလမ်းရဲ့ ဝဲဘက်မှာ ပထမဆုံး ရေနံတွင်းကို စတင်တူးရာက ရေနံတွေထွက်လို့ ရေနံလုပ်သားတွေ မြို့အသီးသီးက ရောက်ရှိလာရာကစည်ကားလာပြီး ချောက်ကြိုချောက်ကြား မြစ်ကမ်းနားမှာ မြို့တည်နေတာကြောင့် ဘုမ္မရာဇာလို့ မခေါ်တော့ဘဲ ချောက်မြို့လို့ ခေါ်ခဲ့တာကွ" ဟု ဝင်းမောင်က ဆိုလိုက်သောအခါ ကျော်ဝင်းသည်ပြုံးလျက် ဧရာဝတီမြစ်ကြီးဆီငေးမောနေလိုက်လေသည်။

"ဒါဖြင့် ဒီရွှေပုံတောင်စေတီကြီးကို ဘယ်သူတည်ထားတာလဲ၊ မင်းတို့ သိကြလား။ ပြီးတော့ ဘာ့ကြောင့် တည်ထားတာလဲ. . ."

ကျော်ဝင်း၏မေးခွန်းကို သက်အောင်ကဖြေပါသည်။

"ငါ. . ချောက်မြို့သားပါကွာ၊ ချောက်မြို့သားဆိုတာ ချောက်မြို့မှာရှိတဲ့ ဘုရားတွေရဲ့သမိုင်းလောက်တော့ သိထားပါသေးတယ်၊ အဟမ်း. . ."

ဟု ဆိုကာ ကျော်ဝင်းအား ပြုံး၍ကြည့်လိုက်ရာ ကျော်ဝင်းကလည်း ပြုံးပြီး. . .

"ကဲ-မင်းသိရင်ပြောလေကွာ၊ အလကား ဝါကြွားမနေပါနဲ့"

ဟု ဆိုလေသည်။ ကျွန်တော်တို့ သူငယ်ချင်းတစ်စု၏စကားကို စိတ်ဝင်စားကြသဖြင့် ဘုရားဖူးလာသူအချို့က နားစွင့်လျက်ရှိကြပါသည်။

"ဒီလိုကွ၊ သက္ကရာဇ် ၈၆၃ ခုနှစ်မှာ နရပတိစည်သူမင်းကြီးဟာ အင်းဝမှာ နန်းစံတော်မူခဲ့တယ်တဲ့၊ အဲဒီဘုရင်ကို ရွှေနန်းကြော့ရှင်လို့လည်း သမိုင်းမှာ ခေါ်ဆိုမှတ်တမ်းတင်ခဲ့ကြတယ်မဟုတ်လား။ အဲဒီအချိန်က နိုင်ငံရေးအခြေအနေမတည်ငြိမ်ဘူး။ မိုးညှင်း၊ ပြည်၊ တောင်ငူမြို့စားနယ်စားတွေကလည်း နရပတိစည်သူမင်းကြီးကို ထောင်ထားခြားနားနေတဲ့ အချိန်ပေ့ါ။ သက္ကရာဇ် ၈၆၇ ခုနှစ်မှာတော့ ယင်းတော် သျှစ်ရှားလို့ခေါ်တဲ့ မိတ္ထီလာမြို့စားမင်း တုံးတာနဲ့ မင်းပြည့်ဝတို့ဟာ တောင်ငူမင်း ပြည်မင်းတို့နဲ့ ပူးပေါင်းပြီး စလေမြို့ကို အလုံးအရင်းနဲ့ ချီတက်တိုက်ခိုက်ကြသတဲ့။ အဲဒီအခါမှာ ရွှေနန်းကျော့ရှင် ဘုရင်နရပတိစည်သူဟာ ကုန်းဘောင်သီပေါစော်ဘွားခွန်မှိုင်းနဲ့ ပူးပေါင်းပြီး ပြန်လည်တိုက်ခိုက်သတဲ့။ စလေမြို့ပုံတောင်အရပ်မှာ စစ်ကြီးကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့တယ်လို့ သိရတယ်။ အဲဒီတိုက်ပွဲမှာ ရန်သူတွေဟာ အထိအခိုက် အကျအဆုံးများစွာနဲ့ ကစဥ့်ကလျားပြေးခဲ့ကြရတယ်လို့ သိရတယ်။ အဲဒီလိုရန်သူတွေ အတော်များများ အသက်ဆုံးရှုံးကြတာကို တွေ့မြင်ရတဲ့အခါ ရွှေနန်းကြော့ရှင်မင်းကြီးဟာ များစွာ သနားကရုဏာသက်တော်မူခဲ့ပြီး စစ်ဆိုတာကြောက်စရာကောင်းလှပါတကား၊



ရွံစရာကောင်းလှပါတကား၊ မုန်းစရာကောင်းလှပါတကားလို့ ဆိုပြီး သံဝေဂရခဲ့တယ်။ အဲဒီလိုပဲ ပြည်သူပြည်သားများလည်း စစ်ကို ရွံမုန်းကြောက်လန့် သံဝေဂရစေရန်အတွက် ရည်ရွယ်ပြီး ရွှေပုံတောင်စေတီကြီးကို တည်ထားကိုးကွယ်ခဲ့တယ်လို့ သိရပါတယ် မောင်ကျော်ဝင်း. . ."

ဟု နောက်လိုက်ရာ ဘုရားဖူးများပါ စေတီတော်ကြီး၏သမိုင်းကို သိလိုက်ကြရသဖြင့် အထူးကျေနပ်အားရသွားကြလေသည်။

"ငါ့သားလေးတို့က ဒီချောက်မြို့သားတွေနော်၊ လေ့လာမှတ်သားမှုကောင်းကြပါပေတယ်။ သာဓု. . . သာဓု. . . သာဓု. ."

ဟု အဘွားအိုတစ်ဦးက ကောင်းချီးများပင် ပေးနေလေသည်။

"ကဲ. . ကဲ. . ငါ ကဗျာလေးတစ်ပုဒ် ရွတ်ပြမယ်။ ပြီးတော့ မင်းတို့ကို မေးခွန်းမေးမယ်. ."

ဟု ကျော်ဝင်းက ဆိုပြန်ရာ သက်အောင်နှင့် ဝင်းမောင်တို့က. .

"ဆိုလေကွာ၊ တို့နားထောင်ကြည့်သေးတာပေ့ါ. ."

ဟု ပြိုင်တူပြောလေရာ ကျော်ဝင်းက ကဗျာတစ်ပုဒ်ကို ရွတ်လေ၏။

"ကုန်းလည်းကိုးတန်၊ တောင်ရံခုနစ်ထွေ၊ ရေမှော်စတု၊ ဥဒေါင်း မက္ကဋ္ဌ၊ သုဝဏ္ဏလေဂူလာ၊ နဂါးမှိုင်းကျောက်မှာလည်း၊ အံ့အဲ၍ မပြီး၊ ကျောက်ကွမ်းသီး၊ ကျောက်ကျက်တက်၊ အဖြိုက်နက် ကျောက်နဂါး၊ ကျောက်ဖား၊ ကျောက်လိပ်ရပ်၊ ကျောက် ကျောက်ချဉ်၊ ကျောက်ပင်ကျောက်ခတ်၊ ကျောက်ရွက်ကျောက်ပန်း၊

ဗဟန်းဖြူ ဗဟန်းဝါ၊ ကျောက်ကြိုးကြာ၊ ကျောက်ပြဒါး၊ ကျောက်ယောက်သွား၊ ကျောက်ခရု၊ အစုစုထွေ၊ ရေသယံ၊ ကုန်းသယံ၊ ဖိုးဦးသံနှင့် ချသံအမျိုးမျိုး၊ ဖိုထိုးတဲ့ဇော်ဂျီ၊ တပသီတို့ ပျော်နေသည့်ဌာန၊ ရွှေပုံတောင် ပဗ္ဗတ ဟူ၍. . . ” ဆိုတဲ့အတိုင်း ရွှေပုံတောင်မြေတကြောမှာ ကျောက်အမျိုးမျိုး၊ သံအထွေထွေပေါ်များကြွယ်ဝတယ်တဲ့ ဟုတ်လား၊ ငါ မေးချင်တာက သိပ်တော့ မခက်ပါဘူး၊ ကဗျာထဲမှာပါတဲ့ ကုန်းလည်းကိုးတန်၊ တောင်ရံ ခုနစ်ထွေ၊ ရေမှော်စတုဆိုတဲ့ သုံးခွန်းသော မေးခွန်းကိုပဲ မေးမှာပါ။ မင်းတို့ ဖျားမသွားကြပါနဲ့ဦး။ ကဲ. . ဘယ်သူဖြေမလဲ. . ”

ဟု ကျော်ဝင်းက ဆိုလိုက်သောအခါ ဝင်းမောင်ကပြုံးပြီး. .

“ဒါလေးများ. . ”

ဟုဆိုလိုက်ရာ ဘုရားဖူးလာပရိသတ်များသည် ဝင်းမောင်အား စူးရှတောက်ပြောင်သော မျက်လုံးများဖြင့် ကြည့်ကာ စိတ်ဝင်စားနေကြလေသည်။ ဝင်းမောင်က ဘုရားဖူးလာမိဘများထံ ပြုံးပြီးကြည့်လိုက်ကာ. .

“ဒါက. . ရွှေပုံတောင်ဘုရားဝန်းကျင်က ထူးဆန်းအံ့သြဖွယ် ကုန်းကိုးကုန်း၊ တောင်ခုနစ်လုံး၊ ရေမှော်လေးခုတို့ကို အဖြေခိုင်းတာပါ အစီးတို့ရဲ့ မခက်ပါဘူး။ ဒါ စာထဲမှာ ရှိပါတယ်။ ရွှေပုံတောင်ဘုရားသမိုင်းစာအုပ်ထဲမှာလည်း ပါ,ပါတယ်။ ကုန်း,ကိုးကုန်းဆိုတာ- တုံးတာကုန်း၊ လှည်းပွဲကြီးကုန်း၊ ခဲမကြီးကုန်း၊ သံဆိုကုန်း။ တမာကုန်း၊ လေပွေကုန်း၊ ဟင်းခွက်ကုန်း၊ မြေပလ္လင်ကုန်း၊ ဆင်တက်ကုန်းတွေကိုပြောတာပါ။ တောင်ခုနစ်လုံးက- နွားလည်တောင်၊ သလူတောင်၊ နတ်တောင်၊ မြင်ဗာဟုတောင်၊ ကြေးဖြူ



တောင်၊ တောင်သကြင်၊ နွားထားတောင်ဆိုပြီး အမည်ရှိတဲ့တောင်ခုနစ်လုံးကို ပြောတာပါ။ ရေမှော်လေးခုကတော့- ကျောက်အင်းမှော်၊ မထုတ်မှော်၊ ဘီလူးမမှော်၊ ရှားပင်မှော်တို့ကို ပြောတာပါ”

ဟူ၍ ဝင်းမောင်က ရှင်းလင်းလိုက်သောအခါ ဘုရားဖူးလာပရိသတ်အများက-

“သာဓု. . . သာဓု. . . သာဓု”

ဟူ၍ ကောင်းချီးပေးလိုက်ကြသောအခါ ကျော်ဝင်းသည် သက်အောင်နှင့် ဝင်းမောင်တို့အား မကျေနပ်သော အမူအရာနှင့် ကြည့်နေလေသည်။ ထို့နောက် ကျော်ဝင်းက မေးခွန်းတစ်ခုကို ကောက်ကာငင်ကာ ထုတ်လိုက်ပြန်သည်။

“ဒီရွှေပုံတောင်မှာ ရသေ့ကြီးတစ်ပါး နေခဲ့ဖူးတယ်၊ အဲဒီရသေ့ကြီးကိုကော သိကြလား. . . ”

သက်အောင်က ဖြေဖို့အသင့်ဖြစ်နေသည်။

“ငါ ဖြေမယ် ကျော်ဝင်း”

ဟု သက်အောင်က ဆိုလေရာ ကျော်ဝင်းက-

“ဖြေလေကွာ. . . ”

ဟု ဆိုလိုက်သည်။ ဤအခါ သက်အောင်က-

“ရှေးက ဒီရွှေပုံတောင်စေတီမှာ က္ကသိက္ကန္ဒရသေ့ကြီး နေခဲ့ဖူးတယ်။ ရသေ့ကြီးဟာ အဂ္ဂိရ အတတ်ကို ကောင်းစွာ တတ်ကျွမ်းပြီး ရွှေဖြစ်အောင်၊ ငွေဖြစ်အောင်လုပ်နိုင်သတဲ့၊ အဲဒီရသေ့ကြီးဟာ နောင်လာနောက်သားတွေ အကျိုးရှိစွာ အလှူဒါနပြုလုပ်နိုင်ဖို့ ပေပင်ကြီးအောက်မှာ ရွှေငွေရတနာတွေ မြှုပ်နှံထားခဲ့တယ်။ ပေပင်တွေ့သူဟာ ရွှေငွေရတနာတွေကို တူးဖော်ယူပြီး အလှူကြီးပေးလှူနိုင်မှာ ဖြစ်တယ်ကွ. . . ”

ကျော်ဝင်း၏ မေးခွန်းကို သက်အောင်က ပြည့်စုံစွာ ဖြေလိုက်သောအခါ ကျော်ဝင်းမှာ မချိသွားဖြဲ ရယ်ကျဲကျဲလေး ဖြစ်နေသည်ကို ဘုရားဖူးလာ မိဘများက ပြုံးပြီးကြည့်ကြကာ-

“ဒါဆို တို့လည်း ပေပင်အရှာထွက်ဦးမှ၊ ရွှေပုံတောင်တစ်ခွင်မှာ အလှူကြီးလှူနိုင်ဖို့ ဣသိက္ကန္ဒရသေ့ကြီးမြှုပ်နှံထားတဲ့ ရွှေငွေရတနာတွေ ရှာကြရအောင်လား. . ”

ဟု ပြုံးရယ်ကာ ပြောဆိုကြရင်း ရွှေပုံတောင်စေတီမြတ်ကို ကန်တော့ကြကာ ရွှေပုံတောင်ဘုရားရင်ပြင်တော်မှ ဆင်းသွားကြလေတော့သည်။

ကျွန်တော်တို့ သူငယ်ချင်းသုံးယောက်မှာလည်း ဧရာဝတီမြစ်ကြီး၏တစ်ဖက်ကမ်းမှ ဆိပ်ဖြူမြို့၊ ဝါဇီစက်ရုံ၊ လမ်းရွာများဆီသို့ ငေးမောကြည့်ရှုကာ အတွေးနယ်ချဲ့နေမိကြပါတော့သတည်း။

c c c c c c

# အမွေ

ကျွန်တော်မောင်ထူးပါ။ ပင်းတယသား ဖြစ်ပါသည်။ ပင်းတယဟူသော အမည်မှာ ပင့်ကူရသော အမည်မှ ဆင်းသက်လာသည်ဟု ကုမ္ဘာဘယဇာတ်က ဆိုပါသည်။

ကျွန်တော်ပြောလိုသည်မှာ ပင်းတယမြို့သမိုင်းမဟုတ်ပါ။ ကျွန်တော်တို့ ပင်းတယမြို့နေ ဓနုအမျိုးသားများ၏ စက္ကူလုပ်ငန်းနှင့် ပင်းတယထီးလုပ်ငန်းအကြောင်း ဖြစ်ပါသည်။

ယင်းတယမြို့တွင် စက္ကူလုပ်ငန်းနှင့် ထီးလုပ်ငန်းကို ဦးဆောင်ခဲ့သူများအနက် ကျွန်တော့အဘိုး ဦးအုန်းခိုင်လည်း တစ်ဦးအပါအဝင်ဖြစ်ပါသည်။ ပင်းတယ ငှက်ပျောတောထီးဆိုလျှင် လူတိုင်းသိကြပါသည်။ ပင်းတယတွင် စက္ကူလုပ်ငန်း၊ ထီးလုပ်ငန်းအပြင် ဝါးခမောက်လုပ်ငန်းကိုလည်း အိမ်တွင်းလက်မှုပညာအဖြစ် လုပ်ကိုင်လျက်ရှိကြပါသည်။

ဝါးခမောက်လုပ်ငန်းကိုတော့ ကျွန်တော်တို့ ငှက်ပျောတောရပ်ကွက်တွင် မလုပ်ကြပါ။ ဝါးခမောက်အပြင် ဝါးဓားအိမ်၊ အခါးခြောက်စစ်ကိရိယာများကို သရက်ကုန်းကျေးရွာတွင် လုပ်ကိုင်ကြပါသည်။

ဝါးခမောက်ကို ပင်းတယခမောက်ဟူ၍လည်း ခေါ်ပါသည်။ ရှမ်းပြည်မြောက်ပိုင်း မိုင်းနောင်ရွာမှ ထွက်သည့် မိုင်းနောင်ခမောက်လေးများလောက် ဈေးမကြီးပါ။ ထို့ကြောင့် တောင်သူလယ်သမား အများ ဈေးချိုချိုဖြင့် အသုံးပြုနိုင်ကြပါသည်။ ခမောက်တွင် ပန်းလှလှလေးများကို နှီးဖြင့် ရက်ကာ ပုံဖော်ထားသဖြင့် တင့်တယ်လှပနေပါသည်။

ကျွန်တော်စကားပြောလောသဖြင့် စက္ကူလုပ်ငန်းအကြောင်း ပြောမည်ဟု စကားစပြီး ခမောက်အကြောင်းရောက်သွားပါသည်။ ခွင့်လွှတ်ကြပါ။ ကျွန်တော့ရင်ထဲမှာ ပင်းတယလက်မှုပညာ၊ ဓနုအမျိုးသားများ၏လက်မှုပညာနှင့် ပတ်သက်ပြီး ပြောချင်တာတွေက များလွန်းနေသဖြင့် စကားလမ်းကြောင်းလွဲသွားရခြင်း ဖြစ်ပါသည်။ ဆက်၍ပြောပါမည်။ စက္ကူလုပ်၍ရသော စက္ကူပင်ဟူ၍ ကျွန်တော်တို့ ပင်းတယမြို့နယ်တစ်ဝိုက်တွင် သီးသန့်ရှိပါသည်။ စက္ကူပင်သည် အပင်ကြီးမျိုးဖြစ်ပါသည်။ ပြီးတော့ တောထဲတွင် အလေ့ကျပေါက်သောအပင်လည်း ဖြစ်ပါသည်။ စက္ကူပင်မှ အရွက်များသည် နွေအခါ ကြွေကျကြပါသည်။ စက္ကူပင်မှ အရွက်များ ကြွေချိန်တွင် အဆိုပါစက္ကူပင်၏အခေါက်များကို ခွာကြပါသည်။ စက္ကူပင်မှ အကိုင်းများကို ခုတ်ပြီး အခေါက်ကို ခွာယူလေ့ရှိပါသည်။

ထိုသို့ စက္ကူပင်မှရသော အခေါက်တစ်ပိဿာကို မီးဖိုပြာတစ်ပိဿာဖြင့် သံဒယ်အိုးကြီးများတွင် ရေနှင့်ရောကာ ပြုတ်ကြရပါသည်။ ပြုတ်ချိန်မှာ ၈ နာရီခန့် ဖြစ်ပါသည်။ စက္ကူခေါက်တစ်ပိဿာနှင့် မီးဖိုပြာတစ်ပိဿာ ဆိုသည်မှာ အချိုးကိုပြောခြင်း ဖြစ်ပါသည်။ စက္ကူပင်ခေါက် ၅ ပိဿာ ပြုတ်မည်ဆိုပါလျှင် မီးဖို



ပြာ ငါးပိဿာနှင့်ရောစပ်ကာ သံဒယ်အိုးကြီးများတွင်ထည့်ကာ ရေဖြင့်ရော၊ အောက်မှ မီးအပူပေးကာ ရှစ်နာရီကြာအောင် ပြုတ်ကြရပါသည်။

မီးအပူ ရှစ်နာရီကြာအောင်ပေးပြီးသော် အခေါက်ဖတ်များကို ရေအေးနှင့် ဆေးကြောပြီး သစ်သားတုံးကြီးတစ်ခုပေါ်တွင် အနည်းငယ်စီပုံကာ သစ်သားတူနှစ်လက်ဖြင့် ကျေညက်အောင် ထုရပါသည်။ ထုပြီးကျေညက်နေသော အခေါက်ဖတ်များကို မြေအိုးတစ်ခုတွင် ပြည်လည်ထည့်ကာ ဝါးဒလက်ဖြင့် မွှေရပါသည်။

ထိုသို့မွှေပြီး စက္ကူခေါက်ဖတ်များကို "ထင်"ဟု ခေါ်သော ပိတ်ပျဉ်စကို သုံးပေပတ်လည်ဝါးဖြင့် ကွပ်ထားသည့် ဝါးဘောင်ကွပ်ကိရိယာပေါ်သို့ လောင်းထည့်လိုက်ရပါသည်။ ဤသို့ လောင်းထည့်ရာတွင် အဆိုပါ "ထင်"ဟူသော ကိရိယာအား ရေအနည်းငယ်ရှိသော အုတ်ကန်တွင်း စိမ်နိုင်ရန် အုတ်ကန်ငယ်တစ်ခုပြုလုပ် ထားရပါသည်။ အုတ်ကန်အနက်မှာ ရေဖြင့် ရှစ်လက်မခန့်သာ ရှိရပါမည်။

အဆိုပါ အုတ်ကန်သည် အရှည်ပေ ၉ ပေခန့်ရှိရပြီး အနံအကျယ် သုံးပေခွဲခန့် ရှိရပါသည်။ အုတ်ကန်ထဲတွင် ထင်ဟူသော ကိရိယာမြုပ်နိုင်သည်အထိသာ ရေအနည်းငယ်ထည့်ထားရပါသည်။ ရေထဲတွင်မြုပ်နေသော ထင်အချပ်ပေါ်သို့ ဒလက်ဖြင့် မွှေပြီး စက္ကူအခေါက်ဖတ်များကို ထည့်လိုက်ရပါသည်။ တစ်ပြားစာထည့်ပြီး ရေစစ်ကာ အဆိုပါ ထင်ချပ်ကြီးများကို စက္ကူခေါက်ဖတ်များ ညီညာစွာ ညှိပြီးရေထဲမှ ဆယ်ယူကာ နေရောင်ခြည်တွင် ခြောက်ရန် နေလှန်းရပါသည်။ တစ်နာရီခန့်နေလှန်းပြီး ထင်အချပ်ထဲမှ စက္ကူချပ်ကြီးကို ခွာလိုက်ခြင်းဖြင့် ပင်းတယစက္ကူကို ရမည်

ဖြစ်ပါသည်။ ပင်းတယစက္ကူသည် မိုင်းကိုင်ဒေသမှထွက်သော ရှမ်းစက္ကူ မိုင်းကိုင်စက္ကူထက် အရွယ်ကြီးပါသည်။ ပင်းတယ စက္ကူ၏ အရွယ်အစားမှာ အလျား ၃ ပေ၊ အနံ ၃ ပေ ပတ်လည်ရှိပါသည်။

ယခင်က စက္ကူအခေါက်တစ်ပိဿာလျှင် တစ်ရာကျပ်ဖြင့် ဝယ်ယူလုပ်ကိုင်ခဲ့ရသော်လည်း ယခုအခါ စက္ကူအခေါက် တစ်ပိဿာလျှင် ငါးရာကျပ်ဖြင့် ဝယ်ယူလုပ်ကိုင်နေရပါသည်။ ထို့ကြောင့် ယခင်ကထက် ဈေးအနည်းငယ် မြင့်လာရခြင်း ဖြစ်ပါသည်။

စက္ကူပင်၏အခေါက် တစ်ပိဿာပြုတ်လိုက်လျှင် စက္ကူရွက် တစ်ရာ ပြန်ရပါသည်။ စက္ကူတစ်ရွက်လျှင် နှစ်ဆယ့်ငါးကျပ်နှုန်းဖြင့် ပြန်လည်ရောင်းချကြပါသည်။

ကျွန်တော့်အဘိုး ဦးအုန်းခိုင်၏စက္ကူလုပ်ငန်းအမွေကို ကျွန်တော့်အဖေဦးလှဖေနှင့် အမေဒေါ်အေးပုတို့က အမွေဆက်ခံကာ ဆက်လက်လုပ်ကိုင်နေကြပါသည်။ ထို့အတူ ကျွန်တော်သည်လည်း မိခင်ဖခင်တို့၏ အိမ်မှုလုပ်ငန်းရိုးရာအမွေကို ဆက်လက် လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

ပင်းတယစက္ကူချပ်ကြီးများကို အမျိုးမျိုးအသုံးပြုကြပါသည်။ အထူးသဖြင့် ပင်းတယစက္ကူထီးလုပ်ရာတွင် ထီးအမိုးအဖြစ် အသုံး ဝင်လှပါသည်။ ပင်းတယထီးမှာ စက္ကူထီး၊ ပိတ်ထီးဟူ၍ နှစ်မျိုး ရှိပါသည်။ စက္ကူထီး၊ ပိတ်ထီးတို့မှာလည်း ကလေးဆောင်းထီး၊ မိန်းမ ဆောင်းထီး၊ မယ်သီလရင်ဆောင်းထီး၊ တောင်သူလယ်သမား ဆောင်း ထီး ဟူ၍ အမျိုးမျိုး ရှိပါသည်။



မိန်းမဆောင်းထီးနှင့် ကလေးဆောင်းထီးတို့မှာ မြန်မာပြည်မ ရှိ ပုသိမ်မြို့မှထွက်သော ပုသိမ်ထီးနှင့် တူပါသည်။ သို့သော် ပုသိမ် ထီးက ထီးအမိုးရွက်ဖျင်ပေါ်တွင် ဆေးရောင်စုံများ အသုံးပြုကာ ပန်းပွင့်၊ ပန်းခက်၊ ငှက်၊ သဘာဝရှုခင်းပုံများ ရေးဆွဲထားသော်လည်း ပင်းတယထီးများတွင် ပန်းချီလက်ရာများ မပါရှိပါ။ ရိုးရိုးလေးပင် ဖြစ်ပါသည်။

ပင်းတယထီးကို ပြုလုပ်ရာတွင် ထီးကိုင်းလက်တံများအား တိုက်ဝါးကို အသုံးပြုကာ ထီးချင်တိုင် ၂၈ ချောင်း (ခရိုင် ၂၈ ချောင်း) ဖြင့် ထီးလုံးကို လုပ်ကြပါသည်။

ထီးခေါင်းကို ကြောင်လျှာသားဖြင့် ပြုလုပ်ပြီး ထီးရိုးကို ဒေသ အခေါ် ကြီးမျှင်ဝါးရိုးဖြင့် ပြုလုပ်ပါသည်။ ထီးလက်ကိုင်မှာ ပုသိမ် ထီးကဲ့သို့ သစ်သားဖြင့် ပြုလုပ်ထားခြင်း မဟုတ်ပါ။ ဝါးဆစ်ဖြင့်သာ ပုံဖော်ပြီး ပြုလုပ်ထားပါသည။

ပုသိမ်ထီးနှင့်တူသည်မှာ ထီးခရိုင်များပေါ်တွင် ချည်ရောင်စုံ များဖြင့် ပန်းထိုးထားခြင်းပင် ဖြစ်ပါသည်။ တောင်သူလယ်သမား ထီးကား ပုသိမ်ထီးနှင့် ကွာပါသည်။ ပုသိမ်မှပြုလုပ်သော ဘုန်းကြီး ထီးထက်ကြီးပါသည်။ တောင်သူလယ်သမားထီးကို အများအားဖြင့် စက္ကူဖြင့်သာ ပြုလုပ်ထားပါသည်။ ထီးအမိုးစက္ကူကို ရေနံချေးဆွတ် သုတ်လိမ်းပြီး မိုးတွင်းတွင် တောင်သူလယ်သမားများ ခရီးသွားရာ တွင်လည်းကောင်း၊ တောင်ယာများ၊ ခြံများအတွင်းတွင် လည်းကောင်း ဆောင်းနိုင်ကြပါသည်။ ထီးမှာ ကြီးလွန်းသဖြင့် မိုးဘယ်လောက်ကြီးကြီး၊ ပက်ပက် လုံလှပါသည်။ တောင်သူလယ်

သမားများသည် မိုးမရွာလျှင် ထီးကြီးကို စလွယ်သိုင်းလွယ်လျက် ခရီးထွက်လေ့ရှိပါသည်။

ကျွန်တော်တို့ ပင်းတယစက္ကူလုပ်ငန်းနှင့် ထီးလုပ်ငန်းကို နိုင်ငံခြားသားအများကလည်း စိတ်ဝင်စားကြပါသည်။ ပင်းတယ ရွှေဥမင်ဂူသို့ ဘုရားဖူးလာ ပြည်သူအများ၊ နိုင်ငံခြားသားများသည် စက္ကူလုပ်ငန်းနှင့်ထီးလုပ်ငန်းကို စိတ်ဝင်တစား ကျွန်တော်တို့အိမ်သို့ လာရောက်လေ့လာလေ့ရှိပါသည်။

အိမ်သို့လာသူများအား ကျွန်တော့်အဖေဦးလှဖေနှင့်အမေ ဒေါ်အေးပုတို့က လက်ဖက်များ၊ လိမ္မော်သီးများနှင့် ဧည့်ခံရင်း စက္ကူလုပ်ငန်းအဆင့်ဆင့်၊ ထီးလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့ပြသ ရှင်းလင်းပါသည်။ နိုင်ငံခြားသားအများကလည်း ပင်းတယပြန် လက်ဆောင် သို့မဟုတ် မြန်မာပြည်ပြန်လက်ဆောင်အဖြစ် ပင်းတယ စက္ကူ၊ ပင်းတယထီး၊ ပင်းတယခမောက်၊ ခေါ်အိမ်၊ ရေနွေးစစ်တို့ကို ဝယ်ယူလေ့ရှိကြပါသည်။

ဤသည်မှာ ကျွန်တော်တို့ခေတ်အမျိုးသားအတွက် ဂုဏ်ယူစရာ ပင် မဟုတ်ပါလား။ ကျွန်တော့်အဘိုး၏အမွေကို ကျွန်တော့်ဖခင် နှင့်မိခင်တို့က ဆက်လက်ခံယူနေသကဲ့သို့ ကျွန်တော်ကလည်း ကျွန်တော့်မိခင်၊ ဖခင်တို့၏အမွေကို ဆက်လက်ခံယူရမည် မဟုတ် ပါလား။

ထို့ပြင် မိခင်၊ ဖခင်တို့၏အမွေကို ခေတ်နှင့်အညီ တီထွင်ပြီး ကျွန်တော်တို့၏ပင်းတယစက္ကူ ပင်းတယထီးများအဆင့်အတန်း မြင့်မားလာရေးအတွက် ဆက်လက်အကောင်အထည်ဖော်



ဆောင်ရွက်ရမည့်တာဝန်မှာ ကျွန်တော်တို့၏ တာဝန်ပင်ဖြစ်ကြောင်း ကျွန်တော်ကောင်းစွာ နားလည်သဘောပေါက်နေပါပြီ။

ထို့အတူ ကျွန်တော့်သားသမီးများ၊ တပည့်များအားလည်း ရိုးရာလက်မှုလုပ်ငန်းအမွေကို ဆက်လက်ပေးပြီး ကျွန်တော်တို့ ထက်သာအောင် တီထွင်ဆန်းသစ်လုပ်ကိုင်နိုင်ကြရန် လမ်းညွှန် ပေးရဦးမည် မဟုတ်ပါလော . . . ။ ။

င င င င င င

# သမိုင်းကြွေးကိုဆပ်နေသည်

ခမ်းနားထည်ဝါလှပါသော အနော်ရထာတံတားကြီးပါတကား။ ပင်မတံတားပေအရှည် ၄၁၉၀၊ ချဉ်းကပ်တံတားပေ ၁၀၀၀။ စုစုပေါင်း ၅၁၉၀ ပေရှည်သော သံမဏိသံဘောင်တပ်ဆင်ထားသည့် ဧရာဝတီမြစ်ကူးတံတားကြီး . . . ။

တံတားကြီးပေါ်သို့ကားများ တန် ၆၀ ထိခွင့်ပြုမောင်းနှင်သွားလာနိုင်ပြီဖြစ်ပါသည်။ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးသည် မဟုတ်ပါလော . . . ။

ကျွန်တော်တို့သည် တံတားကြီး၏အလယ်မှ ဧရာဝတီမြစ်ကြီးကိုငေးကြည့်နေခဲ့မိကြသည်။ တစ်ဆက်တည်းတွင် ဆိပ်ကြီး အရှေ့ဘက်ကမ်းတွင် ချောက်မြို့ အဝေးဆီတွင် ရွှေပုံတောင်ဘုရား . . . အနောက်ဘက်ဆိပ်ဖြူကမ်းတစ်လျှောက်တွင် ဝါဇီစက်ရုံ၊ လမ်းရှာရေနံမြေနှင့်ယောချောင်း . . . ။

မြစ်၏တောင်ဘက်ပိုင်းတွင် ရှင်မတောင်ခေါ် ရှင်မောင်နှမတောင်၊ စလေ ဓာတ်မြေသြဇာစက်ရုံနှင့် စလေမြို့ကြီး၊ စလေနှင့်





ပုဂံကြားမော်ကိုးမော်ရှိပြီး၊ စေတီကိုးဆူတည်ထားကိုးကွယ်ထားသည်ဟု သိရသည်။ သမိုင်းတွင် စလေမင်းခွေးအမည်ရှိ ဘုရင်သည် မော်ကိုးမော်ကိုကျော်ဖြတ်ပြီးမှ ပုဂံကိုရောက်ခဲ့သည်ဟု မှတ်တမ်းရှိလေသည်။ ကျွန်တော်သည် ဆိပ်ဖြူကမ်းကို မျှော်ငေးကြည့်ပြီး တင်မောင်မြင့်အားပြုံးကာ . . . ။

“သူငယ်ချင်းက ဆိပ်ဖြူမြို့သားမဟုတ်လား၊ ဘာ့ကြောင့်ဆိပ်ဖြူလို့ခေါ်တာလဲ သိလား. . . ။

ဟု မေးခွန်းထုတ်လိုက်မိသည်။

“ဆိပ်ဖြူမြို့ဟာ ပုဂံခေတ်ကတည်းက ပေါ်နေပြီကွ၊ ဆိပ်ဖြူမြို့မှာရှိတဲ့ ကျောင်းကန်ဇရပ်၊ စေတီပုထိုးများရဲ့ နံရံဆေးရေးပန်းချီတွေကို လေ့လာကြည့်ရုံနဲ့ ပုဂံခေတ် အနော်ရထာလက်ထက်ကတည်းက ပေါ်ပေါက်နေပြီဆိုတာ ထင်ရှားတယ်။ ပြီးတော့ဆရာကြီးဦးဖိုးကျားရေးတဲ့ မြန်မာ့ဂုဏ်ရည်စာအုပ်ထဲမှာ ငရမန်ကန်းအကြောင်း ဖော်ပြရာမှာ ဆိပ်ဖြူချင်တောင်တွင်တည်းခိုအိပ်ပြီးသော် ထိုရွာသူကြီးအိမ်၌ ဆွမ်းခံလျှင်လို့ ပါရှိတာကြောင့် အဲဒီပုဂံခေတ်ကတည်းက ဆိပ်ဖြူမြို့ရှိနေပြီကွ။ ဒါပေမဲ့ ဆိပ်ဖြူကိုတသတ်နဲ့ ဆိတ်ဖြူလို့ တချို့ရေးခဲ့ကြတယ် . . . ။

“ကဲ. . . ဆက်ပြီးရှင်းပါဦး သူငယ်ချင်းရာ”

“ရွာတည်စက ဆိတ်ဖြူကြီးတစ်ကောင် မင်းမူကြီးစိုးနေခဲ့လို့ဆိုပြီး ဆိတ်ဖြူလို့ခေါ်ခဲ့ကြတယ်လို့ ယူဆခဲ့ကြတယ်။ တချို့ကလဲ စိတ်သဘောထားဖြူစင်သူတွေနေထိုင်ရာဒေသမို့ စိတ်ဖြူလို့ခေါ်တွင်ရာက ဆိတ်ဖြူဖြစ်တယ်လို့ဆိုကြပါတယ်. . . ။ တချို့ကလဲ

ယောချောင်းနဲ့ ဧရာဝတီမြစ်တို့ဆုံရာ သဲသောင်ပြင်ကြီးဟာ ဘော် ငွေရောင်သန်းနေလို့ ဆိပ်ဖြူလို့ခေါ်တွင်ခဲ့တယ်လို့ ဆိုကြပါတယ်။ အဲ. . . ဆိပ်ဖြူမြို့မှာရှိတဲ့ရန်အောင်မြင်မင်္ဂလာကျောက်စာမှာတော့ "ဆိတ်ဖြူ" လို့ တသတ်နဲ့ရေးထိုးထားတာကို တွေ့ရပြီး ရွှေလွန်းတင် စေတီခေါင်းလောင်းစာမှာတော့ "ဆိပ်ဖြူ" လို့ ပသတ်နဲ့ရေးထိုး ထားတာတွေ့ရပြန်တယ်"

"မင်းတို့ဆိပ်ဖြူကလဲ ငါနေခဲ့တဲ့ ပုသိမ်မြို့အမည်လိုပါပဲလား။ ပုသိမ်ကိုတချို့က မသတ်နဲ့သိမ်ကြပြီး တချို့က နသတ်နဲ့သိန်ခဲ့ကြ တယ်ကွယ်"

ကျွန်တော့်စကားကို တင်မောင်မြင့်ကပြုံးပြီး . . .။

"မဟာအောင်မြေဘုံစံအုတ်ကျောင်းဆရာတော် ဦးဗုဓ်ရဲ့ ရွှေ စက်တော်သွားတောလားမှာတော့. . .။

"ရွှေစက်နှစ်တည်၊ ဖူးအံ့ရည်၍၊
ရည်သက္ကရာဇ်၊ ထောင်ရာရှစ်ဝယ်၊
စွန်းကယ်နှစ်နှစ်၊ သရဖီမာသ၊
ပုတ္တမဝယ်၊ ဗုဒ္ဓနေ့တွင်၊
ဘုတလင်မှ၊ ထွက်ခဲ့ကြသော်၊
စုံလှဈေးနှာ၊ မုံရွာမြစ်စုတ်၊
မခုတ္တူမည်၊ ပုဂံပြည်နှင့်၊
ဤသည့်ရပ်များ၊ ညဥ့်တန့်နားမှ၊
ဆိပ်ဖြူရွာနှင့်၊ ရှေ့မှာစဥ့်ကူ၊
ရွာမူပျဉ်းမ၊ ယင်းအောက်ကတွင်၊



ဇီးချိုပင်တည့်။ မွမ်းပြင်ဗိုလ်ခြေ၊
စလေတစ်သွယ်၊ ပခန်းငယ်ဆိပ်၊
ညဥ့်အိပ်ခဲ့တွေ့. . ."

လို့ရေးသားစပ်ဆိုခဲ့တာကြောင့် ဆိပ်ဖြူကိုပသတ်နဲ့ပဲ ရေးသား စပ်ဆိုခဲ့တာ တွေ့ရပြန်တယ် . . .။

"ငါက မင်းကိုအပျင်းပြေမေးလိုက်တဲ့မေးခွန်းပါကွာ၊ မင်းက တကယ့်ကို သုတေသနလုပ်ပြီး ဖြေနေရတော့ မင်းကိုသိပ်ကို လေးစားမိပါတယ် သူငယ်ချင်း . . ."

ကျွန်တော့်စကားကို တင်မောင်မြင့်ကပြုံးပြီး . . .

"ကိုယ်က ဆိပ်ဖြူသားဆိုတော့ ဆိပ်ဖြူနဲ့ပတ်သက်ပြီး သူများ မေးလည်းဖြေနိုင်အောင် လေ့လာထားတာပါကွာ၊ တို့ဆိပ်ဖြူမြို့ အကြောင်း နည်းနည်းထပ်ဖြည့်ပြောရရင် ရှေးမြန်မာမင်းတွေ အုပ်ချုပ်စဉ်က ဆိပ်ဖြူကို ချစ်ချောင်း အနောက်ဘက်ဒေသကို လောင်းရှည်ကျေး၊ ချစ်ချောင်းမြောက်ဘက်ဒေသကို ပုဂံကျေး၊ ချစ်ချောင်းတောင်ဘက်ဒေသကို စလေကျေးဆိုပြီး သုံးပိုင်း,ပိုင်းပြီး အုပ်ချုပ်ခဲ့တယ်။ ၁၈၈၅ ခုနှစ်မှာ မြန်မာတစ်ပြည်လုံးကို အင်္ဂလိပ် တွေ သိမ်းပိုက်ပြီးတဲ့နောက် ဆိပ်ဖြူကို ပခုက္ကူစီရင်စုထဲထည့်ပြီး ဇီးကပ်ရွာမှာ မြို့ပိုင်ရုံးဖွင့်ခဲ့တယ်တဲ့ကွ၊ ၁၈၉၆ ခုနှစ်မှာ ဇီးကပ်ရွာ ကမ်းပါးပြိုလို့ မြို့ပိုင်ရုံးကို အောက်ဆိပ်ရွာပြောင်းပြီးဖွင့်ခဲ့သတဲ့၊ အဲ. . ၁၉၀၁ ခုနှစ်၊ မြို့ပိုင် ဦးအံ့ထော်နီလက်ထက်ကျမှ မြို့ပိုင်ရုံးကို

ဆိပ်ဖြူပြောင်းပြီး ဖွင့်ခဲ့တယ်လို့ သိရတယ်။ အဲဒီအခါမှ ယောဝရွာနဲ့ ဆိပ်ဖြူရွာ နှစ်ရွာပေါင်းပြီး ဆိပ်ဖြူမြို့လို့ ခေါ်ဆိုသတ်မှတ်ခဲ့တယ်လို့ ဆိုကြတယ် သူငယ်ချင်း. . ”

ကျွန်တော်တို့နှစ်ယောက်သည် အနော်ရထာတံတားကြီးပေါ်မှာ ဆိပ်ဖြူမြို့ကို လှမ်း၍ကြည့်နေမိကြပါသည်။

“အလျှင်က ဧရာဝတီမြစ် အနောက်ဘက်ကမ်းဒေသတွေဟာ ဖွံ့ဖြိုးမှုအားနည်းတဲ့ ဒေသတွေ ဖြစ်ခဲ့ကြတယ်နော်. . ”

“ဟုတ်တာပေါ့ သူငယ်ချင်း၊ ဒါကြောင့် ၁၉၉၆ ခုနှစ်က ဒီအနော်ရထာတံတားကြီး စတင်တည်ဆောက်စက ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ခုလိုပြောခဲ့တာပေါ့။ ဧရာဝတီမြစ်ခြားမှုကြောင့် အနောက်ဘက်ဒေသတွေဟာ အရှေ့ဘက်ကမ်းဒေသတွေထက် တိုးတက်မှုနောက်ကျနေခဲ့ကြရာ သွားလာဆက်သွယ်မှု လွယ်ကူလာပြီး ဒေသတစ်ခုနှင့်တစ်ခုအကြား တိုးတက်နေမှုနှုန်း ကွာဟနေမှု ကျဉ်းမြောင်းသွားစေဖို့ နောင်ဖြစ်ပေါ်လာမည့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူပင်လယ်နက်ဆိပ်ကမ်းနဲ့ ဆက်စပ်ပြီး ပြည်တွင်းပြည်ပ စီးပွားကုန်သွယ်မှု တိုးတက်လာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ချောက်၊ ပြည်၊ ညောင်တုန်း စတဲ့မြို့တွေမှာ ဧရာဝတီမြစ်ကူးတံတားကြီးတွေကို တည်ဆောက်နေခြင်း ဖြစ်တယ်လို့ မိန့်ကြားခဲ့တယ် မဟုတ်လား”

“ဗိုလ်ချုပ်မှူးကြီးရဲ့ အမြင်ကျယ်တဲ့ဆောင်ရွက်မှုနဲ့ စေတနာလို့ ဆိုနိုင်တာပေါ့. . . ”

ဟု ကျွန်တော်က ပြုံးပြီး ပြောလိုက်မိသည်။



“ဒီ အနော်ရထာတံတားကြီးကြောင့် ဆိပ်ဖြူ၊ ဆော၊ ကျောက်ထု၊ မင်းတပ်ဒေသတွေ ပိုမိုဖွံ့ဖြိုးလာမှာ ဖြစ်သလို၊ ကျောက်ထု၊ ပေါက်၊ ပခုက္ကူဒေသတွေလည်း ခုထက်ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်တယ်ကွ. . . ”

“ဟုတ်တယ်သူငယ်ချင်း၊ ဒီတံတားကြီးကြောင့် ချင်းပြည်နယ်တောင်ပိုင်းက ဇွန်မကနေ ပုသိမ်၊ မုံရွာလမ်းအတိုင်း ပဲခူးတိုင်း၊ ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းတို့နဲ့ ခရီးသွားလာရေး လွယ်ကူလာနိုင်ပြီး ချောက်မြို့ကတစ်ဆင့် မကွေးတိုင်းအရှေ့ခြမ်း၊ မန္တလေးတိုင်းနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတို့နဲ့လည်း ဆက်သွယ်ရေး လွယ်ကူလာနိုင်မယ်။ ဒီအနော်ရထာတံတားဟာ အညာဒေသအတွက် သွားလာမှုလမ်းကြောင်းတစ်ခုလို့ ပြောနိုင်မှာပေါ့ကွာ. . ”

ဟု ကျွန်တော်ကဆိုပြီး ကျွန်တော်တို့တွေ ဧရာဝတီမြစ်ကြီးကို ငုံ့ကြည့်နေမိကြသည်။

“ဟုတ်တယ် သူငယ်ချင်း၊ နဝဒေလမ်းကြောင်း၊ ဗိုလ်မြတ်ထွန်းလမ်းကြောင်းတို့နဲ့ ဆက်သွယ်ပြီး ကုန်စည်စီးဆင်းရောင်းဝယ်မှု ပိုမိုများပြားသွက်လက် မြန်ဆန်လာမှာပါပဲ. . . ”

ဟု တင်မောင်မြင့်က ဆိုလိုက်သည်။

“တကယ်တော့ ကနေ့လူကြီးတွေဟာ သမိုင်းမှာ တင်ကျန်နေတဲ့ သမိုင်းကြွေးတွေကိုကျေအောင် လမ်းတွေကို ကွန်ရက်သဖွယ် ဖောက်ပြီး တံတားကြီးတွေကို တည်ဆောက်ပေးနေတာ မဟုတ်လား။ ဒီလိုတည်ဆောက် ဖောက်လုပ်ပေးခဲ့လို့ တို့တိုင်းရင်းသားအချင်းချင်း အထိအတွေ့အဆက်အဆံ ပိုမိုများပြား

လာကြပြီး ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာနေတာကို တွေ့မြင်နေကြရပြီ မဟုတ်လား”

“ဟုတ်တယ်သူငယ်ချင်း၊ ဘယ်သူတွေက ဘာပြောပြော၊ ဘယ်လိုဖျက်ဖျက်၊ ဒီကနေ့တို့တွေ အားလုံးဟာ မြန်မာတစ်ပြည်လုံး တိုးတက်ဖွံ့ဖြိုးအောင်လုပ်ဆောင်ပေးနေတဲ့ လူကြီးတွေနဲ့အတူ ပါဝင်ပူးပေါင်းဆောင်ရွက်ကြဖို့ လိုတယ်၊ တို့တွေဟာ တစ်ချိန်မှာ လူကြီးတွေရဲ့ ပခုံးပြောင်းတာဝန်ကို ယူကြရမယ့် လူငယ်တွေ မဟုတ်လား. . . ”

ကျွန်တော်တို့နှစ်ယောက်သည် အနော်ရထာတံတားကြီးပေါ်မှာ ဖြတ်သန်းပြီး ဆိပ်ဖြူမြို့ဆီသို့ တဖြည်းဖြည်း လျှောက်ခဲ့ကြပါသည်။

z z z z z z

## ဗိုလ်မှူးသူရအုန်းခိုင်

ကျွန်တော်တို့ မတ္ထီလာအမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားလူငယ်များသည် ရှမ်းတဲရှိ လေကြောင်းအတတ်သင် လေတပ်သို့ လေ့လာရေးခရီး ထွက်ခဲ့ကြပါသည်။

ရှမ်းတဲလေတပ်စခန်းရှိ တာဝန်ခံ ဗိုလ်မှူးက ကျွန်တော်တို့အား တီ ၃၃ ဂျက် တိုက်လေယာဉ်များ၊ ပီစီ ၆ လေယာဉ်များ၊ အော်တာ လေယာဉ်များ၊ ဘဲလ် ၂၀၅ ရဟတ်ယာဉ်များကို လိုက်လံပြသခဲ့ပါသည်။

ရှမ်းတဲလေတပ်စခန်းသည် တပ်မတော်လေမှ လေကြောင်းအတတ်သင်ဗိုလ်များအား လေယာဉ်မောင်းသင်တန်းပေးရာ တပ်စခန်းကြီး ဖြစ်ပါသည်။ တပ်ဝင်းမှာ ကျယ်ဝန်းပြီး အဆောက်အအုံ အသီးသီးဖြင့် တင့်တယ်နေပါသည်။

မိတ္ထီလာမြို့နှင့် ရှမ်းတဲလေတပ်စခန်းသည် ခုနစ်မိုင်မျှသာ ဝေးပြီး မိတ္ထီလာ-မန္တလေး ကားလမ်းဘေးတွင် ရှိပါသည်။

အောက်တိုဘာလ ပညာရေးပြက္ခဒိန်အစီအစဉ်တွင် အနီးပတ်ဝန်းကျင် လေ့လာသင့်လေ့လာထိုက်သောနေရာများသို့ ဒေသတွင်းလေ့လာရေး အစီအစဉ်အရ ကျောင်းပိတ်ရက် တနင်္ဂနွေ

နေ့တွင် ကျွန်တော်တို့အား ကျောင်းအုပ်ကြီးမှ ဦးဆောင်ကာ ကိုးတန်းနှင့် ဆယ်တန်း ကျောင်းသူကျောင်းသားများအား ရှမ်းတဲလေတပ်စခန်း တာဝန်ခံ အရာရှိကြီးများနှင့် ညှိနှိုင်းပြီး ယခုကဲ့သို့ လေ့လာရေးခရီး ထွက်ခဲ့ကြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့လူငယ်များသည် လေတပ်ဝင်းကြီးအတွင်းရှိ တမာပင်ကြီးများ၊ ကုက္ကိုပင်ကြီးများအောက်တွင် အနားယူကြရင်း ဆရာများ၏ ဦးဆောင်မှုဖြင့် တပ်ဝင်းကြီးအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

တပ်ကြီးအတွင်းတွင် မြို့လေးတစ်မြို့ကဲ့သို့ သူ့နေရာနှင့်သူ၊ သူ့အဆောက်အအုံနှင့်သူ သေသပ်သန့်ရှင်းစွာ တည်ရှိနေသည်ကို တွေ့မြင်ကြရပါသည်။ သားဖွားဆေးရုံ၊ ဆေးခန်း၊ ရိက္ခာဂိုဒေါင်၊ မော်တော်ယာဉ်ဌာန၊ ဓမ္မာရုံ၊ တပ်ဈေး၊ ရုံးများ၊ ဌာနများ၊ ဘောလုံးကွင်း၊ ပွဲကြည့်စင် စသည် စသည်တို့သာမက ဗိုလ်မှူး၊ ဗိုလ်ကြီး၊ အကြပ်ကြီး၊ အကြပ်၊ တပ်သား၊ ရဲဘော်များ နေထိုင်ကြသည့် အဆောက်အအုံများသည်လည်း သူ့နေရာနှင့်သူ အကွက်ကျကျ တည်ရှိနေကြပါသည်။

ရှမ်းတဲလေယာဉ်ကွင်းကြီးနှင့်အတူ လေကြောင်းထိန်းသိမ်းမျှော်စင်၊ လေယာဉ်များ ထားရှိသည့် အဆောက်အအုံများ၊ လေယာဉ်ပြင်စက်ရုံများနှင့်အတူ လှပသော တမာပင်၊ ကုက္ကိုပင်ကြီးများ ဝိုင်းရံထားသည့် ကတ္တရာလမ်းများပေါ်မှ ဖြတ်သန်း၍ လျှောက်လာကြရာ တစ်နေရာတွင် လှပသော အဆောက်အအုံကြီးတစ်ခုကို ဘွားခနဲ တွေ့မြင်လိုက်ရပါသည်။



အဆောက်အအုံရှေ့တွင် လှပသော ပန်းပင်များနှင့် ပန်းဥယျာဉ်လေးကိုလည်း ကြည်နူးဖွယ် တွေ့မြင်လိုက်ရပါသည်။ ကျွန်တော်တို့သည် အဆောက်အအုံကြီးကို မော်ကြည့်လိုက်သောအခါ "ဗိုလ်မှူးသူရအုန်းခိုင်ခန်းမ" ဟူသော စာတန်းကြီးကို အံ့သြဖွယ် တွေ့မြင်လိုက်ရပါသည်။

ကျွန်တော်တို့ ဗိုလ်မှူးသူရအုန်းခိုင်ဆိုသူကို မသိပါ။ မမြင်ဖူး၊ မကြားဖူးပါ။ သူသည် တိုင်းပြည်အတွက် ရွပ်ရွပ်ချွံချွံ ရန်သူများအား တိုက်ခိုက်ဖြိုခွင်းခဲ့သူ ဖြစ်ပါလိမ့်မည်။ ထို့ကြောင့်သာ သူ သူရဘွဲ့ကို ရရှိခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

ဗိုလ်မှူး သူရအုန်းခိုင် ခန်းမကြီးရှေ့တွင် ကျွန်တော်တို့ ကျောင်းသားလူငယ်များ ရပ်လိုက်ကြသည်။ ကျွန်တော်တို့ ဤဗိုလ်မှူး အကြောင်းကို သိချင်ကြပါသည်။ ကျွန်တော်တို့စိတ်ဝင်စားကြမှန်း သိသောအခါ သက်ဆိုင်ရာ ရှမ်းတဲလေဆိပ်မှ အရာရှိကြီးသည် ကျွန်တော်တို့အား ခန်းမကြီးရှေ့ရှိ တမာပင်ကြီးများ၏ အရိပ်အောက်တွင် တန်းစီ၍ သေသပ်စွာ ထိုင်စေလိုက်ပါသည်။ ကျွန်တော်တို့အား ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများက ခြံရံလိုက်ကြပြီး ဆရာ၊ ဆရာမများသည်လည်း တမာပင်ကြီးများ၏အေးရိပ်တွင် နားခိုလိုက်ကြပြီး သက်ဆိုင်ရာ ဗိုလ်မှူး၏ ရှင်းလင်းချက်ကို နားစွင့်နေလိုက်ကြပါသည်။

ဗိုလ်မှူးသည် ကျွန်တော်တို့ ကျောင်းသားကျောင်းသူများရှေ့တွင် မတ်တတ်ရပ်လိုက်ပြီး ဗိုလ်မှူးသူရအုန်းခိုင် အဆောက်အအုံကြီးကို ငေးမောကြည့်ရှုရင်း ဤသို့ ရှင်းလင်းဆွေးနွေးပြောပြပါတော့သည်။

"ကျွန်တော်တို့ လေတပ်သမိုင်းမှာ သူရဘွဲ့ရရှိပြီးသူ ၂၂ ဦး ရှိခဲ့ဖူးပါပြီ၊ အခု ခန်းမကြီးမှာ မော်ကွန်းကမ္ဗည်းတင် ဂုဏ်ပြုခံခဲ့ရတဲ့ ဗိုလ်မှူးသူရအုန်းခိုင်အပါအဝင်ပါပဲ. . . "

ကျွန်တော်တို့အားလုံးသည် စိတ်ဝင်စားစွာဖြင့် ဗိုလ်မှူး သူရအုန်းခိုင် ခန်းမကြီးကို ငေးမော ကြည့်ရှုနေမိကြပါသည်။

"ဗိုလ်မှူးသူရအုန်းခိုင်ကို ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့မှာ သထုံခရိုင် ဇင်းကျိုက်ရွာမှာ မွေးဖွားခဲ့ပါတယ်။ ဗိုလ်မှူးဟာ ဗုဒ္ဓဘာသာဝင် မွန်အမျိုးသားတစ်ယောက်လည်း ဖြစ်ပါတယ်"

မွန်တိုင်းရင်းသားတစ်ယောက်ဟု သိလိုက်ရသောအခါ မွန်အမျိုးသားများကိုယ်စား ဂုဏ်ယူလိုက်မိပါသည်။ ကျွန်တော်တို့ တိုင်းရင်းသားများထဲမှ ထူးချွန်သူတွေ မနည်းတော့ပါလားဟု တွေးလိုက်မိပါသေးသည်။

"ဗိုလ်မှူးလောင်းလေး မောင်အုန်းခိုင်ဟာ ရန်ကုန်တက္ကသိုလ်က ဝိဇ္ဇာဘွဲ့ကို ရပြီးတဲ့နောက် ၁၉၅၅ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်နေ့ ဗထူးမှာ တပ်မတော်ကြည်းဗိုလ်သင်တန်းတက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီးတဲ့နောက် ဒု-ဗိုလ်အဖြစ် ခန့်အပ်ခြင်းခံရပြီးတဲ့နောက် ၁၉၅၉- ၆၀ အမှတ်စဉ် (၂၂) လေယာဉ်မောင်းသင်တန်းမှာ သင်တန်းသား ၃၇ ဦးအနက် ထူးချွန်ဆုရရှိခဲ့ရပါတယ်"

ကျွန်တော်တို့သည် ဗိုလ်မှူးလောင်း ကိုအုန်းခိုင်၏ဘဝဖြစ်စဉ်လေးကို ငေးမောနားထောင်ရင်း အားကျလျက်ရှိနေကြပါသည်။

"ဗိုလ်ကြီးအုန်းခိုင်ဘဝနဲ့ မှော်ဘီ၊ မိတ္ထီလာလေယာဉ်မောင်းသင်တန်းတွေမှာ ဗိုလ်တွေကို လေကြောင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရပြီး လေယာဉ်မောင်းသင်တန်းအတွက် အမေရိကန်နိုင်ငံကိုသွားပြီး တက်ရောက်ခဲ့ရသူလည်း ဖြစ်ပါတယ်. . . ၁၉၇၀ ပြည့်နှစ်မှာ ဗိုလ်မှူးအဖြစ် ရာထူးတိုးမြှင့်ခြင်းခံခဲ့ရပါတယ်. . . "

"ဗိုလ်မှူးအုန်းခိုင်ဟာ အမှတ် (၃) အုပ်လေသူရဲတာဝန်၊ ပူးပေါင်းစစ်ဆင်ရေးနဲ့ လေထီးသင်တန်းကျောင်းမှာ နည်းပြအရာရှိတာဝန်၊ အမှတ် (၁)အုပ် အုပ်မှူးတာဝန်များနဲ့ လေကြောင်းအတတ်သင်လေတပ်စခန်းမှာ သင်တန်းအုပ်နည်းပြချုပ်တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သူ တစ်ဦးလည်း ဖြစ်ပါတယ်. . . "

"ဗိုလ်မှူးဟာ ပရိုဗို့ အမောင်းသင် လေယာဉ်၊ တီ ၅၃ ဂျက်တိုက်လေယာဉ်၊ အက်စ်အက်စ် ၂၆၀ အမောင်းသင်လေယာဉ်၊ ဗင်ပါယာ ဂျက်တိုက်လေယာဉ်၊ တီ ၃၃ ဂျက်တိုက်လေယာဉ်တွေကို ကျွမ်းကျင်စွာ မောင်းနိုင်၊ သင်ပြနိုင်သူ တစ်ယောက်လည်း ဖြစ်ပါတယ်"

ကျွန်တော်တို့ ဗိုလ်မှူးအုန်းခိုင်၏ အရည်အချင်းများကို နားထောင်ရင်း အားကျရုံမက သူ့လိုကျွမ်းကျင်သော လေယာဉ်မောင်းသူ တစ်ဦးဖြစ်ချင်လာကြပါသည်။ ဤအချိန်တွင်ပင် ကျွန်တော်တို့အား ရှင်းလင်းပြောကြားနေသည့် ဗိုလ်မှူးက ဗိုလ်မှူးသူရအုန်းခိုင်ဖြစ်လာမည့် ဗိုလ်မှူးအုန်းခိုင်၏ တိုင်းပြည်ချစ်စိတ်၊ စွန့်လွှတ်စွန့်စားစိတ်များဖြင့် မြန်မာ့ရန်သူများအား ချေမှုန်းတိုက်ခိုက်ပုံများကို ဤသို့ အကျယ်တဝင့် ရှင်းလင်းပြသပါတော့သည်။

"၁၉၇၈ ခုနှစ်၊ မတ်လ ၆ ရက်နေ့မှာ ဗကပတွေဟာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေ နောင်လိုင်စခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ မတ်လ ၇ ရက်နေ့မှာ ပါဖန်နဲ့ ပွိုင့် ၆၀၄၁

စခန်းတို့ကို ကြီးမားတဲ့ တပ်အင်အားနဲ့ တိုက်ခိုက်လာပါတယ်။ ပါဖန်စခန်းကိုတော့ ကျွန်တော်တို့ တပ်မတော်က ပြန်လည်သိမ်းယူ ရရှိခဲ့ပေမယ့် ၆၀၄၁ စခန်းကို ပြန်လည်တိုက်ခိုက်ကြတဲ့အခါ စခန်းကို မသိမ်းပိုက်နိုင်ဘဲ ကျွန်တော်တို့ တပ်မတော်သားတွေဟာ ရန်သူ ဗကပတို့ရဲ့ ဝိုင်းထားခြင်းကို ခံလိုက်ရပါတယ်. . . ”

ကျွန်တော်တို့တွေ စိတ်ဝင်စားဖွယ် စစ်ရုပ်ရှင်ကားတစ်ကားကို ကြည့်နေကြရသည့်အလား ဗိုလ်မှူး၏ရှင်းပြမှုအောက်တွင် ငြိမ်သက်စွာနားထောင်လျက် ရှိနေကြပါသည်။

“ကျွန်တော်တို့ မြန်မာ့တပ်မတော်ရဲ့ ရဲမင်းအောင် စစ်ရေးကလည်း အရှိန်ရနေပါပြီ၊ အဲဒီအချိန်မှာ ကျွန်တော်တို့ တပ်မတော်လေတပ်ကလည်း တီ ၃၃ ဂျက်တိုက်လေယာဉ်တွေ၊ ပီစီ ၆ တိုက်လေယာဉ်၊ အော်တာလေယာဉ်တွေ၊ ဘဲလ် ၂၀၅ ရဟတ်လေယာဉ်တွေနဲ့ လေတပ်ဖွဲ့က လားရှိုးကတစ်ဆင့် မြန်မာ့ကြည်းတပ်မတော်ကို ကူညီပံ့ပိုး တိုက်ခိုက်ပေးခဲ့ပါတယ်။ ပွိုင့် ၆၀၄၁ စခန်း အဝိုင်းခံနေရစဉ်မှာ ရိက္ခာနည်းနေတဲ့ မြန်မာ့တပ်မတော်သားတွေအတွက် ပီစီ ၆ လေယာဉ်နဲ့ ရိက္ခာတွေ၊ ရေခဲတွေ ချပေးခဲ့ပါတယ်၊ ဒ့ါအပြင် ဗကပများအပေါ် ဗုံးတွေ ကြဲချခဲ့ပါတယ်. . . ”

“မတ် ၁၃ ရက်နေ့မှာ ပွိုင့် ၆၀၄၁ က မြန်မာ့တပ်မတော်သားတွေ လက်နက်နဲ့ခဲယမ်းများ နည်းပါးလာလို့ စခန်းကို စွန့်ခွာလာကြကြောင်း သိရတဲ့အခါ တပ်မတော်လေတပ်က ဗကပများအပေါ် ဗုံးမိုးကြဲချခြင်းနဲ့ လေကြောင်းက တန်ပြန်ထိုးစစ်ဆင်နွှဲတဲ့အခါ ဗကပတို့ဟာ မတ် ၂၃ ရက်နေ့မှာ သံလွင်အရှေ့ဘက်ခြမ်းကို ဆုတ်ခွာထွက်ပြေးကြပါတော့တယ်. . . ”



ကျွန်တော်တို့တွေ ပင့်သက်ပင် မချနိုင်၊ ဗိုလ်မှူး၏ပြောစကားများတွင် နစ်မျောလျက်ရှိနေကြပါသည်။

“ဗကပတွေဟာ မိုင်းယန်းကို ခြိမ်းခြောက်လာကြပြန်ပြီး ဟိုပန်နယ်မြေမှာရှိတဲ့ ရင်ကွဲတောင်စခန်း ပီ ၈၁၅၁၆၄ ကိုလည်း သိမ်းပိုက်ထားကြပါသေးတယ်. . . ”

ကျွန်တော်တို့မျက်စိထဲတွင် ရန်သူ ဗကပများ ကြီးစိုးနေသောတောင်ကုန်ကြီးအား မြန်မာ့တပ်မတော်မှ လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်နေကြပုံတွေ တစ်ကွက်ပြီးတစ်ကွက် မြင်ယောင်လျက်ရှိနေကြပါသည်။ ထိုစဉ် ဗိုလ်မှူးက ဗင်ပါယာဂျက် တိုက်လေယာဉ်နှင့် ပတ်သက်ပြီး ဤသို့ ရှင်းလင်းပြပါသည်။

“ဗင်ပါယာ ဂျက်တိုက်လေယာဉ်တွေ အသုံးပြုခဲ့တာဟာ စစ်သက် ၂၄ နှစ် ရှိပါပြီ၊ မြန်မာပြည်မှာ ပထမဆုံး သုံးခဲ့တဲ့ ဂျက်တိုက်လေယာဉ်တွေ ဖြစ်ပါတယ်. . . ”

“ဗိုလ်မှူးအုန်းခိုင်ဟာ မိမိလေယာဉ်ရဲ့စစ်ကစားနိုင်မှု ကန့်သတ်ချက်ကြောင့် ပစ်ကူပေးပျံသန်းရင်း ထိခိုက်ပျက်စီးနိုင်ကြောင်း တွေးမိပါလိမ့်မယ်၊ ရန်သူရဲ့ တန်ပြန်တိုက်ခိုက်မှု မလွဲမသွေခံရမည်ဆိုတာကိုလည်း သူတွေးမိမှာဖြစ်ပါတယ်၊ ဒါပေမဲ့ မိမိတိုင်းပြည်အတွက် မိမိအသက်ကို စွန့်လွှတ်ဖို့ အမြဲအသင့်ရှိတဲ့ တပ်မတော်သားပီပီ အထက်ကပေးအပ်ခဲ့တဲ့တာဝန်တွေကို ဦးထိပ်ရွက်ပန်ဆင်ပြီး ရန်သူ့ စခန်းတွေကို တိုက်ခိုက်ချေမှုန်းဖို့ ရန်သူအဝိုင်းခံနေရတဲ့ မြန်မာ့တပ်မတော်သားတွေရဲ့ အသက်ကိုကယ်ဖို့၊ မြန်မာနိုင်ငံရဲ့ ကျေးဇူးသိစွာကို စောင့်သိတဲ့ တပ်မတော်သားကောင်းတစ်ဦးပီပီ ဗိုလ်မှူးဟာ ဗင်ပါယာတိုက်လေယာဉ် ယူတီ

၅၀၆ နဲ့ လားရှိုးကနေ နေ့လယ် ၂ နာရီ ၄၅ မိနစ် အချိန်မှာ ထွက်ခဲ့ပြီး ရန်သူတွေ တပ်စွဲနေတဲ့ ရင်ကွဲတောင်ကို ညနေ ၃ နာရီ အချိန်ခန့်မှာ ရောက်ခဲ့ပါတယ်။ ရောက်ရောက်ချင်းပဲ ရန်သူ တွေတပ်စွဲနေတဲ့ ရင်ကွဲတောင်ပေါ်ကို လေကြောင်းမှ ပထမ အကြိမ် ဗုံးကြဲ တိုက်ခိုက်ခဲ့ပါတယ်။ ဒုတိယအကြိမ် ဗုံးကြဲတိုက်ခိုက်ဖို့ လေယာဉ်ကို ပြန်လှည့်ပြီး ရင်ကွဲတောင်ကို ဗုံးကြဲတိုက်ခိုက်လိုက်စဉ် အောက်က ရန်သူရဲ့ပစ်ခတ်မှုကြောင့် လေယာဉ်ကို ကျည်ထိမှန်ပြီး ခန့်မှန်း ပီ ၈၄၃၁၄၃ တောင်ကုန်းပေါ်ကို လေယာဉ်ပျက်ကျပြီး ဗိုလ်မှူးအုန်းခိုင်လည်း တိုင်းပြည်အတွက် သူ့အသက်ကို လှူခဲ့ရ ပါတယ်"

ကျွန်တော်တို့အားလုံး ရင်ကွဲရပြီ၊ ဗိုလ်မှူးအုန်းခိုင်ခင်ဗျား. . ဟုသာ ဆိုလိုက်ချင်ပါတော့သည်။ ဗိုလ်မှူးအုန်းခိုင်ကို ကျွန်တော်တို့ နှမြောလှပါသည်။ ဗိုလ်မှူးကဲ့သို့ ထူးချွန်ထက်မြက်သူ၊ ရဲရင့်သူ၊ သတ္တိ ရှိသူ၊ မျိုးချစ်စိတ်ဓာတ် လွှန်ကဲသူတစ်ဦး ကျဆုံးရခြင်းအတွက် ကျွန်တော်တို့အားလုံး စိတ်မကောင်းပါ။

"ဒ့ါကြောင့် ဗိုလ်မှူးကို ဂုဏ်ပြုပြီး ဒီခန်းမကြီးကို ဗိုလ်မှူး သူရအုန်းခိုင် ခန်းမရယ်လို့ အမည်ကင်ပွန်းတပ်ခဲ့တာပေ့ါနော်၊ ခန်းမ ကြီးရှေ့မှာ ဗိုလ်မှူးရဲ့ပုံတူကျောက်ရုပ်တို့၊ ကြေးရုပ်တို့ကိုပါ သွန်း ထုထားနိုင်ရင် ပိုကောင်းမှာပဲနော်. . ."

မစံပယ်၏စကားကြောင့် ကျွန်တော်တို့တွေအားလုံး သဘောတူကြောင်း ခေါင်းညိတ်လိုက်မိကြသည်။

"၁၉၇၈ ခုနှစ်၊ လွတ်လပ်ရေးနေ့ ဘွဲ့ထူးဂုဏ်ထူးတွေ ချီးမြှင့် ရာမှာ တပ်မတော်လေ ၁၃၁၁ ဗိုလ်မှူးအုန်းခိုင်ကို ကာကွယ်ရေး



ဝန်ကြီးဌာန ကောင်စီအထူးအမိန့် ၁/အထူး/၇၈ နဲ့ "သူရ" စွမ်းရည်ဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရပါတယ်. ."

"ကျွန်တော်တို့ ရှမ်းတဲလေကြောင်း အတတ်သင် လေတပ် စခန်းကလည်း ဗိုလ်မှူးကို အမြဲထာဝရ သတိရနေစေရန် ၁၉၉၈ ခုနှစ်မှာ ဒီခန်းမကြီးဆောက်ပြီး ဗိုလ်မှူးသူရအုန်းခိုင်အမည် ကင်ပွန်း တပ်ကာ ဗိုလ်မှူးကို ဂုဏ်ပြုခဲ့ပါတယ်. . ."

ကျွန်တော်တို့သည် ဗိုလ်မှူး၏ရှင်းလင်းပြောကြားချက်များကို နားထောင်ရင်း ဗိုလ်မှူးသူရအုန်းခိုင်အား ကြည်ညိုလေးစားနေ မိကြပါသည်။

"တကယ်တော့ ဗိုလ်မှူးသူရအုန်းခိုင်ကို လေးစားတယ်၊ ချစ်တယ်၊ ကြည်ညိုတယ်ဆိုရင် သူ့ရဲ့စိတ်ဓာတ်၊ သူ့ရဲ့နှလုံးသားလို မျိုးချစ်စိတ်ရှိကြပြီး သူ့လိုထူးချွန်ထက်မြက်အောင် ကြိုးစားကြဖို့က ပိုပြီးပဓာနကျပါတယ်၊ မောင်ရင်တို့တွေလည်း သူ့လိုထူးချွန်ပြီး မျိုးချစ်စိတ်ရှိသူတွေ ဖြစ်ကြပါစေ. ."

ဗိုလ်မှူးသည် သူ့စကားကို အဆုံးသတ်လိုက်လေပြီ။ ကျွန်တော် တို့လည်းနေရာမှ ထကြပြီး ဆရာ၊ ဆရာမများခေါင်းဆောင်ကာ ရှမ်းတဲ လေတပ်ဝင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြရန် ကားများပေါ်သို့ တက်လိုက်မိကြပါပြီ။

ကျွန်တော်တို့တွေ အမြဲတမ်း ဗိုလ်မှူးသူရအုန်းခိုင်ကို သတိရ နေပြီး သူ့လို ထူးချွန်သူ၊ မျိုးချစ်စိတ်ရှိသူဖြစ်ရန် ကြိုးစားကြမည် ဟု ကြိတ်၍ဆုံးဖြတ်ချက် ချလိုက်မိကြပါသတည်း။ ။

c c c c c c

# ပလောင်သီတင်းကျွတ်ပွဲ

ကျွန်တော်ဆမ်တစ်ပါ၊ ပလောင်အမျိုးသားလေးတစ်ယောက်ဖြစ်ပါသည်။ ကျွန်တော်တို့ပလောင်အမျိုးသားများသည် မွန်ခမာအုပ်စုမှပေါက်ဖွားလာသည်ဟု တာ (အဘိုး)ကပြောဖူးပါသည်။ ကျွန်တော်တို့သည် တရုတ်ပြည်မြောက်ပိုင်းမှ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့ကြသည့် မွန်ဂိုမျိုးနွယ်စုများဖြစ်ကြောင်းလည်း ယာ (အဘွား)ကပြောပြပါသည်။

ကုန် (အဖေ) နှင့်မာ (အမေ)တို့ကလည်း ဤသို့ပြောပြဖူးပါသည်။

“တို့ပလောင်တွေဟာ ရှမ်းပြည်နယ်မြောက်ပိုင်း ဆဒုံးဒေသ၊ ဗန်းမော်နယ်ထဲက ဂေါ်ရီဒေသ၊ မိုးကုတ်ကျောက်တွင်းဒေသ၊ မိုးမိတ်နယ်ထဲက ရွှေလီမြစ်လက်ဝဲဘက်ကမ်း ကိုးထောင်ဒေသ၊ တောင်ပိုင်းနယ်၊ သီပေါ၊ လားရှိုး၊ မြောက်ပိုင်းနမ့်ဆမ်နယ်၊ သိန္နီနယ်၊ ကွမ်းလုံနယ်၊ ကိုးကန့်နယ်၊ မိုင်းရှူးဒေသနဲ့ ကလော ပင်းတယ ဝန်းကျင်ဒေသတွေမှာ နေထိုင်ကြတယ်” ဟုဆိုပါသည်။

ရှမ်းပြည်နယ်တစ်ခုလုံးတွင် ပလောင်အမျိုးသားများနှစ်သိန်းခန့် နေထိုင်ကြကြောင်း ကျွန်တော်တို့ရွာမှ ဘုန်းတော်ကြီးအရှင်သီရိ





ကပြောပြပါသည်။ ပြီးတော့ ကျွန်တော်တို့ပလောင်အမျိုးသားသည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်ဟုလည်း သိရှိရပါသည်။

ကျွန်တော်တို့က ဗုဒ္ဓဘာသာဝင်များပီပီအလှူအတန်းကိုလည်း ဝါသနာပါသည်။ ကျွန်တော်တို့အပျော်ရွှင်ဆုံးလမှာ သီတင်းကျွတ်လဖြစ်ပြီး အပျော်ရွှင်ဆုံးပွဲတော်မှာ သီတင်းကျွတ်မီးထွန်းပွဲတော်ပင်ဖြစ်ပါသည်။

သီတင်းကျွတ်လရောက်လျှင် ကျွန်တော်တို့ပလောင်တောင်တစ်ကြောတွင် အိုးစည်သံများညံပြီး ကြေးစည်သံအမျှဝေသံများလည်း လျှံခဲ့သည်သာ . . .။

ကျွန်တော်သည် သူငယ်ချင်း ညီဆမ်၊ အိုင်စိုင်းနှင့် အီကာ၊ အီဒီ၊ အီဒက် တို့တွေကို ငေးကြည့်လိုက်မိသည်။

“တို့ဘုန်းကြီးကျောင်းကိုသွားမလို့၊ ဒီနေ့သီတင်းကျွတ်လဆန်း (၁၄) ရက်နေ့မဟုတ်လား၊ တို့တံခွန်တိုင်ကို အလှူဆင်ရမယ်၊ ဟေ့ဆမ်တစ် ထမင်းစားပြီးပြီလား သွားကြမယ်လေ. . .”

ဟု ညီဆမ်ကဆိုသည်။ အီကာ၊ အီဒီ၊ အီဒက်တို့လက်ထဲတွင် ကတ်ကြေးတစ်လက်စီနှင့် စက္ကူရောင်စုံ၊ ချည်ရောင်စုံများကိုတွေ့နေရသည်။

“အော်. . . ညီဆမ်၊ အိုင်စိုင်းတို့ အီကာတို့တွေပါလား၊ ကျောင်းဒါယကာ ဦးဗွိဒီနဲ့ ကျောင်းဒါယိကာမ ဒေါ်အီကရှူးတို့တောင် ဘုန်းကြီးကျောင်းကိုသွားတာ မြင်လိုက်တယ်။ တို့လဲ ဘုန်းကြီးကျောင်းကိုလိုက်ခဲ့မယ်ဟေ့၊ နင်တို့က တံခွန်တိုင်အလှူဆင်ကြသလို တို့ကလဲ သာသနာ့အလံလေးတွေ တပ်ဆင်ပေးကြမယ်၊ ဟေ့ကောင်ဆမ်တစ် အဝတ်လဲပြီးလိုက်သွားလေ . . .”

ဟု ကုန် (အဖေ) ကပြောလေသည်။ ကျွန်တော်လည်းအဝတ်လဲပြီး ညီဆမ်တို့နှင့်အတူ တံခွန်တိုင်ကြီးစိုက်ထူလုပ်အားပေးရန်ထွက်ခဲ့ကြပါသည်။

ဘုန်းကြီးကျောင်းရောက်တော့ တံခွန်တိုင်လုပ်ဖို့ ဝါးဘိုးဝါးကြီးကိုအသင့်တွေ့ရသည်။ မိန်းကလေးများက တန်ဆောင်းကြီးထဲတွင်ချည်ရောင်စုံများနှင့် ပန်းပွင့်၊ ပန်းပွား၊ လိပ်ပြာရုပ်လေးများကို တံခွန်တိုင်တွင်တပ်ဆင်ရန်ပြုလုပ်နေကြပါသည်။

ယောကျ်ားလေးများက တံခွန်တိုင်စိုက်ထူရန်နေရာကို သန့်ရှင်းရေးလုပ်ကြရပါသည်။ ပေါက်ပြားများဖြင့် ရှင်းလင်းခုတ်ထွင်မြေညှိကြရပါသည်။ အနီးအနားရှိ ချုံနွယ်ပိတ်ပေါင်းများကိုလည်း ခုတ်ထွင်ရှင်းလင်းရပါသည်။ ပြီးတော့ တံခွန်တိုင်စိုက်ထူရန် တွင်းကြီးကိုလည်းတူးကြရပါသည်။

ထို့ပြင် ကျောင်းဝင်းကြီးတစ်ခုလုံးအား သာသနာ့အလံလေးများ တပ်ဆင်လွှင့်ထူကြပါသည်။ ချည်ကြိုးတန်းပြီး ကျောင်းဝင်တစ်လျှောက်နှင့် ကျောင်းရှေ့မျက်နှာစာတစ်လျှောက်တွင် သာသနာ့အလံလေးများတပ်ဆင်ပြီး ဗုဒ္ဓသာသနာ့ထွန်းပြောင်နေသည့်ပလောင်တောင်အလှကိုပြသနေသည်နှင့်တူပါသည်။

တံခွန်တိုင်ကြီးအား ပန်းပွင့်၊ ပန်းပွား၊ လိပ်ပြာရုပ်လေးများဖြင့်အလှဆင်ပြီးသော် ညနေပိုင်းတွင် စိုက်ထူလိုက်ပါသည်။ တံခွန်တိုင်စိုက်ထူပြီးနောက် ရွာသူရွာသားအားလုံးသည် အနံ့ပါသောစပါးပင်၊ ငှက်ပျောပင်၊ ကြံပင်များကိုယူဆောင်လာကြကာ စိုက်ထူထားသောတံခွန်တိုင်နှင့် ဘုန်းကြီးကျောင်းရှိ ကျောင်းတိုင်များတွင် ကပ်ချည်



လှူဒါန်းကြပါသည်။ စပါးသီးနှံများ၊ စားသုံးသီးနှံများအောင်မြင်ဖြစ်ထွန်းစေရန်ဆုပန်ပြီး လှူဒါန်းကြခြင်းဖြစ်ပါသည်။

အဖိတ်နေ့ညနေတွင်ပင် ရွာသူရွာသားများသည် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း သဲပုံစေတီများပြုလုပ်ကြရပါသေးသည်။ ရွာရှိလူကြီးများက သဲပုံစေတီအား ရာဇမတ်ကာပေးကြရပါသည်။

ထို့ပြင် ရောင်စုံမီးပုံးများထွန်းညှိဖို့လည်း ကြိုးတန်း၊ တုတ်တန်းများကို ရပ်ရွာလူကြီးများက စီမံပြီး လူငယ်များကဝိုင်းဝန်းပြုလုပ်ပေးရပါသည်။

ထို့ပြင် သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ပြိုင်ပွဲဝင်မည့် စည်ကြီးများနှင့်တကွ တူရိယာပစ္စည်းများ အဆင်သင့်သူ့နေရာနှင့်သူ၊ သူ့ရွာနှင့်သူ နေရာသတ်မှတ်စီစဉ်ထားရပါသေးသည်။

သီတင်းကျွတ်လပြည့်နေ့တွင်ကား နံနက်စောစောတွင် ဘုန်းတော်ကြီးကျောင်းသို့ဆွမ်းတော်ကြီးကပ်လှူရန် အိမ်တိုင်းအိမ်တိုင်းက ဆွမ်း၊ ဆွမ်းဟင်း၊ မုန့်အမျိုးမျိုး၊ ဖယောင်းတိုင်၊ အမွှေးတိုင်များယူဆောင်ကာ သွားရောက်လှူဒါန်းကြပါသည်။ ထို့ပြင် အဖိတ်နေ့ကပြုလုပ်ထားသော သဲပုံစေတီအား စုပေါင်းရေစက်ချအမျှဝေခြင်းကိုပြုလုပ်ရပါသည်။

ထိုနေ့ နံနက်ပိုင်းတွင်ပင် ရပ်ရွာတွင်းရှိ သက်ကြီးရွယ်အိုများ၊ ဆွေမျိုးမိဘများ၊ ဆရာသမားများအားဦးဦးဖျားဖျားခူးခပ်ထားသောထမင်းကောင်း၊ ဟင်းကောင်းများဖြင့် သွားရောက်လှူဒါန်းကန်တော့ကြပါသည်။

သီတင်းကျွတ်လပြည့်နေ့မှစတင်ကာ ကိုယ့်ရွာအုပ်စုအလိုက်၊ မိမိတို့ပတ်ဝန်းကျင်ရှိ ရွာအသီးသီးမှ ဘုန်းတော်ကြီးကျောင်းများသို့

တစ်ရွာနှင့်တစ်ရွာ အပြန်အလှန်သွားရောက်ကန်တော့ကြခြင်း၊ အလှူဒါနပြုလုပ် တရားနာကြခြင်း၊ စည်ကြီးအတီးပြိုင်ခြင်း၊ အပျိုလူပျိုများစုပေါင်းကပြခြင်းတို့ဖြင့် ပလောင်တောင်တကြော မမောနိုင်အောင် ရှိကြပါသည်။

ပလောင်လူပျိုများက အပျိုများအား အပြင်မှ ဝိုင်းပတ်လျက် ပတ်လည်ဝိုင်းအနေအထားဖြင့် တပျော်တပါး မြူးကြွစွာ စီတန်းလာကြသည်မှာ အလွန်ပျော်စရာကောင်းပါသည်။

စည်ကြီးအတီးပြိုင်ပွဲကလည်း အံ့မခန်းပင်၊ အပျိုလူပျိုတို့၏ စုရပ်အလယ်တွင် စည်ကြီးများ ချိတ်ဆွဲထားနိုင်ရန် စင်များပြုလုပ်ထားပါသည်။ ထိုစည်ကြီးများ တီးသောအခါ လင်းကွင်းနှင့်မောင်းကြီးတစ်လုံးစီလည်း ပါရသည်။ စည်ကြီးကို သရုပ်ပါပါယှဉ်ပြိုင်တီးကြရသည်။ အရှုံးအနိုင်ကို စည်ကြီးကြာမြင့်စွာ အသံကျယ်ကျယ် မြည်ဟည်းနိုင်မှုအပေါ် မူတည်ဆုံးဖြတ်ကြပါသည်။

စည်ကြီးအသံမမြည်ပါက ကန်တော့ပန်းတင်၍ ကန်တော့ရသော ဓလေ့လည်းရှိပါသည်။ သီတင်းကျွတ်လရာသီပွဲတော်နေ့များတွင် ကန်တော့ခံရွာများသည် ကန်တော့လာသည့် ဆွေမျိုးမိတ်သင်္ဂဟများအတွက် ထမင်းဟင်းများကို အလုံအလောက် ချက်ပြုတ်ထားလေ့ရှိပါသည်။ ဧည့်သည်များ မငြိုမငြင်စေရပါ။ အိမ်တိုင်းအိမ်တိုင်းက ဧည့်သည်များအတွက် အဆင်သင့်ပြင်ဆင်ထားလေ့ရှိပါသည်။

ညအခါတွင် ကားဆီမီးရောင်စုံထွန်းညှိကာ ဘုန်းတော်ကြီးကျောင်းတွင်သာမက ရွာထဲရှိ အိမ်တိုင်းတွင် မီးပုံးရောင်စုံများ၊



ဖယောင်းတိုင်မီးများဖြင့် တာဝတိံသာနတ်ပြည်မှ သက်ဆင်းကြွမြန်းလာသည့် မြတ်စွာဘုရားအား ပူဇော်ကန်တော့ကြပါသည်။

သီးတင်းကျွတ်မီးထွန်းပွဲတော်ရက်များအတွင်း ကျွန်တော်တို့သူငယ်ချင်းများနှင့်အတူ အခြားပလောင်ရွာများရှိ ဘုန်းတော်ကြီးကျောင်းများသို့ လှည့်လည်ကန်တော့ကြ၊ သက်ကြီးရွယ်အိုများအားလည်း စားဖွယ်သောက်ဖွယ်အစုံအလင်ဖြင့် ကန်တော့ကြပြီး ဆွေမျိုးများ ကျွေးသည့် ထမင်းဟင်းလျာများကို တပျော်တပါး စားကြ၊ ညအချိန်တွင် ဘုန်းတော်ကြီးကျောင်းဝင်းရှိ ဇာတ်စင်မြင့်ထက်တွင် ရိုးရာအကများကပြကြ၊ ရိုးရာတေးသီချင်းများဆိုကြ၊ ရိုးရာကျေးလက်ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ကြနှင့် ပျော်တပြုံးပြုံး ရှိခဲ့ကြပါသည်။

ကျွန်တော်တို့ ပလောင်ကျေးရွာရှိ သီတင်းကျွတ် မီးထွန်းပွဲတော်လေးသည် သူ့အဆင်းနှင့်သူ လှနေပါသည်။ သူ့ဂုဏ်နှင့်သူ တင့်နေပါသည်။ သူ့ရနံ့နှင့်သူ သင်းနေပါလိမ့်မည်။

သူငယ်ချင်းတို့ ရှမ်း၊ ဗမာ၊ မွန်၊ ရခိုင်စသည့် တိုင်းရင်းသားအများ၏ သီတင်းကျွတ်မီးထွန်းပွဲတော်များသည်လည်း ကျွန်တော်တို့နှယ် ကုသိုလ်လည်းရ ဝမ်းလည်းဝ၊ ပျော်လည်းပျော်ရွှင်ကြလိမ့်မည်ဟု ကျွန်တော်မှန်းဆတွေးထင်နေမိပါသည်ခင်ဗျား။ ။

င င င င င င

# ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့်တည်

ကျွန်တော်နှင့်ရဲလင်းအောင်တို့သည် ရေနံတွင်းအမှတ် ၁၁၂၁ ကို လေ့လာကြည့်ရှုမှတ်သားနေမိကြသည်။ ဤရေနံတွင်းကို ၁၉၆၄ ခုနှစ်၊ အောက်တိုဘာ ၆ ရက်နေ့ကစတင် တူးဖော်ခဲ့ကြောင်း သိရပါသည်။ တွင်းအနက်မှာ ၂၉၀၀ ပေ ရှိပြီး ရေနံထုတ်ယူနေသော သဲကြောအနက်ပေမှာ ၂၄၉၂ မှ ၂၅၀၀ အတွင်း၊ ၂၆၉၀ မှ ၂၇၀၀ အတွင်း၊ ၂၇၁၅ မှ ၂၇၃၀ အတွင်း၊ ၂၈၀၀ မှ ၂၈၁၀ အတွင်း ထုတ်ယူလျက်ရှိကြောင်း သိရပါသည်။

၁၉၆၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ကစပြီး နေ့စဉ်ထွက်ရှိနှုန်းမှာ ရေနံ ၂၉ စည် ထွက်ခဲ့ကြောင်း သိရပြီး၊ ယခုအခါ နေ့စဉ်ပျမ်းမျှ ၂၇ စည် ထွက်ရှိနေကြောင်း သိရပါသည်။ ယနေ့ထိ ထုတ်ယူပြီး ရေနံစည်ပေါင်းမှာ ၇၀၀၄ စည်ထုတ်ယူပြီးကြောင်း သိရပါသည်။

ဤသည်မှာ ရေနံတွင်းအမှတ် ၁၁၂၁ ၏ ရေနံထွက်ရှိနှုန်း ဖြစ်ပါသည်။ ချောက်ရေနံမြေတွင် ရေနံတွင်းပေါင်း နှစ်ထောင်ကျော် ရှိပါလိမ့်မည်။





ကျွန်တော်တို့သည် ဧရာဝတီမြစ်ကမ်းနားတစ်လျှောက်ရှိ ရေနံတွင်းများကို လိုက်လံကြည့်ရှုလေ့လာနေကြခြင်း ဖြစ်ပါသည်။ ရှင်းရှင်းပြောရလျှင် ကျွန်တော်သည် ရေနံတွင်းများကို တစ်ခါမျှ မမြင်ဘူးပါ။ ချောက်မြို့ရှိ သူငယ်ချင်းရဲလင်းအောင်ထံ အလည်လာရင်း သူနှင့်အတူ ရွှေပုံတောင်ဘုရားအား ဖူးမြော်ကန်တော့ကာ ရေနံမြေအတွင်း လှည့်လည်ကြည့်ရှုနေကြခြင်း ဖြစ်ပါသည်။

ချောက်မြို့၏ပူလောင်သော နေရောင်ခြည်အောက်တွင် ရေနံတွင်းလုပ်သားများသည် ချွေးတပြိုက်ပြိုက်ကျလျက် ရေနံတွင်းရှိ စက်များကို ပြင်ဆင်နေကြပုံ၊ တူးဖော်ထုတ်လုပ်ပြီး ရေနံလှောင်ကန်များသို့ ပို့လွှတ်နေကြပုံများကို စိတ်ဝင်တစား ကြည့်ရှုရင်း အရိပ်ကောင်းရာ ထနောင်းပင်ကြီးအောက်တွင် အမောဖြေနားလိုက်ကြပါသည်။

"ချောက်မြို့ကိုရောက်တော့ သမိုင်းမှာသင်ခဲ့ရတဲ့ ရေနံမြေသပိတ်ဆိုတာကို သတိရမိတယ်၊ ပြီးတော့ သခင်ဖိုးလှကြီးတို့ အလုပ်သမားတွေ ဘီဘိုစီကုမ္ပဏီက မျက်နှာဖြူ အရင်းရှင်တွေကို သပိတ်မှောက်ဆန္ဒပြခဲ့ကြတာတွေကို တွေးမိပြန်တယ် . . . "

ကျွန်တော့်စကားကိုကြားတော့ ရဲလင်းအောင်က ပြုံးသည်။

"ဘီအိုစီကုမ္ပဏီဟာ သူ့ရဲ့လက်ပါးစေ မျက်နှာဖြူအရာရှိတွေကို လေကောင်းလေသန့်ရရှိပြီး ရှုခင်းရှုကွက် သာယာတဲ့ ဧရာဝတီမြစ်ကမ်းနဖူးက ထူးခြားသန့်ပြန့်တဲ့ နေရာမှာ ဥယျာဉ်တွေ၊ ပန်းခြံတွေ၊ တိုက်တာ အဆောက်အအုံတွေမှာ ရေမီးအစုံနဲ့ ခမ်းနားထယ်ဝါစွာ ထားရှိခဲ့တယ်၊ စာရေးစာချီတွေကို သုံးပင်နှစ်ခန်း သစ်သားအိမ်ငယ်များနဲ့ထားပြီး အလုပ်သမားတွေကိုတော့ ရှစ်ပေ

ပတ်လည်အခန်းငယ် အခန်းကျဉ်းလေးထဲမှာ စုပေါင်းတန်းလျား တွေနဲ့ ထားပါတယ်။ အိမ်အမျိုးအစားကိုသာ ခွဲခြားထားတာ မဟုတ်ပါဘူး၊ နေရာဒေသကိုပါ ဗိုလ်အိမ်ကုန်း၊ စာရေးတန်း၊ အလုပ်သမား တန်းလျားဆိုပြီး ခွဲခြားထားသေးတယ်လေ၊ ရှင်းရှင်းပြောရရင် ရေနံမြေက အလုပ်သမားတွေဟာ ရေနံထွက်ရှိရေးအတွက် ပင်ပင်ပန်းပန်းဆောင်ရွက်ပေးခဲ့ကြရပေမယ့် သူတို့မှာ ရေမီးမပြည့်စုံတဲ့ အခန်းကျဉ်းလေးမှာသာ နေခဲ့ကြရ၊ ပေးတဲ့လစာကလည်း အရာရှိကြီးတွေရတဲ့ လစာနဲ့ အဆမတန် ကွာဟနေတာကြောင့်လည်း သခင်ဖိုးလှကြီး ဦးဆောင်တဲ့ရေနံမြေက အလုပ်သမားထုရဲ့ အုံကြွတော်လှန်တဲ့ ရေနံမြေသပိတ်ကြီး ပေါ်ပေါက်လာခဲ့တာပေါ့ဗျာ”

“ဟုတ်ပါရဲ့၊ ချောက်မြို့ကစတဲ့ရေနံမြေသပိတ်ဟာ ရေနံချောင်း၊ လမ်းရွာ၊ စဥ့်ကူးမြို့တွေက ရေနံမြေအလုပ်သမားတွေထိ ကူးစက်ပြီးအင်အားတောင့်တင်းခိုင်မာတဲ့ ရေနံအလုပ်သမားထုကြီးဟာ ရန်ကုန်မြို့ထိ ချီတက်ဆန္ဒပြခဲ့တဲ့ အရေးတော်ပုံကြီးမို့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ မှတ်တမ်းတင်ခဲ့ကြတာပဲနော်”

“ရေနံမြေအလုပ်သမားထုကြီးကို ထောက်ခံအားပေးပြီး ကူညီပံ့ပိုးခဲ့တဲ့ တို့ဗမာအစည်းအရုံးဝင်တွေ ကျောင်းသားခေါင်းဆောင်တွေကြောင့်လည်း ရေနံမြေအလုပ်သမားတွေ အားတက်ခဲ့ရတာပေါ့နော်”

“သိပ်ဟုတ်တာပေါ့၊ မျက်နှာဖြူလက်ပါးစေဖြစ်တဲ့ ပုလိပ်တွေက အလုပ်သမားထုကြီးကို မြင်းတပ်အားနဲ့ဖြိုခွင်းဖို့ ကြိုးစားခဲ့ကြသေးတယ် မဟုတ်လား၊ အဲဒီမှာ တို့ဗမာအစည်းအရုံးက သခင်ဗဟိန်းရဲ့ မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ်



ဆိုတဲ့ ရဲရဲတောက် မိန့်ခွန်းဟာလည်း မော်ကွန်းဝင်သမိုင်းတွင်ခဲ့တဲ့ မိန့်ခွန်းပဲနော်”

“ဒါ မြန်မာ့သတ္တိ၊ မြန်မာ့အားမာန်ကိုပြတဲ့ မိန့်ခွန်း မဟုတ်လား”

“ဟုတ်တယ်ဗျာ၊ ဒါ့ကြောင့် မြန်မာ့လွတ်လပ်ရေးအစ ချောက်မြို့ကလို့တောင် ဆိုလိုက်ချင်ပါရဲ့”

ဟု ကျွန်တော်က ပြောလိုက်သောအခါ ရဲလင်းအောင်က ပြုံးပြီး-

“ကျွန်တော်တို့ ချောက်မြို့သူမြို့သားတွေဟာ မျက်နှာဖြူနယ်ချဲ့အစိုးရကို အေးစေတီဘုရားတည်ပြီးတောင် ဆန့်ကျင်ကြသေးတယ်”

“ဘယ်လို. . ဘုရားတည်ပြီး ဆန့်ကျင်ကြတယ် ဟုတ်လား. .”

ကျွန်တော့်အမေးကို ရဲလင်းအောင်က ပြုံးပြီး-

“၁၃၀၀ ပြည့် အရေးတော်ပုံကြီး မပေါ်ပေါက်ခင် စပ်ကူးမတ်ကူးကာလမှာ လယ်သမားတွေဟာ စပါးဈေးတွေ အဆမတန်ကျဆင်းလို့ စီးပွားရေးအကြပ်အတည်းနဲ့ ရင်ဆိုင်နေကြရတဲ့အချိန်၊ တစ်ဘက်ကလည်း အစိုးရဟာ မြေခွန်၊ ယာခွန်၊ လူခွန်တွေကို တိုးမြှင့်ကောက်ခံခဲ့တဲ့အတွက် ပြည်သူလူထုအားလုံး ဒုက္ခတွေပင်လယ်ဝေဖြစ်နေကြတဲ့အချိန်၊ ပြီးတော့ ချစ်တီးကုလားတွေကလည်း ကြွေးမဆပ်နိုင်တဲ့လူတွေကို ကျွဲသိမ်း၊ နွားသိမ်း၊ လှည်းသိမ်း၊ လယ်ယာတွေသိမ်းနဲ့ အမွေအနိုင်ကျင့်နေကြတဲ့အချိန် ရန်ကုန်မှာလည်း ကုလားဗမာအထိကရုဏ်းဖြစ်ပြီး ရိုက်ကြ၊ နှက်ကြ၊ သတ်ကြ ဖြစ်နေကြတဲ့အချိန်၊ အဲ. . ကျွန်တော်တို့ရေနံမြေမှာလည်း စောစောက

ပြောသလို ဘီအိုစီ ရေနံကုမ္ပဏီက မမျှမတနဲ့ အရာရှိနဲ့ အလုပ်သမားတွေကို ခွဲခြားပြီး လစာ၊ နေအိမ်၊ အခွင့်အရေးတွေ သီးသန့်စီခံစားခွင့်ပေးနေတဲ့အတွက် အလုပ်သမားသပိတ်ကြီး ပေါ်ပေါက်တော့မယ့်အချိန်၊ မြန်မာပြည်တစ်နံတစ်လျားမှာ ခုလို တဘောင်လေး ပေါ်လာတယ်ဗျာ. . ”

ကျွန်တော်က ရဲလင်းအောင်စကားကို စိတ်ဝင်စားကာ နားစွင့်နေလိုက်သည်။

“အဲဒီတဘောင်က. . ဘုရားလေးငယ်ငယ်၊ ကိုးတောင်ပြည့်တယ်၊ ငယ်သာငယ်ကယ်ဆယ်မယ့်ဘုရား၊ ဓာတ်ကောလီ သုံးဆယ်ဆိုက်အောင်၊ ဖူးလိုက်အများ. . ဆိုတဲ့ တဘောင်ပါပဲ”

ရဲလင်းအောင်က သူ့စကားကို ခေတ္တနားပြီး ရေနံတွင်းများဆီ ငေးကြည့်နေလိုက်သေးသည်။

“အဲဒီလိုနဲ့ ကျွန်တော်တို့ ချောက်မြို့မှာ အေးစေတီဘုရားတည်မယ်ဆိုတော့ ချောက်ရေနံမြေဒေသကို စီမံအုပ်ချုပ်နေတဲ့ လက်ထောက်ရေနံဝန် Assisant warden J.M.G Faan က တားမြစ်ပါတယ်။ အဲဒီအခါမှာ မြို့မိမြို့ဖများနဲ့ ဂေါပကလူကြီးတွေက ယခုတည်မယ့်ဘုရားဟာ ကိုးတောင်ပြည့်စေတီဘုရားမဟုတ်ပါဘူး၊ ရှစ်မျက်နှာဘုရားဖြစ်ပါတယ်၊ ဗုဒ္ဓဘာသာမြန်မာအမျိုးသားများအနေနဲ့ ဘုရားစေတီတစ်ဆူရှိဖို့ လိုအပ်ပါတယ်လို့ ရှင်းလင်းပြောပြတော့မှ ရေနံဝန်က ကိုးတောင်ပြည့်မဟုတ်ရင် မကန့်ကွက်ပါဘူး၊ ဒါပေမဲ့ ခွင့်လည်း မပြုဘူးလို့ ပြောခဲ့ပါတယ်”

“ဒါဆို အေးစေတီကို တည်ဖြစ်အောင် တည်ခဲ့ကြတာပေါ့နော်”



“တည်ဖြစ်တာပေါ့ဗျာ၊ ၁၂၉၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ ၁၉၃၀၊ နိုဝင်ဘာ ၄ ရက် အင်္ဂါနေ့မှာ အေးစေတီဘုရားကို အောင်အောင်မြင်မြင် တည်ထားကိုးကွယ်နိုင်ခဲ့ပါတယ်”

“အေးစေတီဘုရားကို ဆရာတော်ဦးနန္ဒဦးစီးပြီး ဖိနပ်တော်မှ ပစ္စယံငါးဆင့်ထိ ကိုးတောင်၊ သပိတ်မှောက်မှ ထီးတော်စိန်ဖူးတော်ထိ ကိုးတောင်၊ စုစုပေါင်း ၁၈ တောင်၊ ၂၇ ပေ ရှိပါတယ်၊ တြင်းကြေနဝင်းကြေ သတ္တပိသကြေ တည်ထားကိုးကွယ်ခဲ့တာ ဖြစ်ပါတယ်၊ မျက်နှာဖြူအရာရှိကို ပြောခဲ့သလို ရှစ်မျက်နှာ ဂူဘုရားပုံ တန်ဆောင်းပြာသာဒ်တွေနဲ့ စေတီကို တည်ထားကိုးကွယ်ခဲ့တာ ဖြစ်ပါတယ်”

အခုလက်ရှိ မဟာအေးစေတီကြီးကိုတော့ ဆရာတော် ဦးနန္ဒရဲ့ ခွင့်ပြုချက်နဲ့ ရန်ကုန်မြို့မှ ဆေးဝင်္ဂဘာဆရာတော် ဦးသူရိယနဲ့ အေးစေတီကျောင်းကို တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဇောတိက ဆရာတော်တို့ ဦးစီးပြီး မြို့လူထုထည့်ဝင်ငွေများနဲ့ အသစ်တစ်ဖန် တည်ထားကိုးကွယ်ခဲ့ပါတယ်၊ ဒါကြောင့် အခုလက်ရှိမဟာအေးစေတီကြီးကို ၁၃၂၃ ခုနှစ်၊ တပို့တွဲလဆုတ် ၁၁ ရက် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက် သောကြာနေ့မှာ ထီးတော်ကို အောင်မြင်စွာ တင်လှူနိုင်ခဲ့ပါတယ်”

ရဲလင်းအောင်က ခဏနားပြီး ဧရာဝတီမြစ်ကြီးဖက်သို့ ငေးငိုင်ကြည့်နေလိုက်ပါသည်။

“ခုလို ပြန်ပြင်လိုက်တော့ ဉာဏ်တော်အမြင့်တွေ ပြောင်းလဲမသွားဘူးလား”

ကျွန်တော့်စကားကြောင့် ရဲလင်းအောင်က ဆက်ရှင်းသည်။

“အရင်တည်ထားကိုးကွယ်ခဲ့တာက မျက်နှာဖြူတွေကို ဆန့်ကျင်ပြီး တြင်းကြေနဝင်းကြေ တည်ထားခဲ့တဲ့ အေးစေတီ၊ အခု ထပ်မံတည်ဆောက်လိုက်တဲ့ စေတီက မဟာအေးစေတီတဲ့၊ မဟာအေးစေတီဘုရားဟာ မူလအေးစေတီဘုရားကိုလည်း မူရင်းအတိုင်း ဖူးမြော်နိုင်စေပြီး ပိုမိုထည်ဝါသပ္ပာယ်စွာနဲ့ ကြည်ညိုသဒ္ဓါပွားနိုင်အောင် မူလအေးစေတီရဲ့ အပေါ်အထက်မှာ မဟာအေးစေတီဆိုပြီး စေတီနှစ်ဆူကို အထက်နဲ့အောက် ထပ်ဆင့်ပြီး တည်ထားကိုးကွယ်တာ ဖြစ်ပါတယ်၊ ဘုရားဖူးလာသူတွေအဖို့ မူလအေးစေတီကိုလည်း ရှေးမူမပျက် ဖူးမြော်ကန်တော့ ကြည်ညိုနိုင်ပါတယ်၊ မဟာအေးစေတီကြီးကိုတော့ ချောက်မြို့တစ်ခွင်က တွေ့မြင်ဖူးနိုင်အောင် စီစဉ်ထားတာ ဖြစ်ပါတယ်”

“ဒါဖြင့် မူလအေးစေတီကော လက်ရှိမဟာအေးစေတီကြီးကိုကော ဘုရားဖူးလာသူတွေ ကြည်ညိုသဒ္ဓါပွား ဖူးမြော်နိုင်တာပေါ့နော်”

“ဟုတ်ပါတယ်၊ စောစောကပြောခဲ့သလို မူလအေးစေတီကြီးဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးသားနိုင်ငံရေး၊ ဝံသာနုရက္ခိတ တရားများရှင်သန်ရေးကို အကြောင်းပြုပြီး ပေါ်ပေါက်လာခဲ့တဲ့ စေတီတော်မြတ်ကြီးပါ။ ကိုးတောင်ပြည့်စေတီမတည်ရဘူးလို့ ပိတ်ပင်ထားတဲ့ကြားက ရှစ်မျက်နှာဂူဘုရားတည်မှာပါဆိုပြီး မူလအေးစေတီကို တြင်းကြေနဝင်းကြေ၊ သတ္တပီသကြေ တည်ထားခဲ့



တာ မဟုတ်လား၊ ဒါ့ပြင် ၁၂၉၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ ရက်၊ ၁၉၃၈ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်နေ့မှာ ရေအိုးစင်ချောင်၊ ချောက်ရွာမ၊ မော့တန်းလျား၊ ဂဲကြီးကုန်း၊ လွှစက်တန်းလျားမှာရှိတဲ့ အမျိုးသမီးသုံးရာကျော်ဟာ သပိတ်မှောက် အလုပ်သမားတွေကို ဦးဆောင်ပြီး သပြေပန်းတွေကိုင်ဆောင်ကာ အေးစေတီဘုရားဆီ ချီတက်ခဲ့ကြတယ်၊ ဈေးအရှေ့ဖက်အရောက်မှာ မျက်နှာဖြူဝန်ထောက်နဲ့ပန်ချာပီ ပုလိပ်အရာရှိ ဆန်ဟန်ဆင်ဆိုသူတို့က တားမြစ်ခဲ့ကြတယ်၊ အဲဒီအချိန်က ချောက်မြို့မှာ ရေနံမြေ အလုပ်သမားတွေ သပိတ်မှောက်လို့ ပုဒ်မ ၁၄၄ ထုတ်ပြီးထားချိန်လည်း ဖြစ်တယ်၊ အဲဒီလို အချိန်မှာ ချောက်မြို့သူမြို့သားများရဲ့ မျက်နှာဖြူအစိုးရအပေါ် ပရိယာယ်ဉာဏ်ဆင်ပြီး နိုင်ငံရေးတိုက်ကွက်ဖန်တီးမှုဟာ လွန်စွာချီးကျူးဖွယ်ကောင်းခဲ့တယ်လို့ လူကြီးတွေက မှတ်ချက်ချခဲ့ကြပါတယ်၊ သခင်ဖိုးလှကြီး၊ သခင်ဖိုးတုတ်ကလေး၊ သခင်မဒေါ်အေး၊ သခင်မ ဒေါ်ဆယ်တို့ ဦးဆောင်မှုနဲ့မြို့လူထုရဲ့ မျိုးချစ်စိတ်၊ နိုင်ငံလွတ်လပ်ရေးရချင်စိတ်တို့ဟာ တစ်ရှိန်ထိုး မြင့်မားခဲ့ပါတယ်ဗျာ”

“ဒါဖြင့် အေးစေတီဟာ နယ်ချဲ့ဆန့်ကျင်ရေးအထိမ်းအမှတ်စေတီလို့ အမည်ပေးရင်ရမှာပေါ့နော်”

“ရတာပေါ့ ကိုမျိုး”

“ဒါဆို ရေနံတွင်းတွေ လေ့လာပြီးတာနဲ့ ကျွန်တော်တို့တွေ အေးစေတီဘုရားကြီးကို သွားရောက်ဖူးကြရအောင်ဗျာ”

ရဲလင်းအောင်က ထနောင်းပင်ရိပ်မှ ထလိုက်သည်။

"လာ. . ကိုမျိုး၊ နေသိပ်ပူနေတယ်၊ ရေနံတွင်းတွေ နောက်နေ့ မနက်စောစောမှ လေ့လာကြတာပေ့ါ၊ ကျွန်တော်တို့ အေးစေတီဘုရားဆီသွားပြီး ခိုနားကန်တော့ကြရအောင်"

"ကောင်းသားပဲ ရဲလင်းအောင်၊ နယ်ချဲ့မျက်နှာဖြူတွေကို ဆန့်ကျင်တော်လှန်ပြီး မျိုးချစ်စိတ်ဓာတ်တွေကို ဖော်ဆောင်ပေးခဲ့တဲ့ အေးစေတီကြီးကို ကျွန်တော် ဖူးချင်နေပြီဗျာ"

ကျွန်တော်တို့နှစ်ယောက်သည် ဆိုင်ကယ်စက်ကိုနှိုးပြီး ရေနံတွင်းများရှိရာ ဧရာဝတီကမ်းခြေမှ အေးစေတီဘုရားကြီးဆီသို့ ထွက်ခွာလာခဲ့ကြပါသည်။ ။

၄ ၄ ၄ ၄ ၄ ၄

# ငါးချဉ်စားပွဲ

စကားအင်းရွာတာတက်ပွဲမှာ နန်းချိုကို စတင်မြင်တွေ့မိခြင်း ဖြစ်သည်။ မြင်မြင်ချင်းပင် ကျွန်တော့်ရင်တွေခုန်ခဲ့မိသည်။ နန်းချိုက စကားအင်းရွာသူတော့ မဟုတ်၊ အင်းနီဟဲသိမ်ဘက်ရှိ မြောက်ကုန်း ပအိုဝ်းရွာသူတည်း. . ။

ကျွန်တော်တို့တောင်ရိုး၊ ဓနု၊ အင်းသား၊ ပအိုဝ်းတို့၏ တာတက်ပွဲဆိုသည်မှာ ဖူးစာရှင်ရှာပွဲ မဟုတ်လား၊ အနယ်နယ် အရပ်ရပ်မှ တာတက်ပွဲသို့ လာကြသော လှပျိုဖြူချောလေးများထဲမှ မိမိနှစ်သက်ဆုံးတစ်ယောက်ကို ရွေး၍ ခင်အောင်ကြိုးစားမည်။ သူ့ရွာသို့ လိုက်၍လည်မည်။ သူ့မိဘတွေ ဆွေမျိုးအသိုင်းအဝိုင်း ကို လေ့လာမည်။ အကဲခတ်မည်။

ကျွန်တော်တို့ရွာနှင့်မြောက်ကုန်းရွာသည် အတန်ငယ် ဝေးသည်။ ကျွန်တော်က မြောက်မြေခြားရွာတွင် နေသည်။ မြေခြား၊ တောင်ပတ်၊ စကားအင်း၊ အင်းနီတို့သည် တစ်ရွာနှင့်တစ်ရွာ အလှမ်းမဝေးသော်လည်း မိမိလယ်ယာစိုက်ခင်းများတွင် အချိန်ပြည့် ကြိုးစားအားထုတ်နေကြရသော ကျွန်တော်တို့ ပအိုဝ်းအမျိုးသား များမှာ ရွာတိုင်းရွာတိုင်းသို့ သွားလာလည်ပတ်နေနိုင်အားကြသည် မဟုတ်။

အာလူးချိန် အာလူး၊ ပန်းနှမ်းချိန် ပန်းနှမ်း၊ လယ်ချိန် လယ်၊ ချင်းချိန် ချင်း၊ မြေပဲချိန် မြေပဲနှင့် အလုပ်ရှုပ်နေကြသူများမဟုတ်ပါလား။ ယခုလို တစ်နှစ်တစ်ခါ ကျင်းပလေ့ရှိသော တာတက်ပွဲတွင်သာ ရွာတိုင်းရွာတိုင်းမှ ပွဲတော်လာ လုပျိုဖြူချောလေးများကို ငေးနိုင်သည်။ တွေ့နိုင်သည်။ လေ့လာနိုင်သည် မဟုတ်ပါလော။

"သူ့အမည်က နန်းချိုတဲ့၊ မြောက်ကုန်းရွာသူပေါ့"

နန်းချို၏အမည်ကို သိရန် သူနှင့်ရင်းနှီးသော မိန်းမပျိုလေးများကို မေးရသည်။ သူတို့က စုံးစမ်းပြီး ကျွန်တော့်ကို အဖြေပေးသည်။ ကျွန်တော်က တာတက်ပွဲတွင် ပဲလှော်စေ့လေးများဖြင့် ပေါက်ကာ နန်းချိုကို စသည်။ နန်းချိုကလည်း ကျွန်တော့်ကို သူ့လွယ်အိတ်ထဲမှ ပဲလှော်စေ့လေးများဖြင့် ပြန်ပေါက်သည်။

တာတက်ပွဲတွင် ခနေအိုးစည်သံ၊ ရှမ်းအိုးစည်သံ၊ တောင်ရိုးအိုးစည်သံ၊ ပအိုဝ်းအိုးစည်သံများကြားတွင် သူ့အပြုံးမျက်နှာလေးကို တွေ့ရသည်။ သူသည် ဘယ်ခြေညာလက်ဖြင့် ပဝါစလေးမြှောက်ကာမြှောက်ကာ ပအိုဝ်းအက ကနေသည်။

သူ့အကကို ငေးရင်း သူ့မျက်နှာလေးကို ကြည့်မဝ၊ တာတက်ပွဲတွင် ဆုံခဲ့သော နန်းချိုနှင့် ရင်းနှီးရန် မြောက်ကုန်းရွာသို့သွားရမည်။ မြောက်ကုန်းရွာမှ "ခိုဗန်တန်"ခေါ် ကာလသားခေါင်းနှင့် ညှိနှိုင်းပြီး နန်းချိုအိမ်ကို လိုက်ပို့ခိုင်းရမည်။ အို. . တွေးလိုက်ရင် ရင်တွေ ခုန်လှချေရဲ့. . ။

× × × × ×

မြောက်ကုန်းရွာသို့ "လည်မူနမ်"ခေါ် လူပျိုလှည့်လာရောက်ခဲ့သော ကျွန်တော့်အား မြောက်ကုန်းရွာမှ "ခိုဗန်တန်"ကာလသားခေါင်းက နန်းချိုအိမ်သို့ လိုက်ပို့သည်။ အတန်ကြာ နန်းချိုနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးပြီး-

"မင်းတို့ချည်းစကားပြောရစ်ကြ" ဟု ဆိုကာ ပြန်သွားသည်။ ရွာကာလသားခေါင်း "ခိုဗန်တန်" ပြန်သွားသောအခါ နန်းချိုက ကျွန်တော့်ကို အခါးရည်ငှဲ့ပေးရင်း မြေပဲပြုပ်ကို ကျွေးသည်။

"စားပါအစ်ကို၊ ကျွန်မတို့ခြံထဲက ထွက်တာပါ. . "

ဟု ပြုံးကာဆိုသည်။ ကျွန်တော်က ကျေးဇူးတင်ပါတယ်ဟူသော မျက်လုံးများဖြင့် သူ့ကို ကြည့်နေမိသည်။

"ညီမကို စကားအင်း တာတက်ပွဲကတည်းက ခင်ချင်တာ. . "

ဟု ဆိုသောအခါ နန်းချိုက ပြုံးနေသည်။

"ကျွန်မတို့ကတော့ တောသူပါအစ်ကို၊ တောထဲတောင်ပေါ်မှာ တောင်ယာလုပ်ပြီး နေကြရတဲ့သူတွေပါ. . "

ဟု တိုးတိုးလေးပြောသည်။

"အစ်ကိုကလည်း တောသားပါပဲ ညီမရယ်။ တောင်ယာလုပ်၊ ခြံလုပ်၊ သနပ်ဖက်စိုက်၊ သနပ်ဖက်လှော်နေရတဲ့ သူပါ. . "

ကျွန်တော့်စကားကြားတော့ နန်းချိုပြုံးနေသည်။

"အစ်ကိုက မြေခြားရွာကနော်. . "

ဟုပြုံးကာ ဆိုသည်။

"ညီမက အစ်ကို့ရွာကို သိနေပြီနော်. . "

"စကားအင်းပွဲတုန်းက ညီမကို ပဲလှော်နဲ့ပေါက်တဲ့သူတွေထဲမှာ အစ်ကို့ကို မှတ်မိနေတယ်လေ၊ ဒါ့ကြောင့် စကားအင်းရွာသူတစ်ယောက်ကို အစ်ကို့အကြောင်းမေးကြည့်ထားတာ. . "

ဟု ပြုံးကာဆိုသည်။

"ဘာလဲ ညီမက အစ်ကို့မျိုးရိုး သန့်မသန့်၊ အကျင့်စာရိတ္တ ကောင်းမကောင်း၊ ပျင်းရိလား၊ ကျန်းမာရေးချို့တဲ့လား၊ ဓလေ့ထုံးစံရဲ့ တားမြစ်ထားသူဖြစ်သလား ဆိုတာတွေပါ လေ့လာထားပြီပေါ့ ဟုတ်လား. ."

ဟု မေးလိုက်သောအခါ နန်းချိုက ပြုံးနေသည်။

နန်းချိုနှင့် ဒုတိယအကြိမ်ဆုံကြသောအခါ-

"အရှေ့တောင်ပေါ်က ငှက်ကလေးဟာ ဂျိုနဲ့မှုတ်လာတယ်၊ ဟိုပုံးက ကြက်ဖက စအိုနဲ့မှုတ်လာတယ်၊ အစ်ကိုတတ်ရင်ပြောစမ်းပါဦး"

ဟု စကားထာဖြင့် ဆိုလာသည်။ ကျွန်တော်ကပြုံးပြီး-

"အရှေ့တောင်ပေါ်က ငှက်ကလေးဟာ ဂျိုနဲ့မှုတ်လာတယ် ဆိုတာ တခြားမဟုတ်ဘူး၊ နေကြတ်တာကိုပြောတာ၊ ဟိုပုံးက ကြက်ဖ စအိုနဲ့မှုတ်လာတာ တခြားမဟုတ်ဘူး၊ ဗုံရှည်ကိုပြောတာ"

ဟု ဖြေလိုက်သောအခါ နန်းချိုလေးပြုံးနေလေသည်။ ပြီးတော့ နန်းချိုက ဆက်ပြီး. .

"ထတော့လေ အစ်ကို၊ ညီမသစ်ပင်အောက်မှာ စောင့်ရတာ မိုးတောင်ချုပ်ပြီ"

ဟု ဆိုလိုက်ပြန်သည်။

"လာခဲ့တော့လေ ညီမ၊ စိတ်သဘောထားဖြူစင်တဲ့အစ်ကို သစ်ပင်အောက်မှာ စောင့်ရတာ နေတောင်ဝင်ပြီ"

ဟု တစ်ယောက်နှင့်တစ်ယောက် ခင်မင်ချစ်ခင်ကြသဖြင့် တစ်ဦးနှင့်တစ်ဦး စောင့်ကြိုနေကြပုံ၊ မျှော်နေကြပုံတွေဖြင့် မေတ္တာစကားလမ်းကြောင်းပေါ် လျှောက်ခဲ့ကြပါပြီ. .။



"နေဝင်ရင်လည်း ညီမနဲ့အစ်ကို လက်ကိုစီးပြီး ပြန်မယ်၊ မိုးချုပ်ရင်လည်း အစ်ကိုနဲ့ညီမ ကြယ်ကိုစီးပြီးပြန်မယ်. ."

နန်းချို၏ချစ်စဖွယ်စကားလေးတွေကို ကြားနေရပြီ၊ သူ ကျွန်တော့်ကို လက်တွဲချင်ကြောင်း စကားထာလေးဖြင့် ပြောနေပြီ။ ကျွန်တော်ကပြုံးပြီး. .

"လက်ကိုစီးပြီးပြန်ရင် လမ်းမှားမှာကြောက်တယ်၊ ကြယ်ကိုစီးပြီး ပြန်ရင်လည်း လမ်းလွဲတတ်တယ်. ."

ကျွန်တော့်ကိုပြုံးပြီးနန်းချိုက-

"သဘောတူရင် ကျွန်မနဲ့အစ်ကိုနဲ့ဆေး၊ လက်ဖက်တွေကို ဝယ်ပြန်ရအောင်၊ သဘောတိုက်ဆိုင်ရင် ညီမနဲ့အကို ငါးချဉ်ထုတ်ကို ဝယ်ပြန်ရအောင်" မိဘတွေ၊ ယောက္ခမတွေကို ကန်တော့ဖို့ မပါမဖြစ်သော ဆေး၊ လက်ဖက်၊ ငါးချဉ်ထုတ်တွေဝယ်ပြန် ကန်တော့ဖို့ပင် နန်းချိုလေးက လမ်းခင်းပေးနေပါပြီကော. .။

× × × × ×

နန်းချိုလေးကို ကျွန်တော်တစ်ကျပ်သားခန့် အလေးချိန်ရှိသော ရွှေလက်စွပ်လေးကို လက်ဆောင်ပေးလိုက်၏။ သူ့ဘယ်ဘက် လက်သူကြွယ်လေးတွင် စွပ်ပေးလိုက်သည်။ နန်းချိုက ကျွန်တော့်ကို ပြုံးပြီးကြည့်သည်။ ကျွန်တော့်လက်ဆောင်ကို နှစ်သက်စွာ လက်ခံလျှင် နန်းချိုနှင့်ကျွန်တော် ချစ်သူတွေ ဖြစ်သွားလေပြီ မဟုတ်လား။

ရှေးက တစ်ဦးနှင့်တစ်ဦးမေတ္တာရှိကြလျှင် ထုံးဘူးပေးလေ့ရှိသည်။ ပင်လောင်းဘက်တွင် ရွှေဆံထိုး၊ ရွှေဖက်လိပ်နားမှောင်း၊ နားသန်သီး၊ ဆွဲကြိုး စသည်တို့ကို လက်ဆောင်ပေးကြသည်ဟု သိရသည်။

အမျိုးသမီးက အမျိုးသားအပေါ် နောင်အချစ်ပြယ်ပါက အမျိုးသားက အမျိုးသမီးထံ သူပေးထားသော လက်ဆောင်ကို ပြန်တောင်းနိုင်သည်။ အကယ်၍ အမျိုးသမီးက လက်ဆောင် ခံယူထားသည့် ချစ်သူရှိပါလျက် အခြားယောကျ်ားတစ်ယောက် နှင့် လက်ထပ်သွားလျှင် လက်ဆောင်ပစ္စည်း၏သုံးဆတန်ဖိုး ပြန်လျော် ရသည်။

ယခု နန်းချိုလေးက ကျွန်တော့်လက်ဆောင်ကို လက်ခံယူ လိုက်ပြီဖြစ်၍ ကျွန်တော့်တရားဝင်ချစ်သူ ဖြစ်ခဲ့လေပြီ။

နန်းချိုနှင့်ကျွန်တော်ချစ်သူဘဝရောက်ခဲ့ပြီမို့ အလုပ်တွေ ပိုလုပ်ဖို့လိုလာပါပြီ၊ အာလူး၊ မြေပဲ၊ ချင်း၊ စပါးတွေကောင်းအောင် ကြိုးစားလုပ်ဆောင်ပါတော့သည်။ ယခင်ကထက် နှစ်ဆသုံးဆ ခွန်အားစိုက်ကာ ကျွန်တော်အလုပ် လုပ်ပါသည်။

မြေရိုင်းတွေဖော်ထုတ်ပြီး လယ်ထွန်စက်ဖြင့် ထယ်ထိုး၊ ထွန် မွှေစေလျက် နန်းချိုလေးကို တင့်တင့်တယ်တယ် တောင်းရမ်းနိုင်ရန် အားထုတ်နေရပါသည်။ ယခုအခါ စပါးနှင့်မြေပဲခင်းတွေ ကောင်း သလို အာလူးနှင့်ချင်းခင်းတွေလည်း ဝေဆာနေပါသည်။

ကျွန်တော့်မိဘများအား မြောက်ကုန်းရွာမှ နန်းချို၏မိဘများ ထံ သွားရောက်၍ စေ့စပ်ပေးရန် တိုက်တွန်းမိသည်။ ရွာမှရွာမိ ရွာဖ လူကြီးများနှင့် ကျွန်တော့်မိဘနှစ်ပါး၊ မြောက်ကုန်းရွာမှ ရွာမိ ရွာဖများနှင့် နန်းချို၏မိဘနှစ်ပါးအပြင် ကာလသားခေါင်း "ခိုဗန် တန်"ကိုပါ အသိသက်သေအရာထားပြီး စေ့စပ်မှု ပြုလုပ်ပေးပါရန် ပူဆာမိသည်။



မိဘနှစ်ပါးကလည်း ကျွန်တော့်အလိုလိုက်ကာ မြောက်ကုန်း ရွာမှ နန်းချိုတို့ထံ ရွာမိရွာဖများခေါ်ယူကာ ည ၇ နာရီခန့်တွင် သွားရောက်စေ့စပ်ပေးခဲ့သည်။

ယခုအခါ နန်းချိုနှင့်ကျွန်တော်တို့၏ စေ့စပ်ပွဲလေးလည်း အောင်မြင်စွာ ပြီးစီးသွားပြီတည်း။ လူကြီးမိဘများက လပြည့် လကွယ်၊ ပြဿဒါးနေ့များကို ရှောင်ကာ အာလူးနှင့်ချင်းများဖော် ပြီးလျှင် လက်ထပ်မင်္ဂလာပွဲ ကျင်းပပြုလုပ်ပေးရန် ဆုံးဖြတ်ခဲ့ကြ လေသည်။

× × × × × ×

အာလူးနှင့်ချင်းများဖော်ကာ ရောင်းချပြီးသောအခါ ကျွန်တော်တို့တွင် ငွေရေးကြေးရေးအဆင်ပြေလာသည်။ နန်းချိုနှင့် မင်္ဂလာကိစ္စဆောင်ရွက်နိုင်ရန် ကျွန်တော်နှင့်လူကြီးများသည် မြောက်ကုန်းရွာမှ ခိုဗန်တန်ခေါ် ကာလသားခေါင်းထံ လက်ထပ် ခွင့်တောင်းရသည်။

ခိုဗန်တန်က ရွာအတွက် အိုးခွက်ပန်းကန်များ ဝယ်ယူရန် အလှူမည်မျှထည့်ဝင်နိုင်သနည်းဟု မေးသည်။ ကျွန်တော်တို့က ကျေးရွာအတွက်ဘုံပစ္စည်းများဝယ်ယူရန် အလှူငွေ နှစ်သောင်း ထည့်ဝင်လိုက်ကြသည်။

ကာလသားခေါင်း ခိုဗန်တန်၏ခွင့်ပြုချက်ရရှိပြီးသောအခါ ကျွန်တော်တို့သည် နန်းချို၏အိမ်သို့သွားရောက်အကြောင်းကြား ကြသည်။ နန်းချိုမိဘများက ရေနွေးကြမ်း၊ လက်ဖက်သုပ်၊ ကွမ်း ဆေးလိပ်များဖြင့် ဧည့်ခံသည်။ ပြီးသော် မင်္ဂလာရက်ကို ရွေးချယ် သတ်မှတ်လိုက်ကြပါသည်။

မင်္ဂလာအခမ်းအနားကို နန်းချိုတို့အိမ်တွင်ပင် ကျင်းပပြုလုပ်ရန် ရွေးချယ်လိုက်သည်။ မင်္ဂလာပွဲအတွက် ကန်တော့ပွဲသုံးပွဲပြင်ဆင်ရသည်။ သက်ဆိုင်ရာမိဘများကို ကန်တော့ရန်တစ်ပွဲ။ ခိုဗန်တန်ခေါ် ကာလသားခေါင်းကိုကန်တော့ရန်တစ်ပွဲ၊ မင်္ဂလာပွဲသို့ကြွရောက်လာကြမည့် ဧည့်ပရိသတ်များကိုကန်တော့ရန်တစ်ပွဲဖြစ်ပါသည်။

ကန်တော့ပွဲများကိုပြင်ဆင်ရန် မြောက်ကုန်းရွာရှိ အသက်အကြီးဆုံး ငယ်လင်ငယ်မယားများဖြစ်ကြသည့် အဘိုး (ဖဘရား) ဦးဂုတ်နှင့်အဘွား (မိုးဖရား) ဒေါ်နန်းနန်အေးတို့အား တာဝန်ပေးလိုက်ကြသည်။

ထို့ပြင် မင်္ဂလာခန်းပြင်ဆင်ခြင်း၊ ငွေဖလားအတွင်းရွှေရည်ငွေရည်စိမ်ခြင်းတို့ကိုလည်း ပြုလုပ်ကြရပါသေးသည်။ ထို့ပြင် ရွာခံရွာသားများနှင့်ပတ်ဝန်းကျင်ရှိရွာသားများအား ထမင်းဟင်းများနှင့်ဧည့်ခံကျွေးမွေးရန်လည်း စီစဉ်ရပါသေးသည်။

မင်္ဂလာပွဲတွင်ပါဝင်မည့်ပစ္စည်းများကိုစုံအရေအတွက်ဖြင့်သာထည့်သွင်းကြရသည်။ ဤဓလေ့မှာ သတိုးသားနှင့် သတို့သမီးတို့ရာသက်ပန် အိမ်ထောင်တည်မြဲရန် စီစဉ်ခြင်းဖြစ်သည်။ မင်္ဂလာကန်တော့ပွဲတစ်ပွဲတွင် ငါးချဉ်ထုပ်နှစ်ထုပ်၊ လုံးရေစုံလင်သောငှက်ပျောသီးနှစ်ဖီး၊ လက်ဖက်ခြောက်အစို (သို့) အခြောက်နှစ်ထုပ်၊ ဆေး (ကွမ်းစားဆေးနှစ်ထုပ်) အဓိကပါဝင်ရသည်။ ကွမ်းသီး၊ ကွမ်းရွက်တို့ကိုလည်း ထည့်ကြရပါသည်။

ပရိသတ်ကိုရည်စူးထားသော ကန်တော့ပွဲတွင် ဆေးလိပ်၊ မီးခြစ်၊ သကြား၊ နို့ဆီ၊ ကြံသကာနှင့် မုန့်များကိုလည်းထည့်ကြရပါ



သည်။ ဆေးလိပ်ထည့်ရာတွင် ဇနီးမောင်နှံရာသက်ပန် အေးချမ်းသာယာစေရန်ရည်စူးပြီး ဆေးလိပ်ထိပ်ကိုဖွင့်ကာ လေသလပ်ထားတတ်ကြပါသည်။

မင်္ဂလာပွဲနေ့တွင် သတို့သားကျွန်တော်နှင့် သတို့သမီးနန်းချိုအပြင် ရွာလူကြီးနှစ်ယောက်တို့သည် အရုဏ်တက်သည်နှင့် ခိုဗန်တန်ခေါ် ကာလသားခေါင်းဆောင်ထံသို့ သွားကြရ၏။ ခိုဗန်တန်သည် ကာလသားအရန်သယ်ဆောင်လာသော ကန်တော့ပွဲမှ လက်ဖက်ထုပ်၊ ငါးချဉ်ထုပ်တို့ကို ဖြေပေးလိုက်၏။ ဤအခါ မင်္ဂလာပွဲအခမ်းအနားစခွင့်ပြုကြောင်း၊ ရွာရှိကာလသားများကိုလည်း ဖိတ်ကြားပေးမည်ဖြစ်ကြောင်း အသိအမှတ်ပြုလိုက်ရာရောက်ပေသည်။

မင်္ဂလာပွဲကို ခိုဗန်တန်ခေါ် ကာလသားခေါင်းရောက်လာမှ စရလေသည်။ မင်္ဂလာပွဲစလျှင် ကန်တော့ပွဲထဲမှ ငှက်ပျောဖီးကို အခွံနွှာရ၏။ ဆေး၊ ငါးချဉ်ထုပ်၊ လက်ဖက်ထုပ်များကိုလည်းဖြေရ၏။ ဆေး၊ လက်ဖက်ထုပ်၊ ငါးချဉ်ထုပ်များဖြေရာတွင် မင်္ဂလာပွဲသို့လာရောက်ကြသော မိဘစုံလင်သည့်သားသမီးများက ဖြေပေးရ၏။ ငါးချဉ်ထုပ်၊ လက်ဖက်ထုပ်ဖြေသည့် မိဘစုံလင်သည့်ကလေးများအား တတ်နိုင်သလောက် မုန့်ဖိုးပေးရလေသည်။

ထို့နောက် မင်္ဂလာပွဲမှ ငါးချဉ်ထုပ်၊ လက်ဖက်ထုပ်တို့ကိုဖြေပြီးသောအခါတွင် အခွံနွှာပြီးသား ငှက်ပျောသီးတစ်လုံး၊ ငါးချဉ်လက်ဖက်အချို့တို့ဖြင့် လူကြီးတစ်ဦးအား အိမ်စောင့်နတ်အား ပူဇော်ပသခိုင်းရပါသည်။ အိမ်စောင့်နတ်ကိုပသသူသည် သတိုးသားနှင့်သတိုးသမီးတို့အကြင်လင်မယားအဖြစ်သို့ရောက်ပြီဖြစ်ကြောင်း သိစေအပ်ပါသည်ဟု အိမ်စောင့်နတ်အား ပသ တင်လျှောက်ရပါသည်။

ထို့နောက် သတိုးသားနှင့် သတိုးသမီးကို မိဘစုံလင်သူများက လက်ထပ်ပေးကြရ၏။ စာပေဟောဆရာမော် သို့မဟုတ် ရပ်ရွာက လေးစားသော လူကြီးလူကောင်းတစ်ဦးက မင်္ဂလာသြဘာစာဖတ်ကာ အကြင်လင်မယားအဖြစ်သို့ရောက်ပြီဖြစ်ကြောင်း ဘိသိက်သွန်းပေးလေသည်။

ထို့နောက် အကြင်လင်မယားအဖြစ် ခိုင်ခိုင်မြဲမြဲပေါင်းရပါစေဟုဆုတောင်းကာ သတို့သားနှင့်သတို့သမီးတို့သည် တစ်ဦးကိုတစ်ဦး ထမင်းခွံ့ကျွေးကြရသည်။

ထို့နောက် ကြွရောက်လာကြသော ဧည့်ပရိသတ်က လက်ဖွဲ့ချည်ကွင်းမစွပ်မီ သတိုးသားနှင့်သတိုးသမီးတို့က နှစ်ဖက်လူကြီးမိဘများအား ကန်တော့ကြရ၏။ ပထမဆုံးနှစ်ဖက်မိဘများက လက်ဖွဲ့ချည်ကွင်းကို သတို့သားနှင့်သတို့သမီးအား စွပ်ပေးကာဆုတောင်းပေးကြသည်။

လက်ဖွဲ့ချည်ကွင်းစွပ်ရာတွင် သတို့သား၏ဘယ်လက်ကို အရင်စွပ်ပေးပြီးမှ သတို့သမီး၏လက်နှစ်ဘက်လုံးကို စွပ်ပေးရ၏။ ဤကား ပအိုဝ်းဘာသာအရ 'လခွင်' ဟုခေါ်ပါသည်။

မင်္ဂလာပွဲတွင် ငွေဖလားနှစ်လုံးထားရှိ၏။ တစ်လုံးတွင်ရေထည့်ထား၏။ ရေထည့်ထားသည့်ငွေဖလားထဲတွင် သတို့သား၊ သတို့သမီး မိဘတစ်ဦးဦးက ရွှေငွေထည့်၏။ ထို့နောက် ရေကို သတို့သား သတို့သမီးတို့အား သောက်စေ၏။ ဤသည်မှာရွှေရေငွေရည်သောက်ခြင်းဓလေ့ ဖြစ်ပေသည်။

ထို့နောက် မင်္ဂလာဧည့်ခံပွဲ ပရိသတ်များက တစ်ဦးချင်းမင်္ဂလာလက်ဖွဲ့ချည်ကွင်းများအား သတို့သားနှင့်သတို့သမီးတို့အား စွပ်ပေး



ကြကာ ငွေဖလားထဲသို့ လက်ဖွဲ့ငွေများထည့်ကြခြင်း၊ လက်ဖွဲ့ပစ္စည်းများပေးအပ်ကြခြင်းတို့ဖြင့် ရိုးရာမပျက် ဆင်နွဲလေတော့သည်။

မင်္ဂလာပွဲလာ ဧည့်ပရိသတ်များအား ငါးချဉ်ဟင်း၊ လက်ဖက်များကျွေးရုံမက ယခုအခါ ဝက်သား၊ ကြက်သား၊ ငါးစသောဟင်းပေါင်းစုံဖြင့်ဧည့်ခံလျက်ရှိပါသည်။

ဟင်းများအနက် ငါးချဉ်ဟင်းမှာ မပါမဖြစ်သောဟင်းဖြစ်လေသည်။ ထို့ကြောင့် ကျွန်တော်တို့ ပအိုဝ်းမင်္ဂလာဆောင်ကိုအချို့က ငါးချဉ်စားပွဲဟူ၍လည်းခေါ်ဆိုအသိအမှတ်ပြုကြပါသတည်း။

♦ ♦ ♦

# လူကြမ်းကလေးကျွန်တော်

ကျွန်တော့်အဖေက အိုပြီ၊ ကျွန်တော့်အမေက လူမမာ နာတာရှည်၊ ကျွန်တော့်ညီ၊ ညီမလေးတွေက ကျောင်းသား/သူတွေ၊ သည်တော့ကျွန်တော်ငယ်ငယ်ရွယ်ရွယ်နှင့်ကျောင်းကထွက်လိုက်ရသည်။

သည်တုန်းက ကျွန်တော်ကရှစ်တန်း၊ အသက်ကဆယ့်ငါးနှစ်၊ ကျွန်တော်ကျောင်းကထွက်လိုက်တော့ အတန်းပိုင်ဆရာ အိမ်လိုက်လာသည်။ ကျောင်းတွင်လိမ္မာသောကျွန်တော်၊ စာတော်သောကျွန်တော်၊ အတန်းခေါင်းဆောင်ကျွန်တော် . . .။

ဤသို့သောကျွန်တော် ကျောင်းထွက်သည်ဆို၍ ဆရာမျက်နှာမကောင်း. . .၊ ဆရာ့စိတ်လည်းချမ်းသာမည်မဟုတ်၊ မှန်ပါသည်။ ကျွန်တော်လည်းကျောင်းကြီးက မခွာချင်ပါ။ ဆယ်တန်းစာမေးပွဲကြီးကို ဂုဏ်ထူးများစွာဖြင့် အောင်မြင်ချင်ပါသည်။

မဂ်လာမောင်မယ်ရုပ်စုံတွင် ထူးချွန်သော ကျောင်းသားကျောင်းသူများကို ဓာတ်ပုံများနှင့်ဖော်ပြပြီး သူတို့၏ အထုပ္ပတ္တိများကိုတင်ပြကြသော စာရေးဆရာများ၏ စာများကိုဖတ်ပြီးအားကျရပါသည်။ ကျွန်တော်လည်း သူတို့ကဲ့သို့တစ်ချိန်တွင် ဂုဏ်ထူးတွေတစ်သီကြီးဖြင့်အောင်မြင်ပြီး ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊





စစ်တက္ကသိုလ် စသောတက္ကသိုလ်ကြီးများတွင် ဆက်ပြီးပညာသင်ချင်ပါသည်။ ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီး၊ စစ်ဗိုလ်ကြီးတစ်ခုမဟုတ်တစ်ခု ဖြစ်ချင်ပါသည်။ ဤလိုဘဝမျိုးဖြင့် အမိမြန်မာပြည်ကြီး၏ ကျေးဇူးသစ္စာကို ပြန်ဆပ်ချင်ပါသည်။

ယခုတော့ ရှစ်တန်းပင် မအောင်သော ကျွန်တော်သည် ဤလူ့ဘဝ၊ လူ့မြေတွင် ဘာလုပ်ရပါမည်နည်း။ ဆရာသည် ကျွန်တော့်ကိုကြည့်၏။ ကျွန်တော့်မိဘများ၏အခြေအနေကိုကြည့်၏။ အိမ်၏စီးပွားရေးအခြေအနေကိုလေ့လာ၏။ အိမ်တွင်းအခြေအနေကိုအကဲခတ်၏။ ပြီးတော့ ခေါင်းခါ၏။ ဆရာ့ကျွန်တော့်ဘဝကို နားလည်ပြီတည်း . . .။

"စိတ်မကောင်းပါဘူး အေးချမ်းရာ၊ ဆရာ မင်းကျောင်းကဘာ့ကြောင့်ထွက်လိုက်ရတယ်ဆိုတာ နားလည်ပါပြီ၊ တကယ်လို့မင်းကျောင်းဆက်တက်ချင်တယ်ဆိုရင် ဆရာကူညီပါ့မယ် . . ."

ဆရာ့မျက်လုံးအိမ်မှ မျက်ရည်တစ်စက် လွင့်ကျလာသည်ကို ကျွန်တော်မြင်လိုက်ရပါသည်။

"မင်းကျောင်းကထွက်လိုက်ရတာ အပြင်လောကကြီးက ဘဝကျောင်းကြီးကိုတက်ဖို့ဆိုတာ ဆရာသဘောပေါက်ပါတယ် . . .။ ဆရာသည် အိုမင်းမစွမ်းဖြစ်နေရှာသော ကျွန်တော့်ဖခင်ကြီးနှင့်အိပ်ယာထဲတွင်လဲနေသော နာတာရှည်မိခင်ကြီးကိုတစ်လှည့်၊ ဘုစုခရုကလေးငယ်များကိုတစ်လှည့်ကြည့်ကာ အိမ်ပေါ်မှဖြည်းညင်းစွာဆင်းသွားသည်ကိုငေးပြီး ကျွန်တော်ကြည့်နေလိုက်မိသည်။

× × ×

ကျွန်တော့်ရှေ့တွင် သဲကြမ်းပုံကြီး၊ ဤသဲကြမ်းများအား ဒေါင်လိုက်ထောင်ထားသော သံဆန်ခါကြီးပေါ်သို့ဂေါ်ပြားဖြင့် ကော်ကာပက်ခြင်းဖြင့် သဲနုများရပေသည်။ ကျွန်တော်သည် သဲနုနှင့်သဲကြမ်းကို သံဆန်ခါအကူအညီဖြင့် ထုံးဆန်ကာချနေသည်။ သူ့ဝန်းကျင်တွင် ထုံးမှုန့်များလွင့်ပျံဖုံးအုပ်လျက်ရှိသကဲ့သို့ ကျွန်တော့်ဝန်းကျင်တွင် သဲမှုန့်များလွင့်ပျံလျက်ရှိနေပါသည်။

ကျွန်တော်တို့ကား ပန်းရန်ဆရာကြီးဦးကြည်အဖွဲ့မှ လူကြမ်းကလေးများဖြစ်ကြပါသည်။ လူကြမ်းဆို၍ ရုပ်ရှင်ထဲမှ လူကြမ်းကြီးများကို သတိရလိုက်မိသည်။ ဟုတ်သည် ကျွန်တော်တို့က ဇာတ်လိုက်မှမဟုတ်တာ။ ဇာတ်လိုက်များက ငြမ်းစင်ပေါ်တွင်သံလက်ကိုယ်စီဖြင့် အုတ်စီကာတိုက်နံရံကြီးကို တည်ဆောက်လျက်ရှိကြပါသည်။ လူကြမ်းဆို၍ ပြောရဦးမည်။ ကျွန်တော်တို့လို ထုံးဆန်ခါချ၊ သဲဆန်ခါချ၊ အင်းနယ်ရသူများကို ရန်ကုန်တွင် လီဗာဟုခေါ်သည်တဲ့၊ မန္တလေးတွင် နောက်လိုက်ဟုခေါ်ကြောင်းသိရပါသည်။ ကျွန်တော်တို့ရှမ်းပြည်နယ်တွင်ကား အဘယ်မည်သောပညာရှိက အမည်ပေးလိုက်သည်မသိ။ လူကြမ်းတဲ့။

ဟုတ်ကဲ့လိုက်ဖက်သောအမည်ပါ ကျွန်တော်တို့ လုပ်ရတဲ့အလုပ်က နုနုနယ်နယ်တစ်ခုမျှမရှိ၊ ကြမ်းကြမ်းတမ်းတမ်း လုပ်ရသောအလုပ်များသာ ဖြစ်ကြသည်။ ထုံးဆန်ခါချရလျှင် ထုံးမှုန်တွေက တစ်ကိုယ်လုံး ဖွေးတော့သည်။ နှာခေါင်းထဲ၊ မျက်စိထဲ၊ နားထဲ၊ ပါးစပ်ထဲဝင်တော့သည်။ ကျွန်တော်ထုံးဆန်ခါချရလျှင် ပါးစပ်နှာခေါင်းတို့ကို အဝတ်စည်းပြီးချပါသည်။



သို့သော် နောက်ဆုံးတွင် တစ်ကိုယ်လုံး မျောက်ဖြူကြီးပမာ ဦးခေါင်းကစ ခြေဖျားထိ ထုံးမှုန့်တွေနှင့် ဖွေးတော့သည်။ တစ်နေ့လုံးသာ ထုံးဆန်ခါချရလျှင် အသက်တိုနိုင်သည်။ ရောဂါရ လွယ်မည်။ သို့သော် မလုပ်ချင်၍မရ။ ပန်းရန်ခေါင်းဆောင်က “ဟေ့ကောင် အေးချမ်း ထုံးဆန်ခါချ”ဟု ဆိုလျှင် တစ်နေ့လေးရာဟူသော ငွေမျက်နှာကြောင့် “ဟုတ်ကဲ့ခင်ဗျာ. .” ဟုဆိုကာ ထုံးပုံကြီးတွင် ထိုင်ကာ နီးဆန်ခါဖြင့် ထုံးဆန်ခါချရပါတော့သည်။

“သဲနု လိုနေတယ် အေးချမ်းရေ၊ သဲကြမ်းဆန်ခါချထားဟေ့” ဟုဆိုလျှင် သဲကြမ်းပုံးကြီးဆီ ပြေးပြီး သဲကြမ်းများကို ဂေါ်ပြားဖြင့် ကော်ကာ သဲကြမ်းထဲမှ သဲနုကို ဆန်ခါချကာ ခွဲထုတ်ပေးရပါတော့သည်။

ဤမျှနှင့်မပြီး၊ ထုံး၊ သဲနု၊ ဘိလပ်မြေတို့ကို အချိုးကျရောပြီး အင်းနယ်ရပါသေးသည်။ အင်းနယ်သည်ဟူသော ဝေါဟာရမှာ ကျွန်တော်တို့ ရှမ်းပြည်သုံးဝေါဟာရဟု သိရပါသည်။ အင်းနယ်သည်ကို မန္တလေးတွင် မဆလာနယ်သည်ဟု ခေါ်ပါသည်။ ရန်ကုန်တွင်သရိုးကိုင်သည်ဟုဆိုပါသည်။ ကျွန်တော်တို့ရှမ်းပြည်နယ်မှာတော့ အင်းနယ်သည်ဟုဆိုလျှင် အားလုံးသိပါသည်။

အင်းနယ်သည်မှာလည်း သူ့အချိုးနှင့်သူရှိပါသည်။ ဥပမာ အုတ်စီတော့မည်ဟုဆိုလျှင် သဲနု ၁၅ ဒယ်၊ ဘိလပ်မြေ တစ်ဒယ်၊ ထုံးငါးဒယ်အချိုးကျရောစပ်ပြီးရေကို သင့်တော်သလိုလောင်းပြီး ပေါက်ပြားဂေါ်ပြားတို့ဖြင့် နှံ့အောင်မွှေနှောက်ရပါသည်။ စီးပြီးညက်သွားသည်အထိ မွှေရပါသည်။ သည်တော့မှအုတ်စီရန်အတွက် အဆင်သင့်နယ်ပြီးသားအင်းကို ရပါမည်။

အကြမ်းကပ်အင်းကိုလိုသော် သဲနု ၁၀ ဒယ်၊ ဘိလပ်မြေ ၁ဒယ်၊ ထုံး ၄ ဒယ်ကို ရေဖြင့်ရောမွှေနယ်ရပါသည်။ အချောကိုင်မည်ဟုဆိုပါလျှင် ထုံး ၃ ဒယ်၊ သဲနု ၁ ဒယ်၊ ဘိလပ်မြေ ၁ ဒယ်၊ အချိုးကျရောစပ်ပြီးရေဖြင့် မွှေကာကျေညက်သမအောင်နယ်ရပါသည်။

ကြမ်းခင်းမည်ဟုဆိုလျှင် သဲကြမ်း ၁၀ ဒယ်နှင့် ထုံး ၃ ဒယ်ကို ရောစပ်မွှေနှောက်ပြီး ရေဖြင့် သမအောင်နယ်ရပါသည်။ သည်တော့မှ ကြမ်းခင်းနိုင်သောအင်းကို ရပါမည်။

သံမံတလင်း အခင်းချောမည်ဟုဆိုလျှင် သဲနု ၈ ဒယ်၊ ဘိလပ်မြေ ၁ ဒယ်ကို ရောစပ်ပြီး သမအောင်ရေဖြင့် မွှေကာနယ်ရပါသည်။

ကျောက်ခုံလုပ်မည်ဟုဆိုလျှင် သဲနု ၁၅ ဒယ်၊ ထုံး ၅ ဒယ်၊ ဘိလပ်မြေ ၁ ဒယ်ခွဲရောစပ်ကာ ရေဖြင့်သမအောင် ပေါက်ပြား၊ ဂေါ်ပြားတို့ဖြင့် အထပ်ထပ်မွှေနှောက်ရပါသည်။

စည်းမျဉ်းချုပ်တစ်နည်းဒီဘီစီချုပ်မည်ဟုဆိုလျှင် သဲနု ၁၂ ဒယ်၊ ဘိလပ်မြေ ၁ ဒယ်ဖြင့် ရောပြီးရေဖြင့်သမအောင်မွှေရပါသည်။ အင်းနယ်ရသည်မှာလည်း မသက်သာလှပါ။

ကျွန်တော်တို့လူကြမ်းလေးများသည် နယ်ပြီးအင်းများကို ဂေါ်ပြားများဖြင့်ကော်ထည့်ကာ ပန်းရန်ဆရာများဖြစ်သော သံလက်ကိုင်သူများထံသို့ ပို့ပေးရပါသည်။ ထို့အတူ အုတ်များလိုလျှင် အုတ်များကို သယ်ယူပေးရပြီး အင်းဒယ်အလိုရှိပါက အင်းနယ်ပြီးသားများကို ဒယ်အိုးများတွင် ထည့်ပြီး ပို့ပေးရပါသည်။



တိုက်တာအဆောက်အအုံများ မြင့်လျှင်မြင့်သလို တက်၍ အရောက်ပို့ပေးရပါသည်။

ကျွန်တော်တို့၏အလုပ်ချိန်မှာ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖြစ်ပါသည်။ နံနက် ၁၀ နာရီခွဲတွင် ရေနွေးသောက်ရန် နာရီဝက်ခန့် အနားပေးပြီး နေ့လယ် ၁၂ နာရီတွင် ထမင်းစားချိန် ၁ နာရီ အနားပေးပါသည်။ နေ့လယ် ၁ နာရီတွင် အလုပ်ပြန်စပြီး ညနေ ၃ နာရီတွင် ရေနွေးသောက်ရန် ၁၀ မိနစ်ခန့် နားစေပြီး ညနေ ၅ နာရီထိ ဆက်လုပ်ကြရပါသည်။

များသောအားဖြင့် ညနေ ၄ နာရီခွဲခန့်တွင် နောက်တစ်နေ့နံနက်တွင် အလုပ်ဝင်ချိန်လုပ်ငန်းအဆင်သင့် စနိုင်ရန် နာရီဝက်ခန့် ထုံး၊ သဲ၊ ဘိလပ်မြေတို့ကို အချိုးကျရောစပ်ပြီး ကြိုတင်၍ အင်းနယ်ထားခဲ့ရပါသည်။ နံနက်ပိုင်း လုပ်ရမည့်အလုပ်ကို ကြည့်ကာ အင်းကို လုံလောက်စွာ နယ်ထားခဲ့ရပါသည်။ ဤကား ကျွန်တော်တို့ လူကြမ်းလေးများ၏ အလုပ်ပင်. . ။

လူကြမ်းဆို၍ အထင်မသေးကြစေလိုပါ။ ရုပ်ရှင်ကားတစ်ကားတွင် လူကြမ်းသည်လည်း သူ့နေရာနှင့်သူ အရေးကြီးပါသည်။ လူကြမ်းမပါလျှင် လူကြမ်းမကောင်းလျှင် ဇာတ်လိုက်သည် ထင်ပေါ်မည်မဟုတ်ပါ။

ထို့အတူ ပန်းရန်လုပ်ငန်းကြီးတစ်ခု၊ အဆောက်အအုံကြီးတစ်ခု တည်ဆောက်ရာတွင် ကျွန်တော်တို့လို လူကြမ်းလေးများ မပါလျှင် မဖြစ်ပါ။ မအောင်မြင်ပါ။

တစ်ခါက မင်းအောင်ဖျားနေ၍ လူကြမ်းတစ်ယောက်လို နေရာ ဘယ်မှာမှရှာ၍ မရပါ။ ထိုနေ့က အလုပ်များ ပြီးသင့်သလောက်

မပြီးပါ။ ထို့ကြောင့် လူကြမ်းသည်လည်း သူ့နေရာနှင့်သူ အလွန် အရေးကြီးသည်ဟု ကျွန်တော်တင်ပြရခြင်း ဖြစ်ပါသည်။

ယခုတော့ ကျွန်တော့်ဘဝလေးကို ကျွန်တော်ပျော်မွေ့ နေပါပြီ။ လူကြမ်းလုပ်ခလေးဖြင့် ကျွန်တော်တို့ မိသားစု၏ စားဝတ်နေရေးကို ကျွန်တော်ဖြည့်ဆည်းပေးနိုင်ပါပြီ။ ကျွန်တော့်ညီလေး၊ ညီမလေးတို့၏ စာအုပ်ဖိုး၊ ခဲတံဖိုးလေးများကို ကျွန်တော် ကူညီပေးနိုင်ပါပြီ။ ကျွန်တော့်အမေအတွက် ဆေးဖိုးဝါးခလေးများကို ကျွန်တော်ပေးအပ်နိုင်ပါပြီ။

ကျွန်တော်တို့ ပန်းရန်ဆရာကြီး ဦးကြည်ကလည်း မခိုမကပ်လုပ်တတ်သော ကျွန်တော့်ကို ချစ်ပါသည်။ အစားရှိလျှင် ကျွေးတတ်ပြီး အားလျှင် သံလက်ကိုင် ပန်းရန်ပညာကိုလည်း သင်ပေးပါသည်။

"အားရင်အားသလို သံလျက်ကိုဝင်ကိုင်၊ တစ်သက်လုံး လူကြမ်းလုပ်နေလို့ ဘယ်ဖြစ်မလဲ၊ တို့လည်းလူကြမ်းကနေ ပန်းရန်ဆရာ ဖြစ်လာကြတာပဲ၊ ပန်းရန်ဆိုတာ ပန်းဆယ်မျိုးမှာပါတဲ့ မြန်မာ့အနုပညာပဲ၊ တို့အလုပ်ကိုတို့ ဂုဏ်ယူစမ်းပါ"

ပန်းရန်ဆရာကြီး ဦးကြည်က သူ့ပညာကို သူလေးစားပြီး အခါခပ်သိမ်းတပည့်များအား သူ့ပညာကို မျှဝေလျက် ရှိပါသည်။

"ပန်းရန်ဆရာတစ်ယောက်ဖြစ်လာရင် တစ်နေ့ လုပ်အားခ ခုနစ်ရာအထက်မှာရှိတယ်။ တစ်လနှစ်သောင်း အနည်းဆုံးဝင်ငွေရှိတယ်။ ကိုယ့်အလုပ်ကို ကိုယ်တန်ဖိုးထားကြ။ သေသပ်ကောင်းမွန်အောင် လုပ်ကြ၊ မင်းတို့တစ်သက် ဒီပန်းရန်ပညာနဲ့ အသက်မွေးဝမ်းကျောင်းလုပ်နိုင်တယ်၊ အေး. . ကြိုးစားအလုပ်လုပ်ကြ၊



အရက်တို့ ဘိန်းတို့လောင်းကစားတို့ မဖက်ကြရင် မလိုက်စားကြရင် တို့တွေဟာ အရာရှိကြီးတစ်ယောက်ရဲ့ လစာကို မကြောက်ဘူး. . "

ကျွန်တော်တို့သည် ဆရာဦးကြည်၏စကားကြောင့် မျက်နှာများ ရွှင်လန်းနေမိကြပါပြီ။ နောင်နှစ်ဆိုရင် အေးချမ်းတို့ မင်းအောင်တို့လည်း သံလက်ကိုင်ရတော့မယ်၊ အဲဒီအခါ သံလက်ကိုင်ကြတာနဲ့ တစ်နေ့လုပ်အားခ ခြောက်ရာအထိ တက်ပေးမယ်. . "

ကျွန်တော်က မင်းအောင်မျက်နှာကို ပြုံးပြီးကြည့်လိုက်သည်။ မင်းအောင်ကလည်း ကျွန်တော့်မျက်နှာကိုပြုံးပြီးကြည့်နေသည်။

တို့အတူ ပန်းရန်ဆရာသံလက်ကိုင်သူများကလည်း ကျွန်တော်တို့နှစ်ယောက်ကို ပြုံးပြီးကြည့်လိုက်ကြသည်။

ယခုတော့ တစ်ခုတည်းသော ဘဝဇာတ်လမ်းမှာ လူကြမ်းကလေးကျွန်တော်အဖြစ် သရုပ်ဆောင်နေရဆဲပါပဲခင်ဗျာ။ ။

# လမင်းထိန်သာ လေညှင်းဖြာပြီ

ကောင်းကင်ကြီးသည် အုံ့မှိုင်းညိုဆိုင်းလျက်ရှိသည်။ မိုးတိမ်လိပ်များ တလိပ်လိပ်တက်လာနေသည်။ မုတ်သုန်လေသည်လည်း တောင်အရပ်ဆီမှ တဟူးဟူး တိုက်ခတ်လျက်ရှိသည်။ ရှစ်ခွင်ရပ်တွင် တဖြည်းဖြည်းမည်းမှောင်လျက်. . ။ မကြာမီ မိုးကြီးလေကြီး တိုက်ခတ်ရွာချတော့မည်။

နန်းအေးလူသည် အိပ်ရာထဲတွင် တရှိုက်ရှိုက်မငိုကြွေးသော်လည်း မျက်လုံးအိမ်နှစ်ခုဆီမှ မျက်ရည်စီးကြောင်းကြီးများ အဆက်မပြတ် စီးကျလျက် ရှိနေသည်။ ခေါင်းအုံးတစ်ခုလုံး မျက်ရည်များဖြင့် ရွှဲနစ်၍ နေချေပြီ။

မငို၍မဖြစ်ပါ။ ဤရောဂါ၏အရိပ်လက္ခဏာများ တွေ့မြင်သိရှိလိုက်ရသည်ကို မိမိသိနေသည်။ အိုက်ထွန်းတစ်ယောက် မိမိအဖြစ်ကို သိရှိသွားသည်ရှိသော် မိမိအိမ်ရိပ်ကို နင်းမည်မဟုတ်တော့ကြောင်း အလိုလို သိရှိနားလည်ခံစားနေမိသည်။

စောစောကပင် မိမိနှင့်အိုက်ထွန်းတို့ကို မလိုလားကြသူ အချို့က အတိတ်က မိမိအဘွားဒေါ်နန်းကြာကို လက်ညှိုးထိုးပြီး ဖျက်လိုဖျက်ဆီးပြုခဲ့ကြဖူးသည်။ အဘွားဒေါ်နန်းကြာ၏ အဖြစ်သနစ်ကို





တွေးမိသောအခါ မိမိအလွန်ကြောက်ရွံ့ဝမ်းနည်းကာ ရှိုက်ကြီးတငင်ငိုကြွေးလိုက်မိတော့သည်။

အပြင်တွင် ယခုမှ မိုးကြီးလေကြီး သည်းသည်းမဲမဲရွာချလိုက်သလို နန်းအေးလူလည်း ယခုမှ ရှိုက်ကြီးတငင်ငိုကြွေးလိုက်မိသည်။ နန်းအေးလူ၏ကိုယ်လုံးလေးမှာ တုန်ရင်နေသည်။ သူ့လက်ဖြူနုနုလေးများဖြင့် သူ့မျက်နှာကို အုပ်ကာ ရှိုက်၍ရှိုက်၍ ငိုကြွေးနေခြင်းဖြစ်သည်။ မငို၍ကော ဖြစ်မည်တဲ့လား။ မိမိဤမျှ သတ္တိမရှိပါ။ မိမိ၏လှပသာယာသော ဘဝလေးလည်း အဖျက်ဆီးခံရပေတော့မည်။ မိမိ၌ ဤရောဂါရှိသည်ဟု ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ ပြီးတော့ ကျောင်းသားကျောင်းသူများ သိလျှင် မိမိကို ဤကျောင်းမှ မောင်းထုတ်ပစ်တော့မည်။ မိမိ၏ ရည်မှန်းချက် ပန်းတိုင်လည်း ပျက်စီးတော့မည်။

"သမီးက လှလည်းလှတယ်၊ စာလည်းတော်တယ်၊ ဒီနှစ်တစ်နှစ်တည်းနဲ့ ဆယ်တန်းကို အောင်အောင်ဖြေနော်. ."

ဟု ဆိုခဲ့သော ဆရာမဒေါ်သီတာမွှေးကကော မိမိကို ချစ်ကြင်နာဦးမည်လား။

"အို. . အားလုံးကို သမီးကြောက်တယ်၊ အားလုံးကို သမီးတောင်းပန်ပါတယ်၊ သမီးကို ကယ်ကြပါ၊ သမီးကို ကယ်ကြပါဦးရှင်. . ."

နန်းအေးလူနှုတ်ခမ်းတရွရွလှုပ်ကာ စကားများပြောချင်နေသော်လည်း အသံက ထွက်မလာ။ နှုတ်ခမ်းနှစ်ခုကား တုန်ယင်လှုပ်ရှားနေပါသည်။

"အို. . သမီးဘယ်သူ့အပေါ်မှ မတရားမလုပ်ခဲ့ဖူးပါဘူး၊ သမီးဘယ်သူ့အပေါ်မှ ရန်မလိုခဲ့ဖူးပါဘူး၊ သမီးရတနာသုံးပါးလည်းရှိသေပါတယ်၊ မိဘနဲ့ဆရာသမားတွေကိုလည်း ရှိသေပါတယ်၊ သမီးပတ်ဝန်းကျင်တစ်ခုလုံးကောင်းဖို့ အမြဲမေတ္တာထားပြီး လုပ်ခဲ့ပါတယ်ရှင်၊ ဒီလို လုပ်ခဲ့တဲ့ သမီးအပေါ် ဘာကိုမကျေနပ်လို့ ခုလိုဒဏ်ခတ်ရတာလဲရှင်၊ သမီးဘဝတစ်ခုလုံး လူ့လောကကြီးအလယ်မှာ မျက်နှာမပြရဲအောင် ခုလိုရောဂါပေးပြီး ဒဏ်ခတ်လိုက်တာလား၊ မတရားဘူး၊ မတရားဘူး၊ လောကကြီးဟာ တကယ့်ကို မတရားဘူး. . ."

နန်းအေးလူသည် ငိုရှိုက်နေရင်း မျက်နှာလေး ခဏချင်းတည်သွားသည်။ သူသည် လူ့လောကကြီးကို မကျေနပ်ဖြစ်လာသည်။ သည်ခဏ၌ သူ့စားပွဲပေါ်မှ စာအုပ်များ၊ ဘောပင်များ ကွန်ပါဗူးများကို ယူ၍ ကြမ်းပြင်ပေါ်သို့ ပစ်ပေါက်လွှင့်ပစ်လိုက်သည်။

မိမိအခန်းထဲမှာ ဝုန်းဒိုင်းကြဲနေသည်ကို မမအီဟန် ကြားသည်။ မိမိအဖြစ်ကို အနီးကပ်သိရှိသူမှာလည်း မမအီဟန်သာဖြစ်သည်။ မမအီဟန်က တံခါးကို တဒုန်းဒုန်းထု၍ ဖွင့်ခိုင်းနေသည်။

"နောင့်နောင့်. . ညီမလေး၊ တံခါးဖွင့်စမ်း၊ မမကို တံခါးဖွင့်ပေးစမ်း. . "

"မလာနဲ့ ပီဟန်၊ မလာနဲ့၊ ကျွန်မစိတ်ရှိလက်ရှိ ငိုနေချင်တယ်၊ စိတ်ရှိလောကကြီးကို တိုက်ခိုက်ချင်တယ်၊ ဘယ်လိုလောကကြီးလဲ၊ မတရားတဲ့လောကကြီး၊ တရားမမျှတတဲ့ လောကကြီး၊ အို. . ပီဟန် မလာနဲ့ မလာနဲ့၊ နောင့်. . တံခါးဖွင့်မပေးဘူး၊ ဘယ်သူနဲ့မှ မတွေ့ချင်ဘူး၊ ဘယ်သူ့ရဲ့အားပေးမှုမှ မလိုချင်ဘူး၊ တစ်ယောက်တည်းပဲ နေချင်တယ်၊ မနက်ဖြန်ကစပြီး ကျောင်းလည်း မသွားတော့ဘူး၊ အို. . ဘယ်မှမသွားတော့ဘူး၊ ဘာမှမလုပ်တော့ဘူး၊ ကျွန်မ. . ကျွန်မသေမယ်. . သေချင်တယ်. . "



"အိုး. . . နောင်နောင် . . .၊ ညီမလေး၊ တံခါးဖွင့်စမ်း၊ တံခါးဖွင့်စမ်း . . ."

သူတို့နှစ်ယောက်၏အဖြစ်ကို မဲ့ (အမေ)ကြားသည်။

"ဘာဖြစ်လို့လဲ နန်းဟန်၊ သမီးလေးဘာဖြစ်လို့လဲ . . ."

ဟုမေးကာရောက်လာသည်။ အမေကပါ သူ့ကိုတံခါးဖွင့်ခိုင်းသည်။ တံခါးကိုတဒုန်းဒုန်းထုကြသည်။ နောက်ဆုံးသူတံခါးကိုထပြီးဖွင့်ပေးလိုက်ရတော့သည်။

သူ့တစ်ခန်းလုံးစာအုပ်တွေ၊ ခေါင်းအုံးတွေ၊ စောင်တွေဖြင့်ပြန့်ကျဲလျက်ရှိသည်။ အမေ့ကိုမြင်တော့ နန်းအေးလူပြေး၍ဖက်သည်။ ပြီးတော့ငိုသည်။

"အမေ . . .၊ အမေရယ် . . . ဘွားဘွားနန်းကြာလို ရွာပြင်မှာတဲထိုးပြီး မထားပါနဲ့နော်၊ သမီးကြောက်တယ်၊ သမီးကြောက်တယ်အမေရယ်. . ."

မိခင်ဒေါ်နန်းဖောင်းက သူ့သမီးလေးကို တင်းကျပ်စွာဖက်ထားသည်။

"သမီးကို ဘာဖြစ်လို့ ရွာပြင်မှာတဲထိုးထားရမှာလဲကွယ်. . . အဓိပ္ပာယ်မရှိတဲ့စကားတွေမပြောနဲ့သမီး၊ သမီးဘာဖြစ်လို့လဲ၊ ဘာကြောင့်စိတ်အားငယ်ရတာလဲ. . ."

သမီးကြီးနန်းဟန်က မိခင်နှင့် ညီမလေးနန်းအေးလူကိုကြည့်ပြီးတော့ သူ့မျက်လုံးအိမ်တွင်လည်း မျက်ရည်တွေစီးကျလာသည်။ အတန်ကြာပင် သားအမိသုံးယောက်သည် တစ်ယောက်နှင့် တစ်ယောက်စကားမပြောမိကြ။ ရှိုက်၍သာ ငိုသူငို၊ မှိုင်တွေငေးမောကာ ကြည့်နေမိသူက ကြည့်နေနှင့်မှင်တက်မိနေကြသည်။

ထိုစဉ် သမီးလေးနန်းအေးလူက သူ့ရင်ဘတ်မှ အရေပြားနှင့် တစ်ပြေးတည်းပြားနေသော အကွက်လေးတစ်ကွက်ကို ပြသည်။

"အမေရယ်. . .၊ အဲဒီအကွက်လေးပေါ်လာတာ သမီးဒီနေ့မှ သိတာ၊ ရေချိုးရင်း မသက်ာလို့ ကုတ်ကြည့်တယ်၊ အပ်နဲ့ထိုးကြည့်တယ်၊ အဲဒီနေရာလေးက ထုံနေတယ်၊ မနာဘူးအမေ. .၊ ဒါဆို ဘွားဘွားလိုသမီးလည်း အနူရောဂါဖြစ်တော့မှာပေါ့နော်၊ ကြည့်ပါဦး အမေရယ်. . ကယ်ပါဦးအမေရယ်. . ."

ဒေါ်နန်းဖောင်းက သူ့သမီးလေး၏ရောဂါလက္ခဏာကို လေ့လာသည်။ ပြီးတော့တုန်လှုပ်သွားသည်။

"အို. . သမီးလေး၊ ဖြစ်မှဖြစ်ရလေသမီးလေးရယ်. ."

ဒေါ်နန်းဖောင်းလည်း ငိုတော့သည်။ သည်တော့ နန်းဟန်လည်း ငိုသည်။ မိသားစု သုံးဦးလုံး ငိုကြတော့သည်။

× × × × × ×

မငိုပဲ ဘယ်သူနေနိုင်ပါအံ့နည်း။ သူတို့တစ်အိမ်သားလုံး ငိုကြသည်။ အဘွားဒေါ်နန်းကြာကို ရွာလူကြီး၏အမိန့်ဖြင့် ရွာပြင်ထုတ်ထားရမည်ဟု ဆိုသည်။ အဘွားရောဂါက ပြင်းထန်လာပြီး လက်အဆစ်များပင် တရိရိဆွေးပြီးပြတ်ကျကုန်ပြီ။



တစ်ရွာလုံးကလည်း သူတို့ တစ်အိမ်သားလုံးကို ဝိုင်းပယ်စပြုနေပြီ။ သူ့အဖေဦးလုံးကျောက်က အားပေးသည်။

"ဘာမှ မစိုးရိမ်ပါနဲ့၊ ရွာပြင်တောစပ်မှာ မိုးလုံလေလုံတဲလေး ထိုးထားပါတယ်၊ အဘွားကို အဲဒီမှာထားပြီး အချိန်တန် ထမင်းမှန်မှန် ပို့ပေးကြတာပေ့ါ၊ ဆေးလည်းကုပေးကြတာပေ့ါ. . ." ဟု ဆိုသည်။

"သူ့တစ်ယောက်တည်း ဘယ်လိုလုပ်ထားမလဲ။ သူ့အပေါ့ အလေးသွားချင်တယ်ဆို အနီးကပ်ဘယ်သူပြုစုပေးမလဲ၊ မတရားဘူး၊ မတရားဘူး၊ သူတို့အိမ်တွေမှာ တက်နေတာမဟုတ်ဘူး၊ ကိုယ့်အိမ်မှာ ကိုယ်နေတာ၊ ဘာ့ကြောင့် ရွာပြင်ထုတ်ချင်ရတာလဲ၊ ဘယ်သူမှ ကိုယ်ချင်းစာတရားမရှိကြဘူး. . ."

နန်းဖောင်းသည် တစ်ရွာလုံးကို မကျေမနပ် ရေရွတ်ကာ ငိုလေသည်။ သူ့အမေ၏ဝမ်းနည်းဖွယ်အဖြစ်ကို သူမကြည့်ရက်. .

"မငိုပါနဲ့ သမီးရယ်၊ ဖြစ်သမျှအကြောင်းအကောင်းချည်းမှတ်ပါ၊ အမေရွာပြင်ထွက်နေဆိုလည်း နေပေ့ါမယ်၊ အမေတရားမှတ်နေပေ့ါမယ်သမီး၊ ခုလည်း အိမ်မှာ တရားမှတ်နေတာပါပဲ၊ အင်းလေ. . အမေက ဘဝ၊ ဘဝက ဝဋ်ကြွေးတွေ ပါလာတယ်ထင်ပါရဲ့ သမီးရယ်၊ မငိုပါနဲ့ သမီး တိတ်၊ တိတ်၊ ဘယ်သူ့အပေါ်မှလည်း အပြစ်မတင်ပါနဲ့၊ အမေ့ကုသိုလ်ကံပေါ့၊ အမေ့မှာ အကုသိုလ်ကံတွေက ဖိစီးလာလို့ ခုလိုဖြစ်ရတာလို့ မှတ်ပါတယ်၊ အမေသွားမယ်၊ အမေ့အိပ်ရာလိပ်လှည်းပေါ်တင်လိုက်၊ အမေ့ အင်္ကျီလေးတစ်ထည် နှစ်ထည်နဲ့ လုံချည်လေးတွေလည်း ထည့်ပေးလိုက်. . ."

“အို. . အမေရယ်၊ အမေ မသွားရဘူး၊ မသွားရဘူး. . .”

“တော်တော့ နန်းဖောင်း၊ တို့က ရပ်ရွာမှာနေတာ၊ ရပ်ရွာရဲ့ ဓလေ့ထုံးစံကို လိုက်နာရမှာပေ့ါ၊ သူတို့က အဲဒီလိုရောဂါဖြစ်ရင် ရွာထဲမှာ မထားတာ မင်းလည်းအသိပဲ၊ ဦးလုံးရှုန်တုန်းကလည်း ခုလိုပဲ ရွာပြင်ထုတ်ခဲ့တာ မင်းလည်းသိပါတယ်၊ ဘာမှ အားမငယ်ပါနဲ့ မင်းအမေကို ငါနေ့တိုင်း အနီးကပ်ပြုစုပေးမယ်၊ မင်းသမီးတွေလည်း ရှိတာပဲကွာ၊ ဖြစ်ပါတယ်၊ မင်းအမေဘယ်လိုဒုက္ခမှ မရောက်စေရပါဘူး. . .”

ဘွားဘွားဒေါ်နန်းကြာအား သူ့အသုံးအဆောင်ပစ္စည်းအချို့နှင့် အတူလှည်းပေါ်တင်ကာ ရွာပြင်သို့ ထွက်ခဲ့ကြရသည်။ သူတို့အဖြစ်ကို ရွာသူရွာသားအချို့က မသိကျိုးကျွံကြည့်နေခဲ့ကြသည်။ သို့သော် သူတို့မိသားစုများကား ရှိုက်ကြီးတငင်ငိုကြွေးခဲ့ကြရသည်။ သြော်. . လူချင်းမတူတော့ဘူးလား၊ လူတွေရဲ့ အခွင့်အရေးတွေ ဆုံးရှုံးခံရတော့မှာလား. . ။

ဒေါ်နန်းဖောင်းမှာ ဤအချိန်ကတည်းက မျက်ရည်နှင့် မျက်ခွက်၊ အဘွားဒေါ်နန်းကြာ ဆုံးသွားတော့လည်း လူများများ မလာ၊ ဤအချိန်တုန်းတော့ ရွာလူကြီးများနှင့်ကျေးရွာသားအချို့ အသုဘလိုက်ပို့ရင်း မီးသင်္ဂြိုဟ်ဖို့ စီစဉ်ပေးခဲ့ကြသည်။

အစွန့်ပစ်ခံ လူသားတစ်ဦး၏ နောက်ဆုံးသွားရာလမ်းသည် ကြေကွဲလွမ်းဆွတ်ဖွယ်ရာအတိနှင့် ဇာတ်သိမ်းခဲ့ဖူးပါသည်။

× × × × × ×

“အို. . အမေရယ်၊ အမေတို့အဖေတို့ မရှိကြရင် သမီးလေး ရောဂါသည်ကြီးဘဝနဲ့ ခွက်တစ်လုံးကိုင်ပြီး တောင်းစားရတော့မှာလား ဟင်. . .”



သမီးလေး နန်းအေးလူ၏ပြောစကားကြောင့် ဒေါ်နန်းဖောင်း ရင်နာရပြန်ပြီ. . ။

သမီးလေး နန်းအေးလူ၏ပြောစကားကြောင့် ဒေါ်နန်းဖောင်း ရင်နာရပြန်ပြီ. . ။

“သမီးအဖေနဲ့အမေတို့ တိုင်ပင်ပြီးပါပြီကွယ်၊ သမီးဖေဖေလည်း တိုက်နယ်ဆေးရုံက ဆရာဝန်ကြီးနဲ့ သွားတွေ့ပြီး သမီးရဲ့ ရောဂါလက္ခဏာကို ပြောပြခဲ့ပြီးပါပြီ။ အဲဒါ ဆရာဝန်ကြီးက သူ့လက်ထောက်ဆရာမလေးကို သမီးဆီလွှတ်ပေးလိုက်မယ်တဲ့၊ သမီးလေးကို ဘာမှအားမငယ်ပါနဲ့တဲ့၊ သမီးလေးရောဂါပျောက်အောင် ကုသပေးပါ့မယ်တဲ့၊ ပြီးတော့ ပြောလိုက်သေးတယ်၊ အနာကြီးရောဂါဟာ ခုလုံးဝပျောက်ကင်းတဲ့ဆေးတွေ ရှိနေပါပြီတဲ့၊ အမ်ဒီတီ ဆိုလား၊ အမ်ပီတီဆိုလား အဲဒီဆေးကို တစ်နှစ်လုံး ဆက်စားလိုက်ရုံနဲ့ ရောဂါလုံးဝပျောက်သွားနိုင်တယ်လို့ ပြောတယ်၊ ခုခေတ်က သမီးအဘွားတို့ခေတ်မျိုး မဟုတ်တော့ဘူး၊ သမီးအဘွားတို့ခေတ်က အဲဒီရောဂါဖြစ်ရင် လူတွေက ရှောင်ကြတယ်၊ ဝိုင်းပယ်ကြတယ်၊ ခုခေတ်က ဒီရောဂါဟာ ကူးစက်ရောဂါ အမျိုးအစားတစ်ခုလို့ပဲ သဘောထားပြီး ပျောက်အောင်ကုနိုင်ပြီတဲ့၊ ဆရာမလာမှ မေးကြည့်တော့ကွယ်. . .”

နန်းအေးလူ မျက်စိလေးကလယ်ကလယ်နှင့် နားထောင်နေမိသည်။ ထိုစဉ် ဆရာမလေးနှင့် သူ့အဖေဦးကျောက်လုံးတို့ အိမ်ခန်းထဲသို့ရောက်လာသည်။

“သမီးစိတ်ဓာတ်ကျပြီး ကျောင်းမတက်တော့ဘူးဆို၊ ဘာစိတ်ဓာတ်ကျစရာရှိလည်း သမီးရယ်၊ ပြစမ်း သမီးအနာ၊ အို. .

ဘယ်သူမှ မမြင်နိုင်တဲ့နေရာမှာရှိတာ၊ ခုမှ အကွက်ကလေး ဖြစ်စ သာရှိသေးတာ၊ ဘာမှ မစိုးရိမ်နဲ့သမီး၊ သမီးရောဂါခြောက်လ အတွင်း ပျောက်နိုင်တယ်၊ တစ်နှစ်တိတိဆေးဆက်စားလိုက်ရင် ရောဂါအမြစ်ပြတ်ရော၊ အသေးအဖွဲ့လေးပါ သမီးရယ်. . . ”

ဆရာမလေးက သွက်လက်လှသည်။ ဆရာလေးစကားကို ကြားရတော့ နန်းအေးလူ အားတက်လာသည်။

“အမ်ဒီတီ ဆိုတဲ့ ဆေးကြားဖူးလား၊ ကမ္ဘာကြီးက သိပ်ပြီး တိုးတက်နေတယ်သမီး၊ ဆေးပညာတွေကလည်း ကမ္ဘာကြီးနှင့် အပြိုင်အစွမ်းထက်နေတယ်သမီး၊ သမီးကံကောင်းပါတယ်၊ အဲဒီ အမ်ဒီတီ M.D.T ဆေးကို ကမ္ဘာပေါ်မှာ ၁၉၈၂ ခုနှစ်ကမှ စအသုံးပြု ခဲ့တာ သမီး၊ ခုမှ အနှစ်နှစ်ဆယ်လောက်ပဲ ရှိသေးတယ်. . . ”

နန်းအေးလူက မျက်လုံးလေးပြူးပြီး နားထောင်နေသည်။

“အနာကြီးရောဂါကို ရှေးတုန်းကတော့ ခုခေတ်ပေါ်တဲ့ အိဒ်စ် ရောဂါလို ကုရာနတ္ထိဆေးမရှိလို့ ယူဆခဲ့ကြတာ၊ ကလောသီးဆီ၊ ဒက်ပဆုံးဆေး၊ အခု အမ်ဒီတီစတဲ့ ဆေးသုံးမျိုးနဲ့ ကုလာခဲ့ကြတာ၊ အမ်ဒီတီဟာ ဆေးသုံးမျိုးကို ပေါင်းထားတဲ့ဆေးပေါ့သမီး၊ ဒက်ပဆုံး၊ ကလိုဖီးဇီပင်းနဲ့ ရီဖန်ပီစင်ဆေးသုံးမျိုးပေါင်းကို အမ်ဒီတီလို့ ခေါ်တယ်ကွဲ့၊ အဲဒီဆေးတွေဟာ တစ်ခုချင်းလည်း အနာကြီးရောဂါ ကို အထိုက်အလျောက် ပျောက်ပါတယ်၊ သုံးမျိုးပေါင်းလိုက်တဲ့ အခါ ပိုပြီး အစွမ်းထက်တဲ့ ပိုအပျောက်မြန်တဲ့ဆေးဖြစ်လာတာပေါ့၊ ကုရာ နတ္ထိအနေအထားကနေ ခုအခါရောဂါကို လုံးလုံးပျောက်တဲ့ဆေး၊ သေချာပေါက်ပျောက်တဲ့ဆေး၊ မြန်မြန်ပျောက်တဲ့ဆေး ဖြစ်လာပြီ ပေါ့ကွယ်. . . ”



“တကယ်လားဟင်. . ဆရာမရယ်. . . ”

“တကယ်ပေါ့ သမီး. . . ”

“ဆရာမ စိတ်မရှိနဲ့နော်၊ သမီးကြားဖူးတာမြင်ဖူးတာ တစ်ခု ရှိလို့လေ၊ ဟို. . ဦးမဟာစိန်ကြီး ဆရာမသိလား၊ ကျွန်မတို့ရွာ မြောက်ပိုင်းမှာနေတာလေ. . . ”

“သြော်. . သိပြီ၊ သိပြီ၊ အဲဒီ ဦးမဟာစိန်ကြီးလည်း ဆရာပဲ ကုပေးခဲ့တာ၊ ဆရာမပဲ အမ်ဒီတီ ဆေးတွေပေးပြီး ခြောက်လ တစ်ကြိမ် စစ်ဆေးပေးခဲ့တာပဲ၊ သူ့မှာ အနာကြီးရောဂါပိုး မရှိ တော့ဘူးသမီး၊ ဘာဖြစ်လို့လဲ၊ သမီး ဘာမေးချင်လို့လဲ”

“ဒီလိုပါ ဆရာမရယ်. . .၊ သူ့မှာ အနာကြီးရောဂါပိုး မရှိတော့ ဘူးလို့သာ ပြောတာ၊ သူ့လက်က အနာတွေမပျောက်သေး ဘူးနော်. . . ”

“ဒါလား သမီး၊ အမ်ဒီတီဆေးက အနာကြီးရောဂါရဲ့ပိုးကို သတ်တာသမီး၊ အနာကြီးရောဂါပြန့်ပွားစေတတ်တဲ့ ကိုယ်တွင်းက ရောဂါပိုးကို သတ်တာ၊ ဆေးပတ်လည်အောင် တစ်နှစ်တိတိ စားလိုက်ရင် ရောဂါအမြစ်ပြတ်ပြီ၊ အဲ. . . လက်က အနာတွေပျောက်အောင်ကတော့ ဆေးထပ်ကုရတယ်၊ တစ်ခုတော့ ရှိတယ်သမီး၊ အနာတွေကျက်ပြီး ပျောက်သွားပေမယ့် မူလက ရောဂါကြောင့် ဖြစ်ခဲ့တဲ့ ခြေလက်တွေကြွေတာ၊ ပွဲ့ခဲ့တာတွေ ကတော့ အသစ်ပြန်ကောင်းမလာတော့ဘူးလေ၊ ဒါ့ကြောင့် သမီးတို့ ကို ရောဂါနုစဉ်မှာ ကုသရင် အပျောက်လည်းမြန်တယ်၊ ရောဂါ ဝေဒနာရဲ့ဒဏ်တွေလည်း မခံရတော့ဘူးပေါ့. . . ”

"ဟုတ်လား ဆရာမရယ်. . .၊ ကျေးဇူးတင်လိုက်တာ၊ ဆရာမကို မသိလို့မေးကြည့်ပါရစေနော်. .၊ အဲဒီအနာကြီးရောဂါဟာ မျိုးရိုး လိုက်တတ်သလားရှင်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မအဘွားကလည်း အနာကြီးရောဂါနဲ့ သေဆုံးခဲ့ရလို့ပါ. . ."

နန်းအေးလူ၏အမေးကို သူ့ဖခင်ဦးလုံးကျောက်နှင့် မိခင်ဒေါ်နန်းဖောင်းတို့ကပါ စိတ်ဝင်တစား နားထောင်နေကြသည်။

"သမီးမေးမယ်ဆိုရင်လည်း မေးသင့်ပါတယ်၊ ဒီနေ့ လူအတော်များများဟာ မျိုးရိုးလိုက်တဲ့ရောဂါလို့ ထင်မှတ်မှားနေကြတယ်၊ တကယ်တော့ ကူးစက်ရောဂါ တစ်မျိုးသာ ဖြစ်ပါတယ်၊ လူနာနဲ့ နီးနီးကပ်ကပ်နေထိုင်ပြုစုရင် ကူးတတ်တာမျိုးပါ၊ ဆရာဝန်တင်ရွှေက ခုလိုပြောခဲ့ ရေးခဲ့ဖူးပါတယ်၊ အနာကြီးဆိုတာ အနီးကြာရင် ကူးတတ်တယ်တဲ့၊ ဒါပါပဲ သမီးရယ်၊ ရောဂါသည်နဲ့ နီးနီးကပ်ကပ်နေရင်သာ ကူးတာပါ၊ မျိုးရိုးလိုက်ရောဂါ မဟုတ်ပါဘူး၊ နောက်တစ်ခု ဆရာမ ထပ်ရှင်းပြချင်တာက အနာကြီးရောဂါဆိုတာ ကိုယ်ပျက်တဲ့ရောဂါ၊ ငါ့မှာ ကိုယ်မပျက်ရင် အနာကြီးရောဂါ မဟုတ်ဘူးလို့ စွဲမြဲယုံကြည်နေကြသူတွေ ရှိကြတယ်၊ သမီးလို ခုလိုဖြစ်ခါစ ရောဂါလက္ခဏာပြကာစမှာ မပြဘဲ ရောဂါကျွမ်းပြီးခြေတွေ၊ လက်တွေ၊ မျက်နှာတွေမှာ အဖုအပိန့်တွေ ထွက်လာမှ ကုတာတို့၊ အနာတွေဖြစ်လာမှ လက်ဆစ်ခြေဆစ်တွေပြတ်မှ ကုတာတို့ကြောင့်လည်း ရောဂါတော့ပျောက်ပါရဲ့ ကိုယ်ပျက်တာကိုတော့ အမ်ဒီတီက ပျောက်အောင် မလုပ်ပေးနိုင်ဘူးလေ၊ သမီးစောစောက ပြောတဲ့ ဦးမဟာစိန်လို လူနာတွေပေါ့. . ."



ထိုစဉ် ဆရာမလေး သီတာမွှေးက အိမ်ရှေ့က အသံပြုသည်။

"သမီး နန်းအေးလူ ရှိလား. ."

"ဩော်. . ဆရာမလေးပါလား၊ ကြွပါ ဆရာမ၊ ကြွပါ. . ."

ဒေါ်နန်းဖောင်းက ဆရာမလေးကို နေရာပေးသည်။ ဆရာမလေးနှစ်ဦးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြရင်း အကဲခတ်လိုက်ကြသည်။

"နန်းအေးလူ ဖျားလို့လား ဆရာမ. . ."

ဆရာမလေး ဒေါ်ချိုချိုမြင့်က နန်းအေးလူမျက်နှာလေးကို ကြည့်ရင်း. . .

"ဆရာမရှင်းပြလိုက်မယ်နော်. . ." ဟု ပြုံးပြီးပြောသည်။

နန်းအေးလူက အသာပြုံးရင်း ခေါင်းညိတ်ပြသည်။

"ဒီလိုပါ ဆရာမရယ်၊ ဆရာမတပည့်က သူ့ရင်ဘတ်မှာ အကွက်လေးတစ်ကွက်ကို တွေ့ပြီး သူ့မှာ အနာကြီးရောဂါရှိပြီး၊ သူမကြာခင်ကိုယ်တွေလက်တွေပြတ်ပြီး ဒုက္ခရောက်တော့မယ်၊ သူ့ကို လူတွေက အဖက်မလုပ်တော့ဘူး၊ ရွာပြင်မှာ ထုတ်ထားကြတော့မယ်ဆိုပြီး ငိုယိုစိတ်ဓာတ်ကျ၊ အစာလည်းမစား၊ ကျောင်းလည်းမတက်၊ ဘယ်သူနဲ့မှလည်း စကားမပြောဘဲ၊ အားငယ်နေတာ၊ အဲဒါ ကျွန်မက သူ့ကို အမ်ဒီတီဆေးရဲ့ အစွမ်းသတ္တိတွေကို ရှင်းပြနေတာပါ ဆရာမ"

ဟု ဆိုလိုက်သောအခါ ဆရာမဒေါ်သီတာမွှေးက နန်းအေးလူ၏ ရင်ဘတ်မှ အကွက်လေးကိုကြည့်ရင်း. . .

"အို. . ဒါလေးများ၊ ဆေးစားရုံနဲ့ ပျောက်တယ်မဟုတ်လား ဆရာမ၊ ကျွန်မလည်း ဒေါက်တာတင်မြင့်ရဲ့ အမ်ဒီတီဆေး

အကြောင်း ရေးထားတဲ့ဆောင်းပါးတွေ ဖတ်ခဲ့ဖူးပါတယ်၊ သမီး ဘာမှ စိတ်ဓာတ်မကျနဲ့၊ ရောဂါပျောက်ဖို့က ဆရာမဒေါ်ချိုချိုမြင့်တို့ ကျန်းမာရေးဌာနက ကုပေးလိမ့်မယ်၊ သမီးရဲ့ ဘဝရှေ့ရေး တိုးတက်ဖို့က ဆရာတို့ပညာရေးဌာနက တာဝန်ယူပြီး ပညာတွေ သင်ပေးမယ်၊ သမီးနေမကောင်းဘူးဆိုတာသိလို့ စာတွေနောက်ကျ နေမှာစိုးပြီး ဆရာမလိုက်လာတာ၊ မနက်ဖြန်ကျောင်းပြန်တက်နော်၊ ဒါလေးများ. . . သမီးရယ်၊ ဦးတို့အဒေါ်တို့လည်း စိတ်ချမ်းချမ်း သာသာနေကြ၊ ခုခေတ်က တိုးတက်နေတဲ့ကမ္ဘာကြီးနဲ့အပြိုင် ဆေးစွမ်းကောင်းတွေပေါ်နေပြီ၊ M.D.T ဆေးဆိုရင် ဆရာမ ဒေါ်ချိုချိုမြင့်တို့ ကျန်းမာရေးဌာနက အလကားဝေပေးတဲ့ အဖိုး မဖြတ်နိုင်တဲ့ဆေး၊ ယုံယုံကြည်ကြည်နဲ့သာသောက် ဒိဋ္ဌ ပျောက်မယ်. . . ”

ဆရာမဒေါ်သီတာမွှေး၏အပြောလေးကို သဘောကျသဖြင့် နန်းအေးလူက အပြုံးမျက်နှာလေးနှင့်ကြည့်လိုက်ရာ၊ ဆရာမလေး က. .

“ဘာလဲ. . ထက်ထက်မိုးဦးနဲ့တူလို့လား၊ ဆရာမလည်း ကျောင်းဆရာမကထွက်ပြီး ဆေးကြော်ငြာတွေ ရိုက်ရကောင်း မလားလို့. . . ”

ဟု ရယ်မောကာ ပြောလိုက်ရာ ဆရာမလေး ဒေါ်ချိုချိုမြင့် က. .

“အင်း. . ဆရာမရောက်လာမှ သူ့ကို တိုက်ရမယ့်ဆေးတွေ ပေးဖို့သတိရတော့တယ်၊ သဘောတရားတွေ ရှင်းနေရတာနဲ့ပဲ လက်တွေ့ကုထုံးတွေ မေ့နေတော့တာ၊ ကဲ. . ရီဖန်ပီစင် Rifam Picin ဆေး နှစ်လုံး၊ ဒက်ပဆုံး Dap Sone ဆေး တစ်လုံးက ဒီနေ့ ပထမနေ့ကစပြီး သောက်ရမယ်၊ ခုသောက်လိုက်၊ ဒုတိယနေ့က စပြီး မနက်ဖြန်ပေါ့၊ ၂၈ ရက်လုံးလုံး ဒက်ပဆုံး Dap Sone ဆေး တစ်လုံးကို နေ့တိုင်း သောက်ရမယ်ဟုတ်လား၊ ခု ဆေးကတ်ပြား ၆ ကတ်ပေးခဲ့မယ်နော်၊ အဲဒီဆေးတွေကို ခြောက်လကနေ ကိုးလ အတွင်း ဆေးကုန်တဲ့အထိသောက် ဟုတ်ပြီလား၊ ဆရာမပြောသလို စိတ်ချသောက်၊ ဒိဋ္ဌပျောက်မယ်ကွဲ့. . . ”

ဆရာမလေးက ဆေးပြားများ ထုတ်ပေးပြီး ယနေ့သောက် ရမည့် ဆေးသုံးလုံးကို နန်းအေးလူအား တိုက်ပြီးတွင် အိုက်ထွန်း နှင့် သူငယ်ချင်းများ ရောက်ရှိလာကြသည်။ သူတို့တွေကလည်း ဆရာမလေးများနှင့် နန်းအေးလူကို ကြည့်ရင်းငေးကြောင်နေကြ ခိုက် နန်းအေးလူကပြုံးပြီး. . .

“အေး. . နင်တို့လာတာ ဝမ်းသာတယ်ဟာ၊ ငါနေကောင်း သွားပါပြီ၊ မနက်ဖြန်ကစပြီး ကျောင်းပြန်တက်တော့မှာပါဟ. . ”

ဟု ဝမ်းသာစွာ ဆိုလိုက်ရာ သူ့မိခင်ဒေါ်နန်းဖောင်း၊ ဖခင် ဦးလုံးကျောက်နှင့်တကွ အစ်မနန်းဟန်နှင့်ဆရာမလေးနှစ်ဦးတို့မှာ နန်းအေးလူကို ပြုံးကြည့်လိုက်ကြကာ. . .

“အင်း. . ကျောင်းလည်းတက်၊ ဆေးလည်းသောက်၊ စိတ်ချ သောက် ဒိဋ္ဌပျောက်မယ်နော် ဟုတ်လား”

ဟု ရယ်မောကာပြောဆိုလိုက်ကြလေသည်။

ယခုအခါတော့ကောင်းကင်ကြီးသည် တိမ်ပြာများယှက်သန်း ပြီး ကြည်လင်လန်းဆန်းလျက်၊ လေနုအေးလေးများကလည်း နှော့လျက်။

နန်းအေးလူသည် ကောင်းကင်ကြီးကို ငေးမောရင်းဝင်းပစ္စာ ပြူထွက်လာသည့် လမင်းကြီးကိုကြည့်ကာ သန့်ရှင်းလတ်ဆတ်သော လေပြည်လေညှင်းလေးများကို ရှူရှိုက်လိုက်သည်။

ပြီးတော့လှပလွန်းသည့် ကမ္ဘာမြေပြင်ကြီးအား တအံ့တသြ ငေးမောကြည့်ရှုနေမိပါတော့သည်။ ။

♦ ♦ ♦

## ညှိုးနွမ်းတော့မည့် ပန်းလေးတစ်ပွင့်အတွက်

"ရန်သူတွေလာနေပြီ၊ ရန်သူတွေတက်လာနေပြီဆိုပြီး ဝင်းနိုင် သူ့လည်ပင်းကို သူဓားနဲ့လှီးတာ သူ့အဖေမြင်လို့ ဝင်းနိုင်လက်က ဓားကိုလုယူ၊ အရပ်အကူအညီနဲ့ မြင်းလှည်းပေါ် ဖမ်းချုပ်တင်ပြီး ဆေးရုံပို့လိုက်ရတယ်ဆရာ. . ."

ဆရာ့မျက်စိထဲတွင် ဝင်းနိုင်၏ရုပ်ပုံကားချပ်ကြီး ထင်းခနဲ မြင်နေပေမည်။ ကျောင်းတွင်စည်းကမ်းချိုးဖျက်ရာ၌ နံပါတ်တစ်၊ ကျောင်းပြေးပြီးရထားလမ်းဘေးဆေးလိပ်ခိုးသောက်ရာတွင် ထိပ်ဆုံးက၊ စာမေးပွဲတွေအကြိမ်ကြိမ်ကျပြီး ဆုံးမ,မနိုင်၊ ဆိုနိုင်ခက်ခဲသော ဆရာ့တပည့်ဟောင်း မဟုတ်လား။

ဆယ်တန်းနှစ်ကြိမ်ကျပြီး စာသင်ခန်းမှအပြင်သို့ရောက်သွားသောအခါ ဆေးလိပ်သာမက အရက်ပါသောက်နေပြီဟု ဆရာ သတင်းတွေ ကြားပေမည်။ မိဘဆရာတို့ ဘယ်လိုပင်ဆုံးမသော်လည်း ပြန်မပြောနားမထောင်သည့် ဝင်းနိုင်. . .။

ဆံပင်ရှည်ရှည်၊ အင်္ကျီလုံချည်ကပိုကရိုနှင့် ဇယ်တောက်ခုံမှာ ဝင်းနိုင်ကိုမြင်နိုင်သည်။ ကြွေပစ်ကစားဝိုင်းများတွင် ဝင်းနိုင်ကို တွေ့နိုင်သည်။ ထို့ပြင် လေးကောင်ဂျင်ဝိုင်းဘယ်မှာရှိသည်ကို

ဝင်းနိုင်ကိုမေးလျှင် ကွက်တိပြောပြနိုင်သည်။ တစ်ခါ,တစ်ခါ ဝင်းနိုင် လေးကောင်ဂျင်ဒိုင်များနှင့်ပေါင်းပြီး အလျော်အစားလုပ်နေသည်ဟု ကြားရသည်။ လေးကောင်ဂျင်ဒိုင်များပေးသည့် ပိုက်ဆံကို ဝင်းနိုင် အရက်ဝယ်သောက်သည်။

ကြာတော့ ဝင်းနိုင်အရက်သမားကြီးလုံးလုံးဖြစ်လာသည်။ သူ ဆရာ့ကို ရှောင်သည်။ ဆရာ၊ ဆရာမတွေနှင့်မဆုံအောင်ပုန်းသည်။ သို့သော် ဝင်းနိုင်၏အပုပ်နံ့များကား ဟဲဟိုးမြို့ကျဉ်းကျဉ်းလေးတွင် ဟောင်စော်နံနေသည်။ လူတစ်ယောက်၏ကောင်းသတင်းကိုသာ မပြောမည်။ မကောင်းသတင်းပြောမည့်သူတွေက တစ်လှေကြီး။ ဝင်းနိုင်ကိုယ်တိုင်ကလည်း မကောင်းသောအခါ ဆရာသည် အတန်ကြာငြိမ်နေပြီး . . .

“နေပါဦး. . . ဝင်းနိုင်က ဘယ်လိုဖြစ်လို့ သူ့လည်ပင်းသူ လှီးရတာလဲ. . .”

သတင်းလာပေးသူ အောင်အောင်၏မျက်နှာလေးကား ထိတ်လန့်ကြောက်ရွံ့နေသည့်အလား၊ မျက်စိမျက်နှာပျက်နေရှာသည်။

“အရက်ကြောင်တာလို့ ပြောကြတာပဲ ဆရာ. . .”

အောင်အောင်က ဆရာ့မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်ရင်း. .

“လည်ပင်းကအကြောကိုတော့ မလှီးမိဘူးတဲ့ ဆရာ၊ အသားတော့လှီးမိသွားလို့ ခြောက်ချက်ချုပ်လိုက်ရသတဲ့ဆရာ. . .”

ဆရာသည် ဝင်းနိုင်၏ဖြစ်အင်ကို နားထောင်ရင်း မိုးမြင့်၏ ဇာတ်လမ်းလေးကို တရေးရေးပြန်၍ မြင်ယောင်လာမိသည်။

× × × × × ×



မိုးမြင့်သည် အိမ်ထောင်သည်။ ကလေးနှစ်ယောက်နှင့် ကျဘမ်း လုပ်ကိုင်စားနေသူ။ သူ့မိန်းမ ငွေရီမှာ ပုန်းအင်းကွင်းထဲတွင် အခလိုက် (နေ့စား)လုပ်ကိုင်နေသူ။

အမှန်တော့ မိုးမြင့်၏လုပ်အားခမှာ သူ့အရက်ဖိုးပင် မလောက်။ သူ့မိန်းမ ငွေရီ၏လုပ်အားခလေးဖြင့် မှီတွယ်နေရသည့်ဘဝ။ အရက်သမားမိန်းမဖြစ်သူ ငွေရီမှာ မနက်မိုးလင်းသည်မှ မိုးချုပ်သည်ထိ စိုက်ခင်းထဲတွင် လုပ်ကိုင်နေရသူ။ စိုက်ခင်းထဲတွင် အလုပ်မရှိပါက ပွဲစား၏ပွဲရုံအတွင်း အာလူးရွေး၊ ကြက်သွန်ရွေးနှင့် မအားလပ်နိုင်ရှာ။

ငွေရီဘယ်လောက်အလုပ်များနေပါစေ၊ မိုးမြင့်ကတော့ အိမ်ကိုစောစောပြန်ရောက်နေသော်မှ ထမင်းတစ်အိုးချက်ပြုတ်ပေးဖော်မရ။

သူ့အပေါင်းအဖော်များနှင့်လမ်းထိပ်အရက်ဆိုင်တွင် အချိန်ဖြုန်းနေတတ်ပြီး တစ်ခါတစ်ရံ စီဒီအိုကေဆိုင်များတွင် အရက်မူးမူးနှင့် သီချင်းဟစ်ချင်ဟစ်နေတတ်သည်။ အိမ်ရှိကလေးနှစ်ယောက် ထမင်းစားရသည်မစားရသည်ကို ဂရုမထား၊ သူအရက်သောက်ရဖို့က အဓိက ဖြစ်နေသည်။

အရက်မူးလာလျှင်ဂျီကျတတ်သည်။ ရန်ဖြစ်တတ်သည်။ လမ်းတွင်ခွေလဲပြီးအိပ်ချင်အိပ်နေတတ်သည်။ အိမ်ပြန်ရောက်သော် မိန်းမထံအရက်ဖိုးတောင်းတတ်သည်။ မရလျှင် မိန်းမကို ဆဲဆိုရိုက်နှက်ပြီး ထမင်းအိုး၊ ဟင်းအိုး၊ ပန်းကန်များရိုက်ခွဲပစ်တတ်သည်။

ကြာသောအခါ မိုးမြင့်သည် အရက်ကြောင်လာသည်ဟု ဆိုကြသည်။ တစ်စုံတစ်ယောက်က သူ့ကို မဟုတ်တာတွေလုပ်ဖို့ အတင်းအကျပ်အမိန့်ပေးနေတဲ့အသံတွေကြားယောင်နေသည်ဟု သိရသည်။

တစ်ခါတစ်ရံ သူ့ကိုယ်သူ သတ်သေရန် အမိန့်ပေးနေသည့် အသံမျိုးကိုကြားနေရသည်ဟု သိရသည်။ ထို့ကြောင့်သူသည် ဓားမြှောင်ဖြင့် သူ့ရင်ဘတ်ကို သူထိုးကာ သေကြောင်းကြံခဲ့ဖူးသည်။ သို့သော် ကံကောင်းထောက်မပြီး မသေခဲ့။

ဆေးရုံကဆင်းသောအခါ အရက်တွေ ပြန်သောက်သည်။ သည်နောက်တော့ပို၍ဆိုးလာသည်။ လူတွေအပေါ် သူသံသယ ရှိလာသည်။ မနာလိုစိတ်၊ အလိုမကျစိတ်တွေ ဖိစီးလာသည်။ သူ့ ဇနီးငွေရီကို ဟိုလူနှင့်စွပ်စွဲ၊ ဒီလူနှင့်စွပ်စွဲ လုပ်လာတော့သည်။ သူ့ သားသမီးနှစ်ယောက်အပေါ်လည်း သံသယတွေ ဝင်လာပြန်သည်။ သူ့ကလေးတွေကို သူများနှင့်ဖောက်ပြန်၍ရသော ကလေးများဟု အထင်မှားစပြုလာသည်။

နောက်ဆုံးတွင်ကား သူ့ဇနီးငွေရီနှင့်ကလေးနှစ်ယောက် အိပ်ပျော်နေခိုက် အရက်မူးမူးနှင့်ကလေးနှစ်ယောက်ကော သူ့မိန်းမ ကိုပါ ဓားဖြင့်အပိုင်းပိုင်းခုတ်ထစ်သတ်ဖြတ်လိုက်သည်။

× × × × × ×

"ဆရာ ဘာတွေစဉ်းစားနေလဲ. . ."

အောင်အောင်က ငြိမ်သက်နေသော ဆရာ့ကို မေးခွန်းထုတ် လိုက်သည်။



"လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်က သူ့မိန်းမနဲ့ကလေးတွေကို အရက်မူးရူးပြီး သတ်လိုက်တဲ့ မိုးမြင့်အကြောင်းစဉ်းစားလိုက်မိ လို့ပါကွာ. . ."

ဟု ဆရာကဆိုသည်။ မိုးမြင့်အကြောင်းစဉ်းစားလိုက်သော အခါ ကြက်သီးများပင် ထလာသည်။ ဤအချိန်တွင်ပင် ဆရာ့ထံ သင်္ချာမေးရန် ရောက်လာကြသော မျိုးနိုင်၊ ကျော်ကျော်၊ ဝင်းထွန်း တို့တွေကို မြင်လိုက်ရသည်။

သူတို့သည် ဆရာ့ကိုနှုတ်ဆက်လိုက်ပြီး စားပွဲရှည်ကြီးတွင် သွားရောက်ထိုင်လိုက်ကြသည်။ စားပွဲရှည်ကြီးထိပ်တွင် ကျောက်သင်ပုန်းကြီးရှိသည်။ ကျောက်သင်ပုန်းကြီးပေါ်တွင် ဘာမျှ ရေးမထားပါ။ ဆရာက မြေဖြူတစ်ချောင်းယူပြီး ကျောက်သင်ပုန်း ပေါ်တွင် Delirium Tremor အရက်ရူးရောဂါဟူ၍ ရေးလိုက်သည်။

မျိုးနိုင်၊ ကျော်ကျော်၊ ဝင်းထွန်းတို့က ဆရာ့ကို ခေါင်းမော်၍ ကြည့်လိုက်ကြသည်။

"မင်းတို့ ဝင်းနိုင်အကြောင်းသိပြီးကြပြီလား"

"ဟုတ်ကဲ့ သိပြီးပါပြီဆရာ. ."

"ဟိုး. . . လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က အရက်တွေမူးပြီး မိန်းမနဲ့ကလေးတွေကို သတ်သွားတဲ့မိုးမြင့်အကြောင်းကို ကောမင်း တို့ သတိရကြသေးလား. . ."

"ဟုတ်ကဲ့ ရပါတယ် ဆရာ. . ."

"ဆရာ ဒီနေ့ ဝင်းနိုင်အကြောင်းကြားရတာ စိတ်မကောင်းဘူး၊ ပြီးတော့ မိုးမြင့်အကြောင်းကိုပါ ဆက်စပ်ပြီးတွေးလိုက်မိတယ်. . ."

"ဒီကောင် အရက်တွေတအားသောက်နေတယ် ဆရာ၊ မသောက်ရရင် ကတုန်ကယင်နဲ့ လက်တွေတုန်လို့၊ ပြီးတော့ ထမင်းလည်း သိပ်မစားဘူး. . ."

ကျော်ကျော်၏စကားကြောင့် မျိုးနိုင်နှင့်ဝင်းထွန်းတို့တွေ ဆရာ့ မျက်နှာကို ကြည့်လိုက်ကြပြန်၏။

"သုရာဆိုတဲ့အရက်၊ သေရည်ဆိုတဲ့အရက်ဟာ သိပ်ပြီး ကြောက်စရာကောင်းတဲ့အဆိပ်ကွ၊ အရက်ကြောင့် သူများ သားမယားလည်း စော်ကားရဲကြတယ်၊ ရန်ဖြစ်ရဲကြတယ်၊ ပြီးတော့ လူသတ်မှုတွေဖြစ်ကြတယ်၊ မင်းတို့မှုခင်းဂျာနယ်တွေက လူသတ်မှု သတင်းတွေ ပြန်ဖတ်ကြည့်ကြ၊ အရက်မူးလို့ လူသတ်မှုတွေဖြစ်ကြ တာကို အများဆုံးတွေ့ရမယ်"

"ဟုတ်တယ်ဆရာ၊ အရက်ကြောင့်ဇနီးကိုသတ်တာ၊ ညီအစ်ကို ချင်းပြန်သတ်ကြတာ၊ အဖေ့ကိုသတ်တာ၊ သူငယ်ချင်းမိတ်ဆွေ အချင်းချင်း ပြန်သတ်ကြတာတွေဟာ အရက်မူးပြီးလူစိတ်ပျောက် ကုန်ကြလို့ ဖြစ်ကြတာတွေကို အများဆုံးဖတ်ခဲ့ရတယ်ဆရာ. . ."

"မြတ်စွာဘုရားကလည်း သေရည်သေရက်ကို မသောက်စားဖို့ ငါးပါးသီလမှာ တစ်ပါးထည့်ဟောခဲ့တဲ့အပြင် အရက်သောက်သူ တွေဟာ သေတဲ့အခါ အပါယ်ငရဲကို ကျရောက်ကြရမှာဖြစ်ပြီး ငရဲက လွတ်လာရင်လည်း အရူးဘဝနဲ့တစ်သက်လုံး နေရမယ်လို့ဟောခဲ့ တယ်မဟုတ်လား. . ."

"ဟုတ်ကဲ့ဆရာ၊ အရက်သမားတွေဟာ ငရဲကလွတ်မှ ရူးတာ မဟုတ်ပါဘူးဆရာရယ်၊ အခုလောလောဆယ်တောင် ပုဆိုးမနိုင်၊ လုံချည်မနိုင်နဲ့အရူးကြီးတွေလို လမ်းမ,မှာ လူမြင်မကောင်းဖြစ်နေ ကြတယ် မဟုတ်လားဆရာ၊ ပါးစပ်ကလည်းပြောချင်ရာပြော၊ ဆဲချင်ရာဆဲနဲ့၊ လူမလေးခွေးမခန့်တဲ့ဘဝရောက်နေသူတွေပါ ဆရာရယ်. . ."



"တို့ဝင်းနိုင်ကိုကယ်ဖို့လိုတယ်. . ."

"ဘယ်လိုကယ်မလဲ ဆရာ. . ."

"သူ့အဖေ၊ အမေတို့နဲ့ တိုင်ပင်ပြီး ဒီကောင့်ကို တောင်ကြီး စဝ်စံထွန်းဆေးရုံမှာတင်ပြီး အရက်ဖြတ်ခိုင်းဖို့ လိုမယ်ကွ၊ ဒီလိုသာ သူ့ကို ကြည့်နေရင် ဒီကောင်ဆိုးသထက်ဆိုးလာတော့မှာပေ့ါ၊ လူ့ လောကကို အကျိုးပြုသူတစ်ယောက်ဖြစ်ဖို့အသာထား၊ သူ့ဘဝကို သူ့အရက်ပုလင်းထဲမှာ မြှုပ်နှံရမယ့်သတ္တဝါဖြစ်သွားမှာပဲ၊ အချိန်မီ ပါသေးတယ်ကွာ၊ ဒီကောင်ဆေးရုံက ဆင်းတာနဲ့ တောင်ကြီး စဝ်စံထွန်းဆေးရုံပို့ပြီး အရက်ဖြတ်ခိုင်းမယ်. . ."

"ဖြစ်ပ့ါမလား ဆရာ. . ."

"ဖြစ်ပါတယ်၊ ဖြစ်ကိုဖြစ်ရမယ်၊ လာကွာ၊ တို့ဆေးရုံကို ခဏ လိုက်သွားမယ်၊ ပြီးတော့ သူ့မိဘတွေနဲ့ဆွေးနွေးမယ်. . ."

အောင်အောင်နှင့်တကွ မျိုးနိုင်၊ ကျော်ကျော်၊ ဝင်းထွန်းတို့သည် ဆရာ့ကိုခြံရံလျက် ဟဲဟိုးပြည်သူ့ဆေးရုံဆီသို့ လျှောက်လာခဲ့ကြ၏။

"အောင်အောင်က ဝင်းနိုင်အကြောင်းလာသတင်းပို့လို့ ဆရာ သိရတာကွ"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တို့လည်း သတင်းကြားကြားချင်း ဆေးရုံရောက်သွားကြသေးတယ်၊ အသက်အန္တရာယ်စိုးရိမ်စရာ မရှိဘူး၊ သွေးသွင်းဖို့လည်း မလိုအပ်ဘူးဆိုတာ သိရလို့ဆရာ့ဆီ လာခဲ့ကြတာပါ"

"အေးကွာ. . . ဆေးရုံရောက်ရင် ဝင်းနိုင်ကို အားပေးရမယ်၊ သူ့မိဘတွေနဲ့ညှိနှိုင်းပြီး သူ့ကို တောင်ကြီးပို့အရက်ဖြတ်ခိုင်းဖို့ ပြောပြရမှာပဲ. . . "

တပည့်များအပေါ် သံယောဇဉ်ကြီးလွန်းသောဆရာ့ကို ကျွန်တော်တို့တွေလေးစားစွာ ကြည့်လိုက်မိကြသည်။ တကယ်တော့ ဝင်းနိုင်သည် ကျောင်းခန်းပြင်ပသို့ရောက်နေပြီဖြစ်သော ဆရာ့ တပည့်ဟောင်းမဟုတ်လား၊ တပည့်ဟောင်းတစ်ယောက်အပေါ်ပင် ဤမျှ ကရုဏာထားလျှင် ကျွန်တော်တို့ လောလောဆယ်ဆရာ့ လက်အောက်မှ တပည့်များအပေါ် တွင်ကား ဆိုဖွယ်ရာမရှိတော့ပေ။

"မင်းတို့လည်း မူးယစ်ဆေးဝါးဆို ဆေးလိပ်တောင်မသောက်ကြပါနဲ့ကွာ၊ မူးယစ်အစ ဆေးလိပ်ကလို့ ဆိုတယ်မဟုတ်လား၊ ဆေးလိပ်ပြီးတာနဲ့ အရက်တို့ ဘိန်းဖြူတို့ဘက်ရောက်သွားဖို့ သိပ်လွယ်သွားပြီလေ. . . "

"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်တို့ တတ်နိုင်သလောက်ရှောင်ပါ့မယ်"

"အရက်ကြောင့် ဒုက္ခရောက်နေကြသူတွေ မင်းတို့မျက်မြင်ပဲကွာ၊ အဲဒီအရက်ကြောင့် Alcoholic Hallucinatory Insanity ဆိုတဲ့ စိတ်ချောက်ချားရောဂါတွေ ဖြစ်လာမယ်၊ ပြီးတော့ Alcoholic Pesdo Paranolia ခေါ်တဲ့ ယုံမှားလွန်စိတ်ဝေဒနာတွေ ဖြစ်မယ်၊ အဲဒီ ဝေဒနာကြောင့် မိုးမြင့်တို့လို မိန်းမနဲ့သားသမီးတွေကို သတ်တဲ့အထိ စိတ်ရောဂါဆိုးကြီးရဲ့ ဖိစီးမှုကို ခံရမယ်၊ နောက်ဆုံး Alcoholic Pseudo Paresis အာရုံကြောချွတ်ယွင်းမှုတွေဖြစ်ပြီး ခြေတွေ လက်တွေကောင်းကောင်းမွန်မွန် မလှုပ်ရှားနိုင်တော့ဘဲ လေဖြတ်



သလိုဖြစ်ပြီး အိပ်ရာထဲလဲမယ်. . .၊ အို. . အရက်ဟာ သိပ်ပြီး ကြောက်စရာကောင်းတဲ့ သေရည်တွေပဲ. . . "

ဆရာသည် တုန်ရင်သော နှုတ်ခမ်းဖြင့် စကားများပြောပြီး ဆေးရုံဝင်းထဲသို့ ဝင်ခဲ့လေသည်။ တပည့်တစ်ယောက်အပေါ်ထားရှိသော မွန်မြတ်သည့်ဆရာ့စေတနာဖြင့် ဝင်းနိုင်ဆိုသည့်လူငယ်လေးတစ်ယောက်ကို ဆရာတကယ်ပင် အောင်မြင်စွာ ကယ်တင်နိုင်ပါစေဟု ဆုတောင်းရင်း ကျွန်တော်တို့လည်း ဆရာနှင့်အတူ ဆေးရုံဝင်းထဲသို့ ဝင်ခဲ့ကြပါသတည်း။ ။

- - - - -

# မြန်မာစာသည်တို့စာ မြန်မာကဗျာသည်တို့ကဗျာ

လမင်းကြီးသည် ကောင်းကင်ထက်တွင် ဝင်းပလျက်ရှိသည်။ လမင်း၏အလင်းရောင်ခြည်အောက်မှ တောများတောင်များ စိမ့်စမ်းအင်းအိုင်များ၏အလှသည် ရွှန်းပလျက်ရှိနေပြန်သည်။

လမင်းကြီး၏အလင်းအားကို မယှဉ်နိုင်သော်လည်း လျှပ်စစ်မီးလုံးများ၊ ဖန်ချောင်းများသည် သူတို့နိုင်သမျှအားနှင့်ဟဲဟိုးမြို့လေးကို အလင်းရောင်ပေးလျက်ရှိသည်။

နဂါးပတ်တောင်ပေါ်မှ မြသိန်းတန်စေတီ၏ မီးပွင့်ရောင်စုံများ၊ လေသာတောင်ကုန်းထက်မှ စေတီ၊ ပုထိုး အသီးသီး၏ မီးပန်းရောင်စုံများ၊ ရသေ့တောင်စေတီထူးမှ ကွန့်မြူးလာသော မီးရောင်များ၊ ကိုးနဝင်းတောင်ကုန်းထက်စေတီထူးမှ မီးရောင်များ။

ကျွန်တော်တို့သည် ဟဲဟိုးမြို့၏ညရှုခင်းအလှကို ငေးမောကြည့်ရှုနေမိကြသည်။ နွားစခန်းဟု အဓိပ္ပါယ်ရသော "ဟဲဝိုး"မှ "ဟဲဟိုး"အဖြစ်ပြောင်းလဲ ဖြစ်ပေါ်လာသော တောင်သူလယ်သမားများ၊ ပွဲစားများ စည်ကားရာ ဟဲဟိုးမြို့လေးသည် ငြိမ်သက်လျက် အိပ်ရန်ပြင်နေလေပြီ. .။

ကျွန်တော်တို့ကား အိပ်ရန် စိတ်မကူးမိကြ။ လှပသော ညရှုခင်းအလှကို ငေးရင်း လမင်းကြီး၏အောက်တွင် ထိုင်နေမိကြသည်။





"ကျွန်တော်တို့ မြန်မာစာပေပေါ်လာတာကြာပြီပေါ့ ဆရာ. . ."

ကျွန်တော်တို့၏ငြိမ်သက်ခြင်းကို စတင်လှုပ်ခါလိုက်သူမှာ ဝင်းထွန်း၊ ဆရာသည်လမင်းကြီး၏အောက်မှ ညရှုခင်းအလှကို ခံစားနေရာမှ ဝင်းထွန်း၏မျက်နှာဆီသို့ တစ်ချက်ဝေ့ကြည့်လိုက်သည်။

"ဆရာတို့ မြန်မာစာပေဟာ လွန်ခဲ့တဲ့ ဆယ့်တစ်ရာစု ပုဂံခေတ်က အစပြုပြီး ပေါ်ပေါက်ခဲ့တာပဲ၊ မြန်မာစာကို ခြုံကြည့်ရင် ကျောက်စာ၊ ပေ၊ ပုရပိုက်စာ၊ ပုံနှိပ်စာဆိုပြီး သုံးမျိုးတွေ့နိုင်တယ်၊ တွေ့ရသမျှကျောက်စာတွေထဲမှာ မြစေတီကျောက်စာလို့ခေါ်တဲ့ ဂူပျောက်ကြီးကျောက်စာဟာ အစောဆုံးဖြစ်တယ်လို့ သိရတယ်၊ အဲဒီကျောက်စာကို မင်းတို့သိပြီးဖြစ်တဲ့အတိုင်း ကျန်စစ်သားမင်းကြီးရဲ့ သားတော်ရာဇကုမာရမင်းသားက ခရစ်နှစ် ၁၁၁၂ ခုနှစ် မှာ ရေးထိုးထားခဲ့တာပဲ၊ အဲဒီကျောက်စာနဲ့ တွက်စစ်ကြည့်ရင် တောင် တို့မြန်မာစာပေ ပေါ်ပေါက်လာတာဟာ နှစ်ပေါင်း ၈၈၉ နှစ် ရှိခဲ့ပြီပဲ. . ."

"အဲဒီပုဂံခေတ်မှာ အနန္တသူရိယ အမတ်ကြီးရဲ့ မျက်ဖြေလင်္ကာ ဖြစ်တဲ့ သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ တစ်ယောက်သူမှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း. . . အစရှိတဲ့ကဗျာဟာ သိပ်ပြီး အတွေးအခေါ်ရင့်ကျက်ခဲ့တဲ့ကဗျာပဲနော်ဆရာ. . ."

"ဟုတ်တယ်ကွဲ့၊ မြန်မာကဗျာတွေ ထွန်းကားခဲ့တဲ့ အင်းဝခေတ်ကို ကြည့်လိုက်ရင် ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ၊ ရှင်အဂ္ဂသမာဓိဆိုတဲ့ ကဗျာစာဆိုကျော် ဘုန်းတော်ကြီးတွေကို

တွေ့ရလိမ့်မယ်၊ ရှင်မဟာရဋ္ဌသာရရဲ့ စတုဓမ္မသာရကိုးခန်းပျို့၊ ရှင်မဟာသီလဝံသရဲ့ ပါရမီတော်ခန်းပျို့၊ ရှင်အဂ္ဂသမာဓိရဲ့ နေမိဘုံခန်းပျို့တို့ဟာ ဗုဒ္ဓကျမ်းလာ ဗုဒ္ဓစာပေတွေကို လေ့လာပြီး လူသတ္တဝါတွေကောင်းသောအကျင့်၊ မွန်မြတ်သော စိတ်နှလုံးထားကြဖို့ ရည်ရွယ်ပြီးဇာတကနိပါတ်များနဲ့ ဗုဒ္ဓဝင်ကျမ်းတွေကို အမှီပြုပြီး ကဗျာတွေ ဖွဲ့နွဲ့ခဲ့တာဖြစ်တယ်၊ ဗုဒ္ဓဘုရားရှင်ကို အာရုံပြုပြီး ရေမြေတောတောင်တွေရဲ့ တင့်တယ်ဟန်ကို ဖွဲ့နွဲ့ခဲ့တဲ့ ရှင်ဥတ္တမကျော်ရဲ့ တောလားတွေဟာလည်း အထူးထင်ရှားခဲ့ပါတယ်၊ အဲဒီခေတ်က မြန်မာကဗျာရဲ့ လေးလုံးစပ်ကာရန် အသုံးအနှုန်းကို အံ့မခန်းတွေ့ကြရမှာ ဖြစ်တယ်ကွဲ့. . ."

"ဆရာ. . လေးလုံးစပ်ကာရန်ဟာ ဒီနေ့ထိလည်း ခေတ်မီနေသေးတာပဲနော်. . ."

မျိုးကျော်၏စကားကို ဆရာက အသာပြုံးရင်းခေါင်းညိတ်လိုက်၏။ သို့သော် ဝင်းထွန်းက ငြိမ်မနေ၊ မျိုးကျော်၏စကားကို ထောက်လိုက်၏။

"မင်းကသာ ဒီနေ့ထိ လေးလုံးစပ်ကာရန်သဘောတွေ ခေတ်မီနေတယ်လို့ ဆိုနေတာ၊ ဒီနေ့ခေတ်ပေါ် မဂ္ဂဇင်းအတော်များများမှာ ကာရန်ကို မသုံးကြတော့ဘူး၊ ဒီနေ့ခေတ်ပေါ်မော်ဒန်ကဗျာတွေမှာ ကာရန်မရှိတော့ဘူးကွ. . ."

"ဟုတ်တယ်ဆရာ၊ တချို့ ကဗျာတွေဆိုရင် ကျွန်တော်တို့ ဘာတွေရေးထားမှန်းကို မသိဘူး၊ ဂမ္ဘီရစကားလုံးတွေ နိမိတ်ပုံတွေနဲ့ ရေးထားတော့ ကဗျာဖတ်ရသူ အတော်များများဟာ မော်ဒန်ကဗျာကို နားမလည်ကြဘူးဆရာ. . ."



"ဟုတ်ပါပြီ၊ မော်ဒန်ကဗျာနဲ့ပတ်သက်ပြီး ဆရာတို့နောက်ပိုင်းမှာ ဆွေးနွေးကြတာပေါ့၊ ခု ဆရာတို့မြန်မာကဗျာတွေရဲ့ ရေစီးကြောင်းကို ပြန်ကြည့်ကြရအောင်. . ."

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်တို့တွေ ဆန္ဒစောသွားကြတာပါ. . ."

ဝင်းထွန်း၏စကားကြောင့် လူငယ်အားလုံးရယ်မောလိုက်ကြသည်။

"အင်းဝခေတ်ပြီးတဲ့နောက် တောင်ငူခေတ်မှာ နဝဒေး၊ နတ်သျှင်နောင်၊ ဝန်ကြီးပဒေသရာဇာအစရှိတဲ့ အဆိုတော်ကြီးတွေပေါ်ပေါက်လာခဲ့တယ်။ နဝဒေးနှင့်နတ်သျှင်နောင်တို့ကတော့ အားလုံးသိပြီးဖြစ်တဲ့အတိုင်း စစ်ချီဘွဲ့၊ ဘုန်းတော်ဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ ဘုရားတိုင်ရတုတွေကို တီထွင်ပြီးရေးသားလာခဲ့ကြတယ်။ တောင်ငူခေတ်ဟာ ရတုခေတ်လို့ခေါ်နိုင်တယ်။ ဒါ့အပြင် ရှင်သူရဲ၊ လှော်ကားသုံးထောင်မှူးတို့ရဲ့ချေင်းကဗျာတွေလည်း ပေါ်ပေါက်လာပြန်တယ်။ ဒါဟာ ရတု၊ ချေင်းကဗျာ ပုံသဏ္ဌာန်တွေနဲ့မတူအောင် ဝန်ကြီးပဒေသရာဇာက ထပ်ဆင့်တီထွင်လိုက်တာလို့ မဆိုနိုင်ဘူးလား။ အဲဒီခေတ်ကမော်ဒန်ကဗျာ"

"ဝန်ကြီးပဒေသရာဇာရဲ့ တျာချင်းကဗျာထူးခြားချက်ကိုကော မောင်ရင်တို့သတိပြုမိကြရဲ့လား. . ."

"သိတာပေါ့ဆရာ၊ နန်းတွင်းစာဆိုတော်တွေဟာဘုန်းတော်ဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့တွေရေးနေချိန်မှာ ဝန်ကြီးပဒေသရာဇာက ထန်းတက်သမားဘွဲ့၊ လယ်သမားဘွဲ့၊ လှေသမားဘွဲ့၊ ကျေးတောနေသူများဘွဲ့ကို ရေးသားစပ်ဆိုခဲ့ခြင်း ဖြစ်တယ်ဆရာ . . ."

"မောင်ဝင်းထွန်းတော်ပါတယ်၊ ဟုတ်တယ်ကွဲ၊ ဝန်ကြီးပဒေသရာဇာဟာ စာပေပုံသဏ္ဌာန်ကိုသာ ပြောင်းလဲတီထွင်တာမဟုတ်ဘူး၊ အကြောင်းအရာပိုင်း၊ ဦးတည်ချက်ပိုင်းကိုပါ ပြောင်းလဲလိုက်တဲ့ တကယ့်ခေတ်ပေါ် မော်ဒန်ကဗျာဆရာကြီးလို့ခေါ်ရလိမ့်မယ်"

"ခုလို ကဗျာသစ်ကိုပြောင်းလဲတီထွင်လိုက်တဲ့နေရာမှာ မောင်ရင်တို့ဘာတွေဂရုပြုမိကြသလဲ၊ ဥပမာ ကဗျာပုံသဏ္ဌာန်ပြောင်းလဲတီထွင်လိုက်တယ်နော်၊ ဒါပေမဲ့"

"နားလည်ပါတယ်ဆရာ။ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်ဆိုတဲ့စကားအတိုင်း ကဗျာပုံသဏ္ဌာန်ပြောင်းလဲတီထွင်ခဲ့ပေမယ့် ကဗျာ မှာအထူးလိုအပ်တဲ့ကာရန်စနစ်ကို မပစ်ပယ်ခဲ့ပါဘူးဆရာ"

"ဟုတ်တယ် အောင်အောင်သုံးသပ်လိုက်သလိုပါပဲ ကဗျာသစ်ကိုတီထွင်လိုက်ပေမယ့် ပုံသဏ္ဌာန်သာပြောင်းသွားတာ၊ ကာရန်ကို မစွန့်ပယ်ဘူး၊ ရှင်းတယ်မဟုတ်လား"

"ဟုတ်ကဲ့ဆရာ ရှင်းပါတယ်"

"ကုန်းဘောင်ခေတ်မှာတော့ မြန်မာကဗျာပုံသဏ္ဌာန်တွေ အများကြီးဆန်းသစ်တီထွင်လာကြတယ်။ လေးချိုး၊ တေးထပ်၊ ဘောလယ်၊ သံချို လွမ်းချင်းစတာတွေပေါ့။ စလေဦးပုည၊ ဦးကြင်ဥ၊ အချုပ်တန်းဆရာဖေတို့အပြင် ဘုန်းတော်ကြီးများဖြစ်ကြတဲ့ မုံရွေးဆရာတော်၊ သျှင်ဥက္ကံသမာလာ၊ ဒုတိယကျော်အောင်စံထားဆရာတော်၊ စိန္တကျော်သူဦးဩ၊ တွင်းသင်းမင်းကြီး၊ မြဝတီမင်းကြီးဦးစ၊ ဦးဘိုးလှိုင်၊ လှိုင်ထိပ်ခေါင်တင်၊ ကင်းဝန်မင်းကြီးစတဲ့စာပေအကျော်အမော်ကြီးတွေပေါ်ပေါက်ခဲ့တယ်။ မင်းတို့ဆွေးနွေးကြသလို သူတို့တွေဟာ လေးချိုး၊ ဒွေးချိုး၊ တေးထပ်၊ ဘောလယ်၊ သံချို လွမ်းချင်း



စတဲ့ကဗျာသစ်တွေကိုတီထွင်ရာမှာ လမ်းရိုးဟောင်းတွင်ဆင့်ကာထွင်ဆိုသလို မြန်မာကဗျာရဲ့စည်း၊ ဘောင်အတွင်းကသာ ထီထွင်ခဲ့ကြတာဖြစ်တယ်"

"ဟုတ်ပါတယ်ဆရာ၊ ခေတ်စမ်းမြန်မာစာပေခေတ်ခေါင်းဆောင်တွေဖြစ်တဲ့ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်တို့တွေဟာလည်း ခေတ်စမ်းကဗျာသစ်တွေကိုတီထွင်တဲ့နေရာမှာ လမ်းရိုးဟောင်းတွင်ဆင့်ကာထွင်ဆိုသလို တီထွင်ခဲ့ကြတာမဟုတ်လားဆရာ။ ဒါကြောင့် ခေတ်စမ်းကဗျာတွေကိုအတုခိုးပြီးစပ်ဆိုကြတဲ့ ကဗျာဆရာတွေအများအပြားပေါ်ပေါက်ခဲ့ပြီး ခေတ်စမ်းစာပေခေတ်မှတ်တိုင်ကို အောင်အောင်မြင်မြင်စိုက်ထူနိုင်ခဲ့ကြတယ်မဟုတ်လားဆရာ"

"ဟုတ်တာပေါ့ ပြည်သူတွေလက်ခံခဲ့ကြလို့လဲ ခေတ်စမ်းကဗျာခေတ်၊ ခေတ်စမ်းစာပေခေတ်ဆိုတာ ရှိခဲ့တာပေါ့"

"ဒါဆိုဒီနေ့မော်ဒန်ကဗျာတွေအပေါ် ဆရာဘယ်လိုမြင်သလဲ"

ဆရာသည်သက်ပြင်းကိုမှုတ်ထုတ်လိုက်ရင်း လမင်းကြီးကိုမော့ကြည့်နေသည်။ အတန်ကြာတော့မှ. . .။

"မော်ဒန်ကဗျာဟာ စွန့်စားခြင်းကြီးလေးမျိုးကိုကျော်ဖြတ်ခဲ့ပြီလို့ဆိုခဲ့တယ်။ လေးလုံးစပ်ကိုစွန့်ခြင်း၊ ကာရန်ကိုစွန့်ခြင်း၊ သဒ္ဒါနှင့်ယုတ္တိဗေဒအစီအစဉ်ကျမှုကိုစွန့်ခြင်း၊ ကဗျာနဲ့စကားပြေခြားနားမှုကိုစွန့်ခြင်းဆိုတဲ့ စွန့်ခြင်းကြီးလေးမျိုးပေါ့"

"ဒါဆို ဒီနေ့မော်ဒန်ကဗျာဟာ လမ်းရိုးဟောင်းတွင်ဆင့်ကာထွင်တာမဟုတ်ဘူးပေါ့"

"ရှင်းနေတာပဲ မောင်မျိုးကျော်၊ ဒ့ါအပြင် မော်ဒန်ကဗျာဆရာတစ်ယောက်က စာပေသစ်၏အသက်သွေးကြောဖြစ်တဲ့ အနုပညာ

သည်ပြည်သူအတွက်ဆိုသောအတွေးအခေါ်ကိုပါစွန့်ပစ်လိုက်ပါပြီလို့ ဆိုခဲ့ဖူးတယ်”

ဒါဆို မော်ဒန်ကဗျာဟာ ပုံသဏ္ဍာန်ကော အနှစ်သာရပါ ဂန္တဝင်ကဗျာ၊ မြန်မာကဗျာရဲ့အစဉ်အလာတွေကိုဆန့်ကျင်တွန်းလှန်ပြီး အနောက်တိုင်းစာပေ၊ အနောက်တိုင်းကဗျာရဲ့ဩဇာကိုဆက်ခံလိုက်တာပေါ့ဆရာ”

“မှန်တယ်မောင်ဝင်းထွန်း၊ မင်းတို့လဲ မော်ဒန်စာပေတွေအကြောင်း အကြမ်းဖျင်းလောက်တော့ လေ့လာဖူးသူတွေပဲ။ တီထွင်ဆန်းသစ်တယ်ဆိုတာကို ဆရာလက်ခံတယ်၊ အဲဒီလိုတီထွင်တဲ့နေရာမှာ မြန်မာကဗျာရဲ့ အစဉ်အလာမဖျက်ကြစေချင်ဘူး၊ ကာရန်ဆိုတာမြန်မာကဗျာရဲ့အစဉ်အလာတွေကို တော်လှန်ဖျက်ဆီးရိုက်ချိုးလိုက်တာမဟုတ်ပါလား၊ ဒါကြောင့် ကနေ့မော်ဒန်ကဗျာအယူအဆကို ဆရာ မထောက်ခံဘူး။ ဆရာလိုပဲ စာရေးဆရာ၊ ကဗျာဆရာတွေအတော်များများကလည်း မထောက်ခံဘူး။ အားမပေးဘူး။ မြန်မာစာပေကိုချစ်တဲ့ မြန်မာကဗျာကိုမြတ်နိုးတဲ့ မျိုးချစ်စိတ်ဓာတ်ရှိသူတိုင်းက ကနေ့မော်ဒန်ကဗျာအယူအဆကို ဆန့်ကျင်ကြမှာပဲလို့ဆရာယုံတယ်”

“မှန်တယ်ဆရာ၊ ကျွန်တော်တို့လိုလူငယ်တိုင်းကလဲ အမျိုးသားရနံ့သင်းတဲ့ မော်ဒန်ကဗျာကိုပဲအလိုရှိကြပါတယ်။ နိုင်ငံခြားကနောက်မြီးဆွဲ မော်ဒန်ကဗျာအယူအဆကို လက်မခံပါဘူးဆရာ”

“ဟုတ်ပါပြီ၊ စာရေးဆရာတွေ စာတွေ ကဗျာတွေရေးကြတာဟာလဲ စာဖတ်သူတွေဖတ်ဖို့၊ ဖတ်ပြီးခံစားနိုင်ကြဖို့ဆိုတဲ့စေတနာနဲ့ရေးကြတာပါ။ ကဗျာတစ်ပုဒ်အနုပညာပစ္စည်းတစ်ခုကိုစာရေးဆရာ



ကဖန်တီးလိုက်ပြီး စာဖတ်သူတွေနားလည်ချင်နားလည်၊ နားမလည်ချင်နေ၊ ကျုပ်တို့ကတော့ အနုပညာပစ္စည်းတစ်ခုကို လွတ်လွတ်လပ်လပ် ဖန်တီးလိုက်တာပဲဆိုပြီး တာဝန်မဲ့ ရေးသားပြောဆိုနေကြတာကိုလဲ ဆရာလက်မခံပါဘူး”

“ဒါဆို မော်ဒန်ကဗျာတွေဟာ ခေတ်ကိုကိုယ်စားမပြုနိုင်သလိုပြည်သူ့အကျိုးစီးပွားကိုလည်း မဖော်ဆောင်နိုင်ဘူးပေါ့ဆရာ” ဟုဝင်းထွန်းက အဆိုတင်သွင်းလိုက်သည်။

ဆရာကပြုံးပြီး တကယ်တော့ မော်ဒန်ကဗျာတွေကို ဝေဖန်သုံးသပ်နေရုံနဲ့မပြီးသေးဘူးမောင်ရင်တို့၊ ငွေမျောငွေနဲ့လိုက်၊ လှေမျောလှေနဲ့လိုက်ဆိုသလို၊ ကဗျာတွေမျောရင် ကဗျာနဲ့လိုက်ကြရမှာပဲ၊ အရင်က မြန်မာကဗျာစစ်စစ်တွေဖော်ပြပေးနေတဲ့ မဂ္ဂဇင်းကြီးတွေအနေနဲ့ ငွေတာရီ၊ မြဝတီ၊ ရှုမဝ၊ သွေးသောက်စတဲ့မဂ္ဂဇင်းကြီးတွေလောက်ပဲရှိတယ်။ ခုဆိုရင် နိုင်ငံ့ဂုဏ်ရည်၊ မြန်မာ့ဂုဏ်ရည်၊ ယဉ်ကျေးမှုစတဲ့မဂ္ဂဇင်းကြီးတွေပေါ်ပေါက်လာပြီ။ အဲဒီမဂ္ဂဇင်းကြီးတွေကြောင့် မြန်မာကဗျာစစ်စစ်အင်အားဟာ အများကြီးပြန်ပြီးစုစည်းမိနေပြီ။ အဲဒီ မဂ္ဂဇင်းကြီးတွေထဲမှာ အမျိုးသားရနံ့သင်းတဲ့ခေတ်ပေါ်ကဗျာတွေကိုလည်း လွတ်လွတ်လပ်လပ်ဖန်တီးခွင့်ရနေကြပြီ၊ ဒါ့အပြင် နဝဒေး၊ မှုခင်းရှုထောင့်၊ လုံမလေး၊ ဆေးပညာ၊ ပညာတန်ဆောင်စတဲ့တာဝန်သိမဂ္ဂဇင်းကြီးတွေထဲမှာလည်း မြန်မာကဗျာစစ်စစ်တွေ အင်နဲ့အားနဲ့ဖော်ပြပေးနေပြီ။ ဒါဟာ တို့မြန်မာစာ၊ မြန်မာကဗျာတွေတိုးတက်ဖွံ့ဖြိုးပြီး ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်အောင်ဆောင်ရွက်လိုက်တာပဲ။ နောင်ဆို ထူးခြားကောင်းမွန်ပြောင်မြောက်တဲ့ ခေတ်ပေါ်မြန်မာကဗျာကောင်းတွေကို အင်္ဂလိပ်၊ ဂျပန်၊ တရုတ်

ဘာသာတွေနဲ့ ကမ္ဘာကိုဖြန့်ချိထုတ်ဝေနိုင်မယ်ဆိုရင် ခုထက်ဆရာတို့မြန်မာကဗျာတွေဟာ တင့်တယ်ဝေဆာလာမှာဖြစ်တယ်ကွဲ့”

“ဟုတ်တယ်ဆရာ၊ မြန်မာကဗျာစစ်စစ်တွေ၊ အမျိုးသားရနံ့သင်းတဲ့ (ခေတ်ပေါ်)ကဗျာတွေဟာ မြန်မာမဂ္ဂဇင်းအတော်များများမှာ ခုထက်ပါဝင်မှုနှုန်းပိုများလေ၊ မြန်မာ့ရနံ့ပိုသင်းလေ၊ အမျိုးဘာသာစာပေကို ချစ်မြတ်နိုးရာ၊ စောင့်ရှောက်ရာပိုရောက်လေဖြစ်မှာပေါ့ဆရာ”

ဟုဆိုလိုက်ရာ ဆရာကပြုံးပြီးလူငယ်များကိုကြည့်နေခိုက် အောင်အောင်က . . .

“မြန်မာစာသည် တို့စာ၊ မြန်မာကဗျာသည် တို့ကဗျာ”

ဟုကြွေးကြော်လိုက်ရာ လူငယ်အားလုံးကလည်းပြိုင်တူ. . .

“မြန်မာစာသည်တို့စာ၊ မြန်မာကဗျာသည် တို့ကဗျာ”

ဟုဝိုင်း၍ ကြွေးကြော်လိုက်ကြရာ ငြိမ်သက်လျက်ရှိနေသော ပတ်ဝန်းကျင်တစ်ခုလုံးလှုပ်ရှားသွားပြီး ကျွန်တော်တို့လူငယ်များနှင့် ဆရာ၏ပြုံးမျက်နှာများသည် လမင်းကြီးနှင့် အပြိုင်ဝင်းလက်တောက်ပလျက်ရှိနေပါတော့သတည်း . . .။ ။

# မြေကိုလှူး၍ မိုးကိုပုံမည်

ယောက်ျားဖောင်စီး၊ မိန်းမမီးနေဟူသောစကားကြားဖူးသည်။ ဖောင်စီးသည့်ယောက်ျား၊ မီးဖွားသည့် မိန်းမတို့သည် သင်္ချိုင်းကို မျက်စောင်းထိုးနေကြသူများဟု ဆိုလိုသည်။ သူတို့သည် အချိန်မရွေး သေနိုင်သည်ဟူသည့် သဘောသက်ရောက်သည်။

ယခု ကျွန်တော်တို့ လေးပေကျင်းထဲ ဆင်းရတော့မည်။ အလွန်နက်ရှိုင်းမည်းမှောင်လှသည့် လေးပေကျင်း၊ လေးပေပတ်လည် စတုရန်း ကျကျတူးထားသည့် ကျင်းလေးမို့ လေးပေကျင်းဟု ခေါ်ကြခြင်း ဖြစ်သည်။ ကျင်းဆင်းလုပ်သားတို့၏ဘဝသည်လည်း ဖောင်စီး ယောက်ျားတို့၏ဘဝနှယ်၊ အချိန်မရွေး သေစေနိုင်သည် မဟုတ်ပါလား. . .။

ဝန်ချီစက်ဖြင့်ဆင်းရင်း၊ ကရိန်းစက်ဖြင့် ဆင်းရင်း၊ စက်သီးကြိုးဖြင့်ဆင်းရင်း၊ လေးပေကျင်းဘေးတွင် ကပ်ရိုက်ထားသော သစ်တန်းများဖြင့် ချိန်မိ၍၊ ရိုက်မိ၍ ကျင်းအောက်သို့ ပြုတ်ကျသေဆုံးသူများ၊ ကျင်းမြေပိ၍သေဆုံးသူများ၊ ကြိုးပြတ်ကျ၍ သေဆုံးသူများ၊ ကျင်းအောက်တွင် မကျန်းမာ၍ အသက်ရှူမဝ၍ သေဆုံးသူများ၊ အို. . . ကျင်းဆင်းလုပ်သားတို့၏ဘဝသည်လည်း ဖောင်သမားနှယ် သင်္ချိုင်းကို မျက်စောင်းထိုးနေကြသူများ မဟုတ်ပါလား။

ကျောက်သမားစကားရှိတယ်လေ၊ လူမိုက်တွင်းတူး၊ လူရူးတွင်းထောင်၊ လူလိမ္မာဝယ်ရောင်းတဲ့. . .။

လူလိမ္မာဝယ်ရောင်းဘဝရောက်ဖို့ဆိုတာက ငွေသိန်းနဲ့သန်းနဲ့ချီရှိမှ မဟုတ်လား၊ ကျွန်တော်တို့လို ငမွဲတွေမှာတော့ တွင်းဆင်းကြ၊ တွင်းတူးကြ၊ ယမ်းခွဲကြ၊ ကျောက်သယ်ကြ၊ ကျောက်ထုကြပဲမဟုတ်လား၊ တကယ်ဆိုရင် ကျွန်တော်တို့က လူမိုက်တွေ၊ တွင်းထောင်တဲ့လူရူးတွေရှိလို့ ကျွန်တော်တို့လို လူမိုက်တွေ ပေါ်လာရတာပဲမဟုတ်လား။

အင်း. . . တွင်းထောင်တဲ့ လောပန်ကြီးတွေကို လူရူးကြီးတွေလို့ သတ်မှတ်ထားတာကိုလည်း အားနာပါတယ်ဗျာ၊ တကယ်တော့သူတို့ခမျာသည် လေးပေကျင်းကြီးထမြောက်အောင်မြင်ဖို့ ကျောက်အဆက်ပေါင်းတစ်ရာ့ငါးဆယ်ခန့်ကို ဖြိုခွဲတူးခဲ့ကြရတာ၊ သူတို့ကိုယ်တိုင်မတူးပေမယ့် စက်အား၊ လူအား၊ ငွေအားနဲ့ရင်းနှီးကြရတာ၊ ကျောက်ဆက်တစ်ဆက်ဆို သုံးပေလောက်ရှိတာ ကျောက်အဆက်ပေါင်း တစ်ရာ့ငါးဆယ်ဆိုရင် ပေပေါင်းဘယ်လောက်လဲတွက်ချက်တာကြည့်ကြတော့ဗျာ. . .။

တချို့ကျင်းတွေများ ပေလေးငါးရာမက တူးကြရတာ မဟုတ်လား၊ အဲသလိုတူးရင်းနဲ့ဖြုန်းကြောကို တွေ့ရင်ဖြုန်းကြောနောက်လိုက်ပြီးတူးကြရတာ မဟုတ်လား၊ ဖြုန်းဆိုတာကိုကော ခင်ဗျားတို့သိကြရဲ့လား၊ အလွယ်ဆုံးနားလည်အောင် ပြောရရင်တော့ သဲရယ်၊ ကျောက်ဖြုန်းရယ်၊ ကျောက်မာခဲသုံးမျိုးရောစပ်နေတဲ့ကျောက်ကြောကို ဖြုန်းလို့ခေါ်သမျှ. . .။



ဖြုန်းဆိုတာကလည်း မြေအနေအထားကို လိုက်ပြီး အရောင်မျိုးစုံရှိတယ်လေ၊ အဲဒီလို ဖြုန်းကြောကို လိုက်တူးရင်း ကျောက်ထပ်လွှာတွေကို ထပ်တွေ့ရပြန်တယ်။ အဲဒီကျောက်ထပ်လွှာတွေကိုယမ်းတွေနဲ့ ဖောက်ခွဲ၊ တူကြီးတွေနဲ့ရိုက်ခွဲကြရင်း ကျောက်စေ့ကောင်းတွေ တွေ့ကြရတယ်ဗျ. . .။

အဲဒီလိုမြေအောက်မှာ ကျွန်တော်တို့လို ကျင်းတူးသမားလူငယ်တွေက မကြောက်မရွံ့ အသက်ကိုစွန့်ပြီး တူးကြရင်းကမြေကြီးအောက်မှာ လုပေါက်ဆိုတဲ့ လှိုင်ဂူကြီးတွေကို တွေ့ကြရတယ်လေ၊ အဲဒီလှိုင်ဂူလုပေါက်ကြီးတွေထဲမှာ ဖြတ်သန်းစီးဆင်းနေတဲ့ မြေအောက်စမ်းချောင်းတွေလည်း အံ့သြဖွယ် တွေ့ကြရတယ်၊ အဲဒီစမ်းချောင်းထဲက သဲကျောက်မြေတွေကို သံဆန်ခါတွေနဲ့အထပ်ထပ်ကျင်ကြရင်း အဖိုးတန်တဲ့ သိန်းကျောက်၊ သန်းကျောက်ကြီးတွေကို ရခဲ့ကြတာပေါ့။

ဆိုင်းလျှံကျောက်ကြောအတွက် ၈၁၊ ၈၂ တွေဟာ နာမည်ကြီးကျောက်ကောင်းတွေထွက်ခဲ့တဲ့ အကွက်တွေပေါ့။

ဩော်. . . ပြောရဦးမယ်. .၊ ဖြုန်းကြောကြီးကိုတွေ့လို့ ဖြုန်းကြောကြီးက အောက်ဖက်မှာဆိုရင် အောက်ဖက်ဆက်တူးကြရပြီးဖြုန်းကြောကဘေးမှာပြနေရင် ဘေးဖက်ကို ဆက်တူးကြရတာပေါ့ဗျာ. . .၊ ပြောရဦးမယ်၊ အဲသလို ဖြုန်းကြောကို လိုက်ရင်းကျောက်လွှာတွေကို ယမ်းခွဲ၊ ကျောက်ထု၊ အိတ်ထည့် တာဝန်ယူကြရတာက ကျွန်တော်တို့လို ကျင်းဆင်းလုပ်သားလေးတွေပါ။

အဲဒီကျင်းဆင်းလုပ်သားမှာတောင် နှစ်မျိုးခွဲခြားနိုင်သေးတယ်၊ ကျွန်တော်တို့လို သာမန်ကျင်းဆင်း လုပ်သားနဲ့ ကုမ္ပဏီကျင်းဆင်း

လုပ်သားဆိုတာပေါ့၊ ကုမ္ပဏီကျင်းဆင်းလုပ်သားတွေက ကံကောင်းကြပါတယ်၊ သူတို့က နှစ်ဆယ်ရာခိုင်နှုန်းရကြသူတွေပေါ့၊ ကုမ္ပဏီက ကျောက်ဆယ်သိန်းဖိုး ရောင်းရရင် သူတို့က နှစ်သိန်းရကြတယ်. . .၊ အလုပ်သမားတွေ နှစ်သိန်းခွဲဝေယူပေါ့၊ သိန်းတစ်ရာ၊ နှစ်ရာဖိုးရောင်းရရင်တော့ ပွကြောမိတာပေါ့ဗျာ. . .။

ဒါပေမဲ့ ကုမ္ပဏီကျင်းသားဖြစ်ဖို့ မလွယ်ပါဘူး၊ အများအားဖြင့်တော့ဗျာ ဖက်စပ်ကျင်းလုပ်သားတွေအဖြစ်နဲ့ တစ်လတစ်သောင်း၊ တစ်သောင်းခွဲပေးပြီး စားရိတ်ငြိမ်း ကျွေးမွေးစေခိုင်းတာက များပါတယ်။

ခုနပြောသလို ယမ်းခွဲ၊ ကျောက်ခွဲ၊ အိတ်ထည့်ပြီး ကျောက်အိတ်တွေကို မြေပေါ်ရောက်အောင် နေ့စားအလုပ်သမားတွေ ငှားပြီး ရောက်ရာမြေကြီးအောက်ကနေ အဆင့်ဆင့်လက်ဆင့်ကမ်းပြီး လေးပေကျင်းအောက်ခြေ၊ ကရိန်းဝန်ချီစက်ရဲ့ သံကွင်းကြီးအတွင်းကို ကျောက်အိတ်တွေထည့်ကြရပါတယ်. . .။ ဖြိုးကြောကွေ့ကောက်ပြီး အရှည်ပေရှည်ရင်ရှည်သလို အလုပ်သမားတစ်ရာ၊ လက်ဆင့်ကမ်းပြီး ကရိန်းသံကွင်းရှိရာတွင်းဖြောင့် အရောက် လက်ဆင့်ကမ်းကြရတာခင်ဗျ. . .၊ လက်ဆင့်ကမ်းကြရတာလည်း မေးကြည့်ဦး၊ အလေးချိန်နှစ်ပိဿာခွဲလောက်ရှိတဲ့ အိတ်တွေကို တစ်နေ့အိတ်သုံးထောင်ကနေ လေးထောင်လောက် မြေပြင်ပေါ်ရောက်အောင် လက်ဆင့်ကမ်းကြရတာ၊ လွယ်မယ်မထင်နဲ့. . .။ တော်ရုံတန်ရုံ သတ္တိနဲ့ ဇွဲနဲ့အားနဲ့ လုပ်နိုင်ကြမှာ မဟုတ်ဘူး. . .။

ပြောရဦးမယ်. . .၊ အဲဒီလို မြေအောက်ဆင်းပြီး ကျောက်အိတ်သယ်လက်ဆင့်ကမ်းရတဲ့ အလုပ်သမားချင်းတူပေမယ့် ဈေးနှုန်းကတူမယ်ထင်သလား၊ မတူဘူးလေ. . .။



မြေအောက်မှာ ကျောက်လွှာချပ်က ရေတွေက စိမ့်စိမ့်စီးကျနေတဲ့နေရာမှာ မိုးကာခြုံပြီး တစ်နေ့လုံး ကျောက်အိတ်သယ်မကြရသူတွေက တစ်နေ့ကိုးရာကျပ်နှုန်း၊ ရေလွတ်နေရာ ရေစိမ့်ခြင်းမရှိတဲ့နေရာမှာနေပြီး လက်ဆင့်ကမ်းကြရတဲ့ အလုပ်သမားတွေက တစ်နေ့ခုနစ်ရာ့ငါးဆယ်နှုန်း. . .၊ မြေပြင်ပေါ်မှာ လုပ်ကိုင်ကြရတဲ့ အလုပ်သမားတွေက တစ်နေ့ခြောက်ရာကျပ်နှုန်းရကြပါတယ်. . .။

အဲ. . . ခင်ဗျားတို့က ကျောက်အိတ်တွေတစ်နေ့ သုံးလေးထောင် ရကြတာကိုပဲမြင်မှာ. . .၊ အဲဒီလိုလေးပေကျင်းတစ်ကျင်း အောင်အောင်မြင်မြင်ဖြစ်ဖို့ စိုက်ထုတ်ရတဲ့အရင်းအနှီးကိုလည်း မေးကြည့်ဦးလေ။

ခုနတွင်းထောင်တဲ့ လူရှုးကြီးတွေက ကျင်းတစ်ကျင်းအောင်အောင်မြင်မြင်တူးဖော်ထုတ်လုပ်နိုင်ဖို့အတွက် ရင်းနှီးရတဲ့ငွေကိုက တစ်ကျင်းကို သိန်းတစ်ရာကနေ သိန်းနှစ်ရာ၊ သုံးရာထိ စိုက်ထုတ်ကုန်ကျခံခဲ့ကြရတာ မဟုတ်လား။

အင်း. . . ရယ်စရာလေးတစ်ခုပြောရဦးမယ်ဗျ။ ကျင်းအလုပ်သမားတွေ ကျင်းထဲက မြေပြင်ကို ပြန်ရောက်တာနဲ့ အဝတ်အကုန်ချွတ်ပြီး စစ်ဆေးခံကြရရုံမက ဖင်ကုန်းချောင်းဆိုးလုပ်ပြရသေးတယ်နော်. . .။ အလုပ်သမားတွေ မြေအောက်ကျင်းထဲမှာ ကလီကမာနဲ့ ကျောက်ကောင်းတွေ့လို့ ပါးစပ်ထဲထည့် ဝှက်လာမှာ၊ စအိုထဲထည့် ဝှက်ယူလာမှာ စိုးလို့တဲ့ဗျာ. . .။

အင်း. . . ခင်ဗျားတို့ကို ရှင်းပြနေရတာနဲ့ သံဆန်ခါကြီးအပေါ် ပြန်တက်လာပြီ၊ ကျွန်တော်လေးပေကျင်းအောက်ဆင်းပြီး ကျောက်ခွဲ၊ ကျောက်ထည့်လုပ်ရဦးမယ်ဗျာ. . .၊ ကျွန်တော့်ရှေ့က

ကောင်တွေအတော်များများ ကျင်းထဲရောက်နေကြပြီ။ ကဲ. . ကဲ ကျွန်တော်မြေအောက်လျှိုးလိုက်ဦးမယ်ဗျို့. . . ။

× × × × ×

ကရိန်းစက်ကြီးမှာ တပ်ဆင်ထားတဲ့ သံကွင်းဇလားကြီးထဲမှာ အလုပ်သမားခုနစ်ယောက်ဝင်ရပ်လိုက်ပြီး သံမဏိကြိုးကြီးကို မြဲမြဲ ဆုပ်ကိုင်လိုက်ကြကာ မြေအောက်သို့ ဖြည်းဖြည်းချင်း ဆင်းခဲ့ကြပါတယ်. . .၊ ပေပေါင်းသုံးရာကျော်နက်တဲ့တွင်းကြီးထဲကို ဆင်းရတာမို့ အသဲတအေးအေး ရင်တဖိုဖိုပါပဲ၊ ဘယ်လောက်ပဲ အလေ့အကျင့်ရထားကြသည်ဖြစ်ပါစေ ဘုရားတ၊ အဖေအမေတ မိတာတော့ အမှန်ပါပဲ. . . ။

အဆင်းအတက် ခရီးကလည်း အန္တရာယ်များတယ်လေ. . .၊ တွင်းပတ်လည်မှာ အမာခံရိုက်ထားတဲ့သစ်သားဘောင်တန်းကြီးတွေနဲ့ ထိမှာခိုက်မှာချိတ်မိမှာလည်း စိုးရိမ်ရတယ်. . .၊ ဒါ. . အန္တရယ်များတဲ့ ခရီးမဟုတ်လား၊ တစ်ခုခုဖြစ်လို့မှ အပေါ်ကလူတွေက မမြင်ရ၊ အောက်ကလူတွေက အပေါ်ကို အသိမပေးနိုင်တဲ့ ခရီး. . .၊ ကျွန်တော်တို့တွေမြေအောက်မှာ ဆယ်ရက်နေရမှာ. . .၊ ကျွန်တော်တို့လို မြေအောက်ကျောက်ကျင်ရမယ့်ဘဝတူ အလုပ်သမားလူငယ်တွေက အယောက်သုံးဆယ်. . . ။

မြေအောက်ရောက်တာနဲ့ ဓာတ်မီးနဲ့ထိုးပြီး အိပ်ရာလိပ်၊ ရိက္ခာစတဲ့ တိုလီမိုလီတွေ မျှဝေယူကြပြီး ဖြန်းကြောမြေကို လိုက်ပြီး တူးထားတဲ့အပေါက်ကြောကြီးအတိုင်း လက်နှိပ်ဓာတ်မီးအသုံးပြုပြီး တရွေ့ရွေ့လျှောက်ခဲ့ကြပါသည်။ ဖြန်းကြောအလိုက်တူးထားတဲ့ အပေါက်ကြီးတွေကလည်း တချို့က ကျယ်ပြီး၊ တချို့က ကျဉ်းနဲ့၊



တချို့နေရာတွေများ လေးဘက်ထောက်ပြီး သွားကြရတာ၊ ဒါကြောင့် ပြောတာပေါ့၊ တော်ရုံတန်ရုံကျန်းမာရေးကောင်းရုံနဲ့ သည်ခရီးကို သွားနိုင်ကြမှာမဟုတ်ဘူး၊ အထူးသဖြင့် လူကြီးတွေ အသက်လေးဆယ်ကျော် ငါးဆယ်အရွယ် လူကြီးတွေ သွားလာ လှုပ်ရှားနိုင်မှာမဟုတ်ဘူး. . .၊ ကျန်းမာဖျတ်လတ်တဲ့လူငယ်တွေသာ စွမ်းဆောင်နိုင်တဲ့အလုပ်. . .၊ ကျွန်တော်တို့အဖွဲ့မှာက အသက်ဆယ့်ရှစ်နှစ်က နှစ်ဆယ်အောက် အရွယ်သာရှိတဲ့ လူငယ်တွေချည်း. . . ။

မြေအောက်မှာက နေ့ညမခွဲနိုင်ဘူး၊ မှောင်နေတယ်. . . ။ တချို့ကျောက်ကျင်းကြီးတွေမှာတော့ မြေအောက်ကို မီးကြိုးနဲ့ ဆက်ပြီး မီးစက်တွေနေ့ဆိုင်း၊ ညဆိုင်းခွဲပြီး ခုတ်မောင်းပေးနေလေတော့ အလင်းရောင်ရတယ်၊ အခု ကျွန်တော်တို့ဆင်းရတဲ့ ကျင်းကတော့ အတော်နက်တယ်၊ ပြီးတော့ပြုံးကျင်တဲ့ရေချောင်းရှိရာကို သွားရတာကလည်း အခက်အခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ရသလို ခရီးကလည်း အတော်ရှည်တယ်လေ. . .၊ ပြီးတော့ တွင်းဖြောင့်ကနေ ရေချောင်းအထိ အနည်းဆုံးနှစ်နာရီလောက် သွားကြရတယ်. . .၊ သည်တော့ မီးကြိုးသွယ်မပေးဖြစ်ဘူး၊ မှောင်ထဲမှာ မီးကြိုးပေါက်ပြဲနေရင်လည်း တွင်းဆင်းလုပ်သားတွေအတွက် အန္တရာယ် ရှိနိုင်တယ်လေ. . .၊ မြေအောက်မှာ ဓာတ်လိုက်သေရင် မခက်ပါလား၊ ခု ကျွန်တော်တို့ ဆင်းရတဲ့ကျင်းက လျှပ်စစ်မပေးဘူး၊ ကျင်းဆင်းလုပ်သားတွေမှာ တစ်ယောက်ကို သုံးတောင့်ထိုးဓာတ်မီးတစ်လက်စီနဲ့ ဓာတ်ခဲတွေ ဒါဇင်သုံးဆယ်လေးဆယ်အပိုပါတယ်. . .၊ ဖန်သီးတွေလည်း ဒါဇင်လိုက်ကျင်းထဲ သယ်ယူလာပြီး ဖြစ်ကြတယ်။

ခါတ်ခဲအားပြု ဖန်သီးအားပြုပြီး ဖြုန်းကျောက်တွေထဲက ကျောက်ကောင်းလေးတွေ ရှာကြရတာ မဟုတ်လား၊ ဒါ့ကြောင့် ကျင်းဆင်းလုပ်သားတိုင်းမှာ ရိက္ခာအပြင် ခါတ်ခဲ၊ ဖန်သီးအပိုတွေ ပါကြရတယ်၊ ရိက္ခာတို့ ဖန်သီးခါတ်ခဲတွေအတွက်ကတော့ ကျွန်တော်တို့ မဝယ်ရပါဘူး. . .၊ ကျင်းပိုင် လောပန်းက အကုန် တာဝန်ယူရတယ်. . .၊ သူက လိုတာမှန်သမျှအားလုံးဝယ်ပေးတယ်၊ လူသုံးဆယ်အတွက် ဆန်၊ ဟင်းသီးဟင်းရွက် အသား၊ ငါး ဆယ်ရက်စာကို တစ်ခါတည်း ကျွန်တော်တို့ကျင်းအောက် ယူသွားရတယ်. . .။

အဲ. . . ကျွန်တော်တို့ကို အုပ်ချုပ်တဲ့ ကွပ်ကဲတဲ့ ကျောက်ခေါင်း တစ်ယောက်လည်း လောပန်းက ထည့်ပေးလိုက်တယ်၊ အဲဒီ ကျောက်ခေါင်းကို ကျွန်တော်တို့ ဖြုန်းမြေက ကျင်လို့ရတဲ့ကျောက် အားလုံးကို သူ့ဆီအကုန်အပ်ရတယ်၊ ဝှက်ထား၊ ခိုးထားလို့ စစ်လို့ ဆေးလို့မိရင်တော့ မသက်သာဘူး၊ အရိုက်အနှက်အထုအထောင်း ကို မသေရုံတမယ်ခံကြရတာ. . .။

တကယ်တော့ဗျာ တွင်းထောင်သူနဲ့ ကျင်းလုပ်သားတွေဟာ တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိဖို့၊ ကိုယ်ချင်းစာဖို့လိုတာပေါ့၊ တွင်းထောင်ထားသူလည်း ငွေတွေသိန်းနဲ့ချီပြီး ရင်းနှီးခဲ့ကြရတာ မဟုတ်လား၊ ကိုယ်ရသင့်ရထိုက်တဲ့ လုပ်အားခကလွဲပြီး ဘာမှ လောဘမကြီးသင့်ဘူးပေါ့ဗျာ. . .။

ခက်တာက အားလုံးဟာ ဘုရားလောင်းတွေမဟုတ်ကြတော့ အခိုးအဝှက်ကတော့ ရှိတာပေါ့၊ တချို့လည်း အဖိုးတန်ကျောက် မှတ်ပြီး မြေအောက်တွင်းထဲမှာ ခါတ်မီးဖင်ပိတ်ထဲ ဝှက်ပြီးယူလာခဲ့



ကြတာမျိုးရှိကြပါရဲ့. . .၊ သူခိုးလာတဲ့ကျောက်က ထောင်ဂဏန်း တောင် မတန်တဲ့ကျောက်ဖြစ်ပြီး သူအရိုက်ခံလိုက်ရတာက သောင်း ဂဏန်းလောက် ဖြစ်သွားမျိုးလည်း ရှိတာပေါ့။

အင်း. . . မြေအောက်ကျင်းကြီးထဲမှာ ဆယ်ရက်နေပြီး ဖြုန်းကျင်ကြရတာဆိုတော့ မည်းမှောင်နေတဲ့ အဲဒီမြေအောက်ကျင်းကြီး ထဲမှာ ဘယ်လိုနေကြရသလဲ၊ ဘယ်လိုများ ချက်ပြုတ်စားသောက် ကြသလဲဆိုတာ သိချင်မှာပေါ့။

မည်းမှောင်နေတဲ့ မြေအောက်ကျင်းကြီးထဲမှာ နေ့လား၊ ညလား ဆိုတာ နာရီကိုကြည့်ပြီးသာ သတ်မှတ်ရတာ မဟုတ်လား၊ နေရောင် မမြင်ရတော့ ခု ဘယ်အချိန်ရောက်ပြီဆိုတာ မသိနိုင်ဘူးလေ. . .။

ကျွန်တော်တို့အုပ်စုထဲမှာက ထမင်းချက်တာဝန်ကို အလှည့်ကျ တာဝန်ယူကြရတာ၊ ထမင်းချက်တဲ့သူဟာ မနက်ခြောက်နာရီ အချိန် ထပြီး မီးမွှေးရတယ်၊ ရိုးရိုးမီးခြစ်တွေနဲ့ မွှေးလို့မီးမတောက်ဘူး၊ မြေအောက်မှာက လေနည်းတယ်၊ အသက်ရှူရလည်းကျပ်တယ်၊ မီးခြစ်အသုံးပြုပြီး မီးခြစ်လို့က မရဘူး။

ကျွန်တော်တို့တော့ ဝါယာကို ပူးပြီး ဘတ်ထရီအိုးနဲ့ရှော့တိုက် ပြီးမွှေးရတာ၊ မီးတောက်လာတော့လည်း လေရအောင် လေဖိုကို တောက်လျှောက်လှည့်ပေးရပါတယ်. . .။ ထမင်းချက်ရတာ တော်တော့ကို ဒုက္ခရောက်တယ်ဗျာ။

ထမင်းတွေဟင်းတွေ ကျက်ပြီဆိုပါတော့၊ ရှစ်နာရီလောက်ဆို ထမင်းအတူစားကြပြီး၊ ခါတ်မီးတစ်ယောက်တစ်လက်ယူ၊ ဆန်ခါ တွေယူပြီး ဖြုန်းမြေတွေကို သံဆန်ခါထဲ ထည့်ကျင်ကြရတာ၊

သံဆန်ခါကို ဝိုက်ပြီးမှောက်၊ ကျွန်တော်တို့ ကျောက်ခေါင်းက သံဆန်ခါကို လှန်ပြီးကျောက်တွေကို ကောက်စရာမလိုဘူးလေ. . .။

ကျွန်တော်တို့ ဖြုန်းမြေတွေကို ကျင်တဲ့လုပ်ငန်းကို ညနေလေး နာရီမှာ နားကြပါတယ်. . .၊ နာရီဝက်လောက်နားပြီးတော့မှ ထမင်းစားဖို့ ပြင်ကြတယ်၊ ထမင်းချက်ကတော့ မနက်က တာဝန်ကျ ထမင်းချက်ပဲပေါ့၊ သူချက်ပြုတ်ထားတဲ့ ထမင်းတွေဟင်းတွေ က ဘယ်လောက်ပဲကောင်းကောင်း ကျွန်တော်တို့တွေ မစားနိုင် ကြပါဘူး. . .။

ဘာကြောင့်လဲဆိုတော့ မြေအောက်မှာက အသက်ရှူ သိပ်ကျပ် တာ၊ သည်တော့ ကျွန်တော်တို့တွေ ဘယ်မှာ ထမင်းကောင်းကောင်း စားနိုင်ပါ့မလဲ၊ ဒါပေမဲ့ အသက်ရှည်ပြီး အလုပ်လုပ်နိုင်အောင်တော့ ဝင်သလောက်စားကြရတာပေါ့၊ ထမင်းမစားနိုင်လို့ အလုပ် မလုပ် နိုင်ရင် မခက်ပါလား. . .။

ခက်တာက မကျန်းမမာဖြစ်မှာကို အစိုးရိမ်ရဆုံး. . .၊ အဲ. . မြေအောက်ကျင်းထဲမှာ လူးထဲမှာ ဖျားနာလို့ကတော့ တွင်းဖြောင့် ရောက်အောင် အမြန်ပို့၊ တွင်းဖြောင့်ကနေ စက်ကြိုးနဲ့ မြေပေါ် ရောက်အောင် အမြန်ပို့. . .၊ မြေအောက်ကျင်းထဲမှာ လူးထဲမှာ ထားလို့ကတော့ အဲဒီလူနာအသက်မြန်မြန်ထွက်ဖို့ပဲ ရှိတယ် လေ. . .၊ လေကလည်း အသက်ရှူမဝ၊ မြေကြီးမှာ ပလပ်စတစ် ခင်းပြီး အိပ်ကြရ၊ ဆေးဝါးလည်း မပြည့်စုံဆိုတော့. . . ဒါကြောင့် နေမကောင်းဘူးဆိုရင်တော့ ကိုယ့်လူတွေကိုလည်း ကြိုတင်မှာထား ရတယ်. . .၊ ဖျားတယ်၊ နာတယ်ဆိုရင် မြန်မြန်ပြော၊ ရောဂါမပြင်း ထန်ခင် မြေပေါ်ကို မြန်မြန်ပို့. . .၊ ဒါ အဓိက အလုပ်ပဲဗျို့. . .။



အင်း. . ထမင်းစားပြီးတော့ ပလပ်စတစ်တွေခင်းပြီး ကျွန်တော်တို့တွေ ကျောချထမင်းလုံးစီကြ၊ တစ်ယောက်နဲ့ တစ်ယောက် စကားတွေပြောကြ။ ချစ်မောင်က အလွမ်းသမား ဆိုတော့ သူ့ကောင်မလေးအကြောင်းကို နေ့စဉ်လွမ်းသံလေးနဲ့ ပြောလေ့ရှိတယ်. . .။

"ကျွန်တော် မိုင်းရှူးထွက်လာတော့ ကျွန်တော့်ကောင်မလေးက သဘောမတူဘူး၊ အန္တရာယ်သိပ်များတယ်၊ မသွားပါနဲ့အစ်ကိုရယ် တဲ့၊ ကျွန်မတို့ရွာမှာပဲ လုပ်စားရင် ထမင်းတစ်လုပ်တော့ မငတ်ပါဘူး တဲ့၊ ပြီးတော့ ကျွန်တော်ဖိုးသမားတစ်ယောက်ဖြစ်သွားမှာကို သိပ် ပြီး စိုးရိမ်တယ်ဗျာ. . .၊ ငွေထုပ်ပိုက်ပြီး ပြန်မလာနိုင်ရင် နေပါစေ၊ ဖိုးစွဲပြီးပြန်လာတာတော့ မမြင်ချင်ဘူး အစ်ကိုရယ်တဲ့. . .၊ ကျွန်တော်သူ့ကို သိပ်သတိရတယ်ဗျာ. . .၊ သီတင်းကျွတ် တန်ဆောင်မုန်းတွေဆိုရင် ရွာမှာဘုရားပွဲတွေ သိပ်စည်တာ၊ သူနဲ့ တွဲပြီးလည်ကြရတာ ပျော်စရာပါပဲဗျာ. . .၊ ခုတော့. . နေ့လား ညလား မခွဲခြားနိုင်တဲ့ တွင်းကြီးထဲမှာ အသက်ရှူကျပ်ခံပြီး နေရတဲ့ ဘဝ. . .၊ ဒီတစ်နှစ်ငွေစုမိရင်တော့ ပြန်မယ်ဗျာ၊ ငွေသိန်းနဲ့ချီပြီး မရရင်နေပါစေ၊ ရသမျှနဲ့ ပြန်တော့မယ်ဗျာ၊ ရွာမှာပဲ လယ်လုပ်ပြီး စားတော့မယ်. . ."

ချစ်မောင်စကားကြားရတော့ ငွေမောင်းက ရယ်သည်။

"ဟေ့ကောင် ချစ်မောင်၊ တို့ကတော့ ရောက်တဲ့အရပ်မှာ ပျော်ပျော်နေ၊ တွေ့တဲ့လူနဲ့ တည့်အောင်ပေါင်းဆိုတဲ့ စကားကို လက်ကိုင်ထားတယ်၊ စိတ်ညစ်စရာဆိုလို့ ဘာမှတွေးမနေဘူး၊ ဒီလူး က မြေပေါ်ပြန်တက်တဲ့နေ့ လောပန်းဆီက ငွေထုတ်ပြီး လန်မုန်း

သွားကမယ်၊ စီဒီအိုကေသွားဆိုမယ်၊ ပဲရစ်သွားပြီးစားမယ် သောက်မယ်၊ ပျော်မယ်ကွာ. . .”

ဟု ဆိုလိုက်သောအခါ တင်မြင့်က ထောက်သည်။

“ဟေ့ကောင်. . . ကိုးလေးလုံးတန်းကော မသွားဘူးလား. . .”

ဟု ဆိုလိုက်သောအခါ ကျောက်တွင်းဆင်းသမား လူငယ်အားလုံး ရယ်မောလိုက်ကြသည်။

“ဟေ့ကောင် တင်မြင့်၊ ခဏတာပျော်ရမဲ့အလုပ်ကို ဘဝတစ်ခုလုံး အနစ်မွန်းခံပြီး ဘယ်တော့မှ မလုပ်ဘူးကွ. . .”

ဟု ငွေမောင်းက တုန့်ပြန်လိုက်သောအခါ သူငယ်ချင်းအားလုံး မရယ်မောမိကြတော့. . .။

ကျွန်တော်တို့ရှေ့မှာတင် အပျော်အပါးမိန်းမလိုက်စားသူတွေ အိတ်ချ်အိုင်ဗီပိုးဝင်ပြီး အေအိုင်ဒီအက်စ်ရောဂါ ဖြစ်သွားကြသူတွေ လက်တွေ့မြင်နေရသည် မဟုတ်ပါလား. . .။

ကိုသန်းဆွေကြီးရိုးပါဘိ၊ အ,ပါဘိ၊ သူ့အမေအတွက်၊ သူ့အိမ်လေးပြင်ဆောက်နိုင်ဖို့အတွက် တွင်းဆင်းငွေတွေစု၊ ရိုးရိုးကုတ်ကုတ်နဲ့ လပေါင်းများစွာ နေလာပြီးမှ အဆွယ်ကောင်းတော့ ကိုးလေးလုံးကို တစ်ခါပဲ ရောက်ပါတယ်. . .၊ ဘဝတစ်ခုလုံး ပျက်သွားဖူးပြီကော။

ဘာပဲပြောပြောခဏတာ ပျော်ရွှင်ဖို့အတွက် ဘဝကြီးတစ်ခုလုံး အနစ်မွန်းမခံနိုင်ပါ၊ ကျွန်တော့်မှာက ချစ်သူသက်ထားလေး ရှိနေခဲ့ပြီ၊ သူကကျင်းပေါ်မှာ ကျောက်ထုတယ်လေ၊ သူ့အမည်က သက်ထားတဲ့. . .။



သူလည်း တစ်နေ့ငါးရာဝင်ငွေရှိပါတယ်၊ သူ့အမေကြီးက မဏိရတနာဈေးမှာ ငါးခြောက်ရောင်းတယ်၊ သူ့အစ်ကိုကတော့ သွားသွားလာလာပါပဲ၊ သူက ရန်ကုန်နဲ့ ဝမ်ကမ်ကို ငါးခြောက်ကုန်ကူးနေသူပါ၊ သူတို့လည်း ဝင်ငွေကောင်းကြပါတယ်. . .။

ဝမ်ကမ်မှာက အလုပ်သာကြိုးစားလုပ်ရင် ငွေက တအိအိနဲ့ ဝင်နေတာဗျ၊ လောင်းကစားတို့၊ အရက်တို့၊ မိန်းမတို့သာ မပွေနဲ့၊ တစ်နှစ်ဆိုတစ်နှစ်ငွေထုပ်ပိုက်နိုင်ပါတယ်. . .။

ကျွန်တော်ဆိုရင် တစ်လတစ်သောင်းနဲ့ ကျင်းဆင်းလစာလုပ်သား၊ ဖက်စပ်က ထမင်းဟင်းကျွေးပြီး နေမကောင်းရင် ဆေးကုပေးတယ်လေ၊ ကျွန်တော်တော့ ရသမျှငွေကို ဝမ်ကမ်က အင်းဝဘဏ်မှာ ငွေစုစာအုပ်လုပ်ပြီး စုထားတယ်. . .၊ တောင်ကြီးက ကျွန်တော့အမေဆီလည်း တစ်လငါးထောင်မှန်မှန်ပို့ပေးတယ်၊ ကျန်တဲ့ငါးထောင်ကတော့ ကျွန်တော့်နောင်ရေးအတွက်ပေါ့. . .။

ကျွန်တော့်ကောင်မလေး သက်ထားကလည်း သူ့နည်းသူ့ဟန်နဲ့ စုပါတယ်၊ သူကမိန်းမဆိုတော့ ကျွန်တော့်လို ငွေမစုဘူးဗျာ၊ လစဉ်ပဲ သီရိဒုံရွှေဆိုင်မှာ လက်စွပ်ဝယ်လိုက်၊ နားကပ်ဝယ်လိုက်နဲ့ ငွေကိုမစု ရွှေကိုစုသဗျ. . .။

စုပါစေလေ. . .။ ဘာပဲစုစုကောင်းပါတယ်. . .။ ပင်ပင်ပန်းပန်းနဲ့ ခါးညောင်းအောင်လုပ်မှ ရတဲ့ငွေတွေ အလဟဿ မဖြစ်ရင် ပြီးတာပဲ။ အဟောသိကံ မဖြစ်ဖို့ပဲ မဟုတ်လား။ ငွေထုပ်ကြီးလက်မှာကိုင်ပြီး လောင်းကစားဝိုင်းတွေမှာ ဖြုန်းနေတဲ့သူတွေနဲ့ စာရင် တော်သေးတာပေါ့။ တချို့ကောင်မလေးတွေ ဂုံရင်းထိုး

ပြီးငွေတွေဖြုန်းနေကြတာမြင်ဘူးပါရဲ့။ သူတို့နဲ့စာရင် ကျွန်တော့် ကောင်မလေးက လိမ္မာတာပေါ့နော်. . .။

စိတ်ထဲက သက်ထားအကြောင်းတွေးနေမိပြန်တော့ လပြည့်နေ့ကျ သူနဲ့အတူ မီးလွတ်ကျောင်းတက်ဖို့ ချိန်းထားတာ သတိရလိုက်မိပြန်တယ်။ အဲဒီမနက်မှာ မီးလွတ်ဆရာတော်ကို ကန်တော့ပြီး သီလယူမယ်၊ ပြီးတော့ ဆရာတော့်ကျောင်းမှာ သတ်သတ်လွတ်ထမင်းဟင်းတွေစားကြမယ်. . .။ နေ့လယ်ပိုင်းကျတော့ သက္ကမုနိဘုရားကြီးဆီကို သွားမယ်. . .။ ဘုရားရင်ပြင်ပေါ်ကနေ သက္ကမုနိဘုရားကြီးထံမှောက်မှာ ဘဝဆက်တိုင်း သက်ထားနဲ့ကျွန်တော်အတူ ပေါင်းရပါစေသားရယ်လို့ ဆုတောင်းမယ်. . .။

သည်တစ်ပတ်တော့ ဘိုးဘွားတောင်ကို မသွားတော့ပါဘူး။ သက္ကမုနိဘုရားရင်ပြင်ကနေပဲ ကျားပါးစပ်ကျောက်ကျင်း၊ ပျားတောင်၊ ရှမ်းရိုးမ၊ ဦးပိုင်၊ ခဲတောင်တွေကို ငေးကြည့်ကြမယ်. . .၊ သိန်းတန်သန်းတန်ကျောက်ကောင်းတွေ ထွက်တဲ့တောင်ကြီးတွေကို ကြည့်ကြမယ်၊ ပြီးတော့ခေတ်ဟောင်း အဆိုတော်ကြီး ဉသြဘသောင်သီဆိုထားတဲ့ (လူမျိုးခြားတွေနဲ့ လာမနှိုင်းပါနဲ့ မှန်တိုင်းဆိုချင်တယ်၊ သိန်းသန်းကုဋေ မရေနိုင်၊ တို့ပိုင်ဥစ္စာကြွယ်. . .) ဆိုတဲ့ သီချင်းကို စိတ်ထဲက ဆိုမယ်. . .။

ပြီးတော့ သက်ထားနဲ့အတူ အကြင်နာစက်ဝိုင်းထိပ်က ဆီချက်ဆိုင်မှာ ဆီချက်ခေါက်ဆွဲ သွားစားကြမယ်. . .။

အိုး. . . အတွေးလေးနဲ့တင် ကျွန်တော့်မှာ ပျော်လိုက်တာ. . .။

× × × × × ×



သည်တစ်ပတ်တော့ မြေအောက်က ကျင်းပေါ် ပြန်ရောက်တဲ့အခါ ကျွန်တော်တို့ ရှာပေးလိုက်တဲ့ ကျောက်တွေက ပုလင်းကြီးငါးလုံးအပြည့်. . .။ လောပန်းကြီးကတော့ တပြုံးပြုံး. . .။

“ကဲ. . မင်းတို့အားလုံး မောနေကြပြီ၊ ရေချိုးအနားယူ၊ ပြီးတော့ ငါ့ဆီမှာ ငွေလာထုတ်ကြ၊ မင်းတို့ကို ငါစကားနည်းနည်းတော့ ပြောချင်တယ်၊ မင်းတို့အားလုံးဟာ ငါတို့နဲ့ စီးပွားအတူလုပ်နေကြသူတွေပဲ၊ တစ်ယောက်အကျိုးတစ်ယောက်သယ်ပိုးနေကြသူတွေ မဟုတ်လား၊ မင်းတို့ဟာ မြေကြီးအောက်မှာ အသက်စွန့်ပြီး လုပ်ကိုင်ခဲ့ကြရတာ မဟုတ်လား။ ဒါကြောင့် ငါနည်းနည်း မှာချင်တယ်။ မင်းတို့ လုပ်အားနဲ့ရခဲ့တဲ့ပိုက်ဆံဖြစ်ပေမယ့် အဲဒီပိုက်ဆံကို အကျိုးရှိရှိသုံးကြစေချင်တယ်။ လောင်းကစားဝိုင်းတွေ၊ အပျော်အပါးတွေမှာ မဖြုန်းကြဖို့ ငါမှာချင်တယ်။ မင်းတို့အဝတ်ဝယ်တာ၊ ရွှေဝယ်တာ၊ မင်းတို့မိဘတွေဆီပို့တာကို ငါဘာမှပြောစရာမရှိဘူး။ အရက်သောက်၊ အပျော်အပါးလိုက်၊ လောင်းကစားဝိုင်းသွားဖြုန်းဆိုရင်တော့ မင်တို့အသက်စွန့်ပြီးရှာဖွေထားရတဲ့ပိုက်ဆံဟာ နှမြောဖို့ကောင်းတယ်။ မင်းတို့ပင်ပန်းတယ်ဆိုပြီး ဘိန်းဖြူတို့ ယမကာတို့ မသုံးစေချင်ဘူး။ ပေါ့မဆွဲစေချင်ဘူး။ အေး . . . ပေါ့ဆွဲတယ်၊ ဘိန်းဖြူ သုံးတယ်လို့ငါကြားရင်တော့ ဘယ်သူ့မှ ငါမညှာဘူး၊ ငါကျင်းလုပ် သားကနေ နုတ်ပယ်ပစ်မယ် . . .။ အားလုံးကြားလား”

“ဟုတ်ကဲ့လောပန်း”

“ငါပြောတာ မင်းတို့အကျိုးအတွက်ပြောတာ၊ ငါ့စေတနာကို မင်းတို့နားလည်ပါ၊ ငါတို့ဟာ ကြီးပွားချမ်းသာဖို့အလုပ်လုပ်နေကြ

တာ၊ ငါတို့ကြီးပွားရင် မင်းတို့လဲ ကြီးပွားမှာပဲ၊ ငါတို့နှင့်မင်းတို့ဟာ စီးပွားဖက်တွေပဲ၊ ဒါကြောင့် မင်းတို့ကို ငါ့ညီလေးတွေကို သဘောထားလို့ချစ်လို့ပြောတာမှတ်ပါ။ ကဲ-မင်းတို့သွားရေချိုး၊ အဝတ်လဲပြီး ငါ့ရုံးခန်းကိုလာခဲ့ကြ . . . ။

ကျွန်တော်တို့လောပန်းကတော့ စံပါပဲ၊ တချို့လောပန်းတွေဆို တွင်းဆင်းလုပ်သားတွေအပေါ် တူတူတန်တန်ဆက်ဆံတာမဟုတ်၊ လုပ်သားတွေကို ကျောက်ခေါင်းအင်ချပ်တွေ၊ မန်နေဂျာဆိုသူတွေနဲ့သာဆက်ဆံစေတာ၊ တော်ရုံတန်ရုံ ကိစ္စရှိရုံနဲ့ လောပန်းနှင့်တွေ့ခွင့်မရကြ။ လောပန်းအများစုမှာသူတို့အတွက်သာကြည့်တာ၊ ကျောက်ခိုးတာမိလို့ကလည်း မသေရုံတမယ်အရိုက်ခိုင်းတာ၊ ကျွန်တော်တို့လောပန်းက ကျောက်ခိုးမိရင် သူ့ကျင်းလုပ်သားအဖြစ်က ထုတ်ပယ်လိုက်တာကလွဲပြီး ရိုက်နှက်ခြင်းမပြု၊ "တစ်ယောက်ကို တစ်ယောက်ယုံရမှကောင်းတာပေါ့၊ အလုပ်လုပ်ရတာလည်းစိတ်ချမ်းသာတာပေါ့ကွာ၊ ခုလိုမယုံကြည်ရတော့ ငါလဲဘယ်စိတ်ချမ်းသာမလဲ. . . ။

"မင်းကြိုက်တဲ့တွင်းသွား လုပ်ကြည့်ပါ၊ ငါလိုတွင်းထောင်တဲ့ လောပန်းမျိုးထမင်းထုပ်နဲ့လိုက်ရှာကြည့်ပေါ့ကွာ. . . "

ဟုဆိုကာ ကျောက်ခိုးသူ၏လုပ်အားခအပြည့်ပေးပြီး တွင်းက ပယ်ထုတ်လိုက်တာကလွဲပြီးမရိုက်နှက်၊ ကျောက်ကောင်းတစ်စေ့၊ သိန်းလေးငါးဆယ်တန်။ သိန်းရာကျော်တန်ကျောက်မျိုးပွင့်လို့ကတော့ အလုပ်သမားတွေကို ဝေစုခွဲဝေပေးရုံမက ထမင်းဟင်းကောင်းကောင်းချက်ပြုတ်ကျွေးဖို့ကိုလည်း သူမမေ့၊ သူ့အကျိုး၊ ကိုယ့်အကျိုး၊ သူ့ဘက်ကိုယ့်ဘက်ကြည့်တတ်သူဟု ကျွန်တော်တို့ နားလည်ကြပါသည်။



ထို့ကြောင့်လည်း ကျွန်တော်တို့ ခိုးခြင်း၊ ဝှက်ခြင်းမပြုကြ၊ သူ့စေတနာသူ့ကိုအကျိုးပေးသလို ကျွန်တော်တို့စေတနာကလည်း ကျွန်တော်တို့ကိုပြန်ပြီးအကျိုးပေးသည်သာ . . . ။

"ပေါ့ဆွဲ" သူ့ကိုကျင်းမှာထားလို့ကတော့မဖြစ်၊ အများသိတော်မူကြသည့်အတိုင်း ပေါ့ဆွဲသည်ဆိုသည်မှာ ဘိန်းဖြူမှုန့်နှင့်ယာမရောပြီးအမှုန့်ပြုကာ သံခွက်ငယ်လေးထဲထည့်၊ ပြီးတော့အောက်မှ ဖယောင်းတိုင်မီးဖြင့်အပူပေး၊ ထွက်လာသောအငွေ့ကို စက္ကူရှူတံ (ပေါ့တံ) လေးလုပ်ကာ ရှူရှိုက်ခြင်းဖြစ်သည်။ ဤသည်မှာ ဖိုးသမားတို့စကားအရ "ပေါ့ဆွဲ" သည်ဟုခေါ်သည်။

ဖိုးသမားတစ်ယောက်ဖြစ်ဖို့ကတော့ အလုပ်ကောင်းကောင်း မလုပ်တော့၊ "ပေါ့ဆွဲ" ဖို့ပဲ အာသီသရှိတော့သည်။ ရသမျှပိုက်ဆံ ပေါ့ဆွဲတော့သည်။ ပေါ့ဆွဲစရာမရှိလျှင် ခိုးတော့သည်။ ဤသူမျိုးကိုတော့ကျောက်ကျင်းများတွင်ထားလေ့မရှိ၊ မယုံကြည်တော့၊ နောက်ဆုံးသူများပစ္စည်းတွေအငှားထမ်း၊ သူများပေးစာကမ်းစာစား၊ ပေါ့မဆွဲနိုင်လျှင် မကျန်းမာတော့ . . . ၊ နောက်ဆုံးခြေဆစ်လက်ဆစ်တွေယောင်ကိုင်းကာမသယ်နိုင်၊ မလှုပ်ရှားနိုင်ဖြစ်ပြီး ဘုံးဘုံးလဲ ကာသေဆုံးကြသည်သာ ဖြစ်သည်။ မိုးတွင်း၊ မိုးရာသီကိုဖိုးသမားတွေကြောက်သည်။ သည်မိုးကိုကျော်နိုင်ပါ့မလားဟု သူတို့အချင်းချင်းပြောလေ့ရှိသည်။ မိုးရာသီကား ဖိုးသမားတို့တဖြုတ်ဖြုတ်သေဆုံးကြသော ကာလတည်း။

ဝမ်ကမ်၊ လွယ်ဆောင်ကျောက်၊ ဆိုင်းလျှံတစ်လျှောက်တွင် ဖိုးသမားတွေကိုမြင်တွေ့နေရသည်။ သူတို့ကား ဘဝဆုံးနေကြသူများသာဖြစ်ကြ၏။ မိဘရပ်ထံလည်း မပြန်နိုင်၊ မယားနှင့်သားသမီး

များထံလည်းမပြန်နိုင်သည့်ဘဝ၊ သူတို့ကား လမ်းဘေးတွင်ခွေးသေ သေကြရမည့်သူများ. . .။

ဤလိုလူမျိုးကိုတော့ ကျွန်တော်တို့အရောက်မခံနိုင်၊ ရွာက ထွက်လာကတည်းက ကြီးမားသောရည်ရွယ်ချက်ကိုယ်စီဖြင့်ထွက် လာခဲ့ကြသူများဖြစ်သည်။ သူဌေးမဖြစ်ချင်နေပါစေ၊ ခွေးအဖြစ်တော့ အရောက်မခံနိုင်၊ သည်တော့ကိုယ့်ဘဝကိုယ်ထိန်းရမည်။

လူကြီးတွေက စေတနာဖြင့်ပြောဆိုဆုံးမသော်လည်း မိမိကိုယ် မိမိထိန်းနိုင်မှ အရာရောက်မည်။ ပြန်မပြောနားမထောင်လုပ်ပါက ခွေးဇာတ်ခင်းတဲ့အထဲပါသွားလိမ့်မည်။ မြေအောက်တွင်းထဲမှာက တွင်းပြိုပိပြီးသေဆုံးမည့်အန္တရာယ်တစ်ခုသာရှိသည်။ မြေပေါ်မှာက အန္တရာယ်တွေအများကြီး၊ ရှောင်နိုင်ပါမှ ရှောင်တတ်ပါမှ . . .။

ကျွန်တော်တို့တွေ ရေအမြန်ချိုးကြသည်။ အဝတ်သစ်သစ်လွင် လွင်လေးတွေ ဝတ်လိုက်ကြသည်။ မြေကြီးအောက်တွင် ဆယ်ရက် ခန့်နေပြီး ယခုတစ်ဖန်မြေပေါ်သို့ ခေတ္တပြန်ရောက်လာကြပြန်ပြီ။ မြေလျှိုးရာမှ ယခုမိုးပျံရတော့မည်။

ကျွန်တော့်ကိုမြင်တော့ လောပန်းဦးဆမ်တစ်ကပြုံးသည်။

“ဒီလိုဆိုတော့လည်း ငါ့လူက ဇာတ်လိုက်မင်းသားနဲ့တူနေပြန် ရော”

ဟုဆိုကာ တဟဲဟဲနှင့် ရယ်မောနေရလေသည်။

“ဒီကောင်က သူ့ကောင်မလေးဆီသွားမှာ လောပန်း၊ ဒါကြောင့်ရှိုးနှင့်မိုးနှင့်ဖြစ်နေတာ”

ဟုငွေမောင်းက ထောင်လိုက်သည်။



“ကောင်မလေးဆီသွားတာ ကောင်းတာပေါ့ကွ၊ အရက်မ သောက်၊ လောင်းကစားမလုပ်ဖို့ပဲ အရေးကြီးတာ၊ ဒါနဲ့မင်း ကောင်မလေးက ဘာလုပ်လဲ”

“အို . . . လောပန်းကလဲ ကျောက်ထုနေတဲ့ ဟိုး . . . သက် ထားဆိုတဲ့ကောင်မလေးဟာပေါ့”

ဟုတင်မြင့်ကဝင်ပြောလိုက်သည်။ တင်မြင့်စကားကြောင့် လောပန်းက ကျွန်တော့်ကို ပြုံးပြီးကြည့်သည်။

“သက်ထားနဲ့လား၊ လိုက်တယ်ဟေ့၊ ဇာတ်လိုက်နဲ့ဇာတ်လိုက် မင်းသမီးလေးတွေပေါ့။ မင်းတို့မင်္ဂလာဆောင်ရင် ငါတစ်သိန်းလက် ဖွဲ့မယ်၊ ဒါပေမဲ့ မင်းတို့နှစ်ယောက်လက်ထဲမှာ အနည်းဆုံးတစ် ယောက်နှစ်သိန်းစုမိပြီဆို ငါ့ကိုပြောဟုတ်လား”

လောပန်းကရယ်စရာလိုလိုနှင့် အတည်ပြောလိုက်ခြင်းဖြစ် ကြောင်း အားလုံးနားလည်ကြသည်။ သူတို့လောပန်းက ဤလိုလူ စားမျိုး. . .။

× × × × ×

ချစ်မောင်စကားကြောင့် ကျွန်တော့်ရင်တွေခုန်သွားသည်။ ပြီးတော့ချစ်မောင်မျက်နှာကို စေ့စေ့ကြည့်မိသည်။ ချစ်မောင်နောက် ပြောင်သည်မဟုတ်၊ အတည်ပြောခြင်းဖြစ်ကြောင်းသိသာသည်။

“မင်းရဲ့သက်ထားကို ကျောက်ခေါင်း(အင်ချုပ်) ဇော်ဝင်းက ရည်းစားစာပေးသတဲ့”

ပထမတော့ ဒေါသဖြစ်မိသည်။ သက်ထားနှင့်သူချစ်သူဘဝ ရောက်နေသည်ကိုအားလုံးအသိ၊ လောပန်းပင်သိခဲ့ပြီ၊ ဤသည်

ကိုမှမထောက်၊ ရင်ထဲပူလောင်နေသည်။ အသားတွေတ ဆတ်ဆတ် တုန်လာသည်။

"သက်ထားကကော ကြည်ဖြူသတဲ့လား"

သူ့အမေးကို ချစ်မောင်မဖြေ။

"ငါကြားမိတာကိုပြန်ပြောတာ၊ ငွေမောင်းတော့ကောင်းကောင်းသိမယ်။ ဒီကောင်က ဒါမျိုးဆိုစပ်စုတတ်တယ်ဆိုတော့"

ကျွန်တော်ငွေမောင်းကိုရှာသည်။ မြေအောက်ကျင်းထဲမှာဆိုတော့ မှောင်နေသည်။ လက်နှိပ်ဓာတ်မီးကိုအားပြုပြီး ငွေမောင်းရှိရာ ရေချောင်းစပ်ကိုသွားသည်။ ငွေမောင်းကား သံဆန်ခါကြီးထဲတွင် ဖြုန်းမြေများကိုထည့်ပြီး ဝိုက်နေသည်။ သူ့ဘေးတွင် ကျောက်ခေါင်းဖော်ဝင်း. . .။

ချစ်မောင်က ကျွန်တော့်ကို လက်ကုပ်ခေါ်ကာ မနီးမဝေးရေချောင်းစပ်တွင် ဖြုန်းမြေများကို သံဆန်ခါထဲထည့်ပြီး ကျင်ရန်ပြင်ဆင်လိုက်သည်။

"ညကျမှ အေးအေးသက်သာမေးကွာ၊ မင်းကောင်မလေးကလည်းမင်းအပေါ် သစ္စာရှိမှာပါ။ ဖော်ဝင်းရှုပ်တယ်ဆိုတာလည်း အားလုံးသိနေကြတာပဲ၊ ပြီးတော့ လူပျိုနဲ့အပျိုပဲ သူ့မှာလည်းချစ်ရေးဆိုပိုင်ခွင့်တော့ ရှိတာပေါ့မဟုတ်လား"

လူပျိုနဲ့အပျိုဆိုသော ချစ်မောင်၏စကားကြောင့် ရင်တွေပို၍ခုန်သွားသည်ဟုထင်ပါသည်ကျောက်ခေါင်းဖော်ဝင်းကလည်သည်။ လောပန်းဖော်ဝင်းနှင့်လည်းပြေလည်သည်။ အထက်လူကြီးတွေက သူ့ကိုအခွင့်အရေးတွေ ပေးလွန်းသည်ဟုထင်သည်။ သူ့မှာငွေရှင်သည်။ ငွေကိုသုံးနိုင်ဖြုန်းနိုင်သည်။ သည်တော့မိသက်ထားကိုသူငွေ



နှင့်ပေါက်လေမည်လား၊ မိသက်ထားကကော ငွေကိုရေလိုသုံးနိုင်သောဖော်ဝင်းကို သဘောကျနှစ်သက်နေပြီလား . . .။

ပြီးခဲ့သောလပြည့်နေ့က သက်ထားနှင့်အတူ ဘိုးဘွားတောင်သို့သွားခဲ့ကြသေးသည်။ တစ်လတစ်ကြိမ်သာ သက်ထားနှင့်အတူ ယခုကဲ့သို့ လည်ပတ်ကြပြီး မိမိတို့ရှေ့ရေးများကို ဆွေးနွေးခဲ့ကြသည်။ မိမိမှာ အဝေးရှိမိခင်ကြီးထံ ငွေတွေ လစဉ်ပို့နေရသဖြင့် ငွေစုစာအုပ်တွင် သိပ်တိုးမလာ၊ လောလောဆယ်နှစ်သိန်းခွဲလောက်တော့ စုမိနေပြီဟုပြောတော့ သက်ထားကရယ်သည်။

သက်ထားမှာ ဝမ်ကမ်းရောက်ပြီး ကျောက်ထုကတည်းက လက်စွပ်၊ နားကပ်၊ ဆွဲကြိုးတွေပြုလုပ်နိုင်ခဲ့သည်။ သူ့မိခင်ကြီးက ဈေးရောင်းနေသဖြင့် ဈေးဖိုးမထည့်ရ၊ သူရသမျှငွေကို ရွှေတွေဝယ်ပြီး စုနိုင်ခဲ့သည်။ ယခုလောလောဆယ်လက်ကောက်ဝယ်ရန် ငွေငါးသောင်း စုထားမိပြီ။ နောက်တစ်လနှစ်လအတွင်း လက်ကောက်နှစ်ကွင်းဝယ်နိုင်တော့မည်ဟု ဆိုသည်။

သည်တုန်းကတော့ သက်ထားမျက်နှာလေးရွှင်နေသည်။ ဖော်ဝင်းရည်းစားစာပေးခဲ့သည်ဟုလည်း ဖွင့်မပြောခဲ့။ ဖြုန်းမြေများကို ကျင်ပြီး ဆန်ခါဖြင့်ဝိုက်ကာ မှောက်ချလိုက်ပြီး မရှေးမနှောင်းပင် ဖော်ဝင်းအနီးသို့ ရောက်လာသည်။

ကျွန်တော်ဝိုက်ပြီး အောက်ခံပလပ်စတစ်ပေါ်တွင် မှောက်ချထားသော ကျောက်ကလေးများအား လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ ရွေးချယ်ပြီး ပုလင်းလွတ်ထဲသို့ထည့်နေသည်။ သူ့မျက်နှာကို ကျွန်တော် သေသေချာချာကြည့်လိုက်မိသည်။ သူကလည်းကျောက်ရွေးနေရင်း ဓာတ်မီးဖြင့်မီးရောင်ဖြင့် ကျွန်တော့်မျက်နှာကိုတစ်ချက် ဝင့်

ကြည့်သည်။ ပြီးတော့ပြုံးလိုက်သည်။ ဘာအဓိပ္ပာယ်နှင့်ပြုံးလိုက်လေသနည်း၊ မေးချင်လှသည်။ သက်ထားအချစ်ကိုရယူပိုင်ဆိုင်လိုက်ရ၍ ပြုံးလိုက်သည်လော၊ မင်းလိုအလုပ်သမားနှင့် ငါ့လိုကျောက်ခေါင်း (အင်ချုပ်) မိန်းကလေးတစ်ယောက်ကို အပြိုင်ပိုးပန်းကြတာ ပေါ့ဟု သူ့အပြုံးက ဖွင့်ဆိုလိုက်လေသလော . . .။

ကျွန်တော် သံဆန်ခါကိုယူကာ ခတ်မီးထိုးပြီး ရေချောင်းစပ်ဆီ ပြန်ဆင်းလာခဲ့သည်။ ကျွန်တော်နှင့် မလှမ်းမကမ်းတွင် ကိုတင်မြင့်၊ ကိုတင်မြင့်နှင့်မနီးမဝေးတွင် ချစ်မောင်. . .။

"မင်းအောင် စိတ်အေးအေးထားပြီး အလုပ်သာလုပ်၊ အလုပ်ထဲမှာပဲ စိတ်ကိုထား၊ မနက်ဖြန်တို့မြေပြင်ကို ပြန်တက်ကြရမှာပဲ၊ မြေပေါ်ရောက်ရင် မင်းသက်ထားကိုမေး၊ ဒါအကောင်းဆုံးပဲ. . ."

ချစ်မောင်က စကားကို တိုးတိုးလေးပြောသည်။ ကျွန်တော် နားလည်စွာဖြင့် ငြိမ်နေလိုက်သည်။

"ဒါ- စိတ်ပူစရာ၊ စိတ်ဆိုးစရာမဟုတ်ပါဘူး၊ ကိုယ့်ထက်သာတယ်ထင်ပြီး စိတ်ပြောင်းသွားရင်လဲ သွားပေါ့၊ မိန်းမ မရှားပါဘူး. . ."

အားကို တင်းလိုက်ကာ သံဆန်ခါထဲ ဖြုန်းမြေများကို ကျုံးထည့်လိုက်သည်။ ပြီးတော့ အလုပ်ထဲမှာ စိတ်နှစ်ပြီး ဖြုန်းမြေများကို ရေနှင့်အကြိမ်ကြိမ် ကျင်ကာ ဆန်ခါကိုဝိုက်ပြီး ပလပ်စတစ်ပေါ် မှောက်ချထားလိုက်သည်။

မှောက်ချထားသော သံဆန်ခါအောက်မှ ကျောက်ကို ရွေးကောက်ရသူမှာ ကျောက်ခေါင်းတို့၏အလုပ်၊ ထို့ကြောင့် သံဆန်ခါတစ်ခုကို ယူပြီး ရေချောင်းစပ်သို့ ဆင်းခဲ့သည်။



ကျောက်ခေါင်းဇော်ဝင်းက လက်နှိပ်ခတ်မီးဖြင့် မှောက်ထားသော ဆန်ခါများကို လှန်ကာ ကျောက်များကို ပုလင်းထဲထည့်နေသည်။ ကျွန်တော်သည် အချိန်ကြာမြင့်စွာ ဖြုန်းမြေများကို ရေဖြင့်ကျင်ကာ ဆန်ကာကို ဝိုက်ပြီး ကျောက်ကောင်းကျောက်စေ့များကို ရှာဖွေပေးနေခဲ့သည်။ အဖိုးတန်သော ကျောက်ကောင်းများရလျှင် လောပန်းလည်း ချမ်းသာမည်။ တိုင်းပြည်လည်းချမ်းသာမည်။ ပြီးတော့ကျွန်တော်တို့တွေလည်း အနည်းနှင့်အများဝေစုရမည်။ ပြည်တန်ကျောက်များကျင်၍ရရှိခဲ့သော် အဘယ်မျှကောင်းလိမ့်မည်နည်း။ ကျွန်တော်ဖြုန်းမြေများကို ဆေးကြောသန့်စင်နေခိုက် ကိုတင်မြင့် ကျွန်တော့်အပါးသို့ ရောက်လာသည်။

"ဟေ့ကောင် မင်းအောင် . . . လေးနာရီထိုးပြီကွ၊ ဒီတစ်ဗန်းပြီးတော့ ခြေလက်မျက်နှာဆေး၊ နားကြရအောင် . . ."

ကိုတင်မြင့်ပြောမှ လက်မှနာရီကို လက်နှိပ်ခတ်မီးဖြင့်ထိုးကာကြည့်လိုက်မိသည်။ မှန်သည် နာရီက ညနေလေးနာရီနှင့် ဆယ်မိနစ်ကို ညွှန်ပြနေသည်။ ကျွန်တော်ဖြုန်းမြေများကို ဆေးကြောသန့်စင်ကာ ဆန်ခါကို အကြိမ်ကြိမ်ဝိုက်ပြီး ပလစ်စတစ်ပေါ် မှောက်ချထားလိုက်သည်။

ပြီးတော့ ရေချောင်းထဲဆင်းကာ ခြေလက်မျက်နှာများဆေးကြောနေလိုက်သည်။ ပြီးတော့ ထမင်းချက်ပြုတ်တာဝန်ကျသူ မျိုးဝင်းရှိရာဘက်သို့ ခတ်မီးထိုးကာ လျှောက်လာခဲ့သည်။

"ဟေ့ကောင် မျိုးဝင်း၊ ထမင်းဟင်းတွေကျက်ပြီလားကွ၊ ဗိုက်ဆာလှပြီ"

ဟုကျွန်တော်ကပြောသောအခါ မျိုးဝင်းထံမှ အသံကြီးက လိုဏ်ခေါင်းကြီးထဲအူ၍ထွက်လာသည်။

"မင်းတို့ကစားဖို့ပဲသိတယ်၊ ငါ့မှာ မီးမွှေးရတာလွယ်တယ်မှတ်လား၊ ခုမှမီးစွဲတယ်၊ မင်းတို့ဆာရင် ဗိုက်မှောက်ပြီးအိပ်နေကြဦး"

"ဟ. . . အချိန်နဲ့အလုပ်လုပ်နေကြရတာ၊ မင်းမှဟုတ်နေပြီ၊ လေးနာရီအလုပ်သိမ်း၊ ငါးနာရီထမင်းစားမဟုတ်လား၊ မင်းလည်း အချိန်နဲ့ကိုက်အောင်လုပ်ပေါ့ကွ"

ငွေမောင်းစကားကြောင့် အလုပ်သမားများအားလုံးပွက်လောရိုက်သွားသည်။

"ဟုတ်တာပေါ့၊ တို့အလုပ်တာဝန်ကျေပြီ၊ မင်းတာဝန်ကထမင်းဟင်းချက်ဖို့ပဲရှိတာ၊ မင်းကွာ. . . အိမ်ကမိန်းမသာဆိုရင်တော့ ဖနောင့်စာမိလောက်တယ်"

ကိုတင်မြင့်စကားကြောင့် ကျောက်တွင်းလုပ်သားတွေအားလုံး ရယ်မောလိုက်ကြသည်။

× × ×

လက်နှိပ်ဓာတ်မီးဖြင့် နာရီကိုထိုးကြည့်လိုက်တော့ ညဆယ့်တစ်နာရီခန့်ရှိပြီ၊ မြေအောက်ကျောက်ဂူကြီးအတွင်း အားလုံးတန်းစီအိပ်နေကြပြီ၊ တချို့ ဟောက်သံများပင် ကြားနေရသည်။ တချို့လည်းတီးတိုးတီးတိုး စကားပြောနေကြတုန်းပင် . . .။

ဤအခိုက် ကျောက်ခေါင်းဇော်ဝင်း၏ တီးတိုးစကားတစ်ခွန်း အမှတ်မထင်ကြားလိုက်ရသည်။

"ကိုတင်မြင့် ပလပ်စတစ်အိပ်သေးရှိလားတဲ့"



ကိုတင့်မြင့်ဘက်မှ မီးရောင်တစ်ချက်ဝင့်ခနဲထွက်လာသည်။ စကားသံကတော့မကြားရ၊ အတန်ကြာတိတ်ဆိတ်သွားပြန်သည်။

ကျောက်ဂူကြီးအတွင်း အိပ်မောကျနေကြသော အလုပ်သမားတို့၏ဟောက်သံများ၊ သွားကြိတ်သံများ၊ ယောင်ယမ်းသံများမှအပ အားလုံးငြိမ်သက်လျက်. . .၊ မငြိမ်သက်နိုင်သူမှာကားကျွန်တော်။

မနက်ဖြန်မြေပေါ်ပြန်တက်ရမည်။ မြေပေါ်ရောက်လျှင် သက်ထားနှင့်တွေ့ရမည်။ သက်ထားနှင့်တွေ့လျှင် ဇော်ဝင်းနှင့်ပတ်သက်ပြီး မေးရတော့မည်။ ဤအခါ သဘောထားသေးသိမ်သူဟူ၍ သူ့ကို အထင်သေးလေမည်လား၊ သို့မဟုတ် ရှင့်ထက်သာတဲ့သူကို ကျွန်မရွေးလိုက်တာလေဟူ၍ပင် သက်ထားက ရယ်ရွှင်ပြုံးတုံ့စကားခွန်းဆိုလေမည်လား။

သူ့ရင်တွေ ပွက်ပွက်ဆူကာ ခုန်လာပြန်ပြီ၊ ဘယ်ပြောင်းညာလှည့်ပြီး အိပ်ကြည့်သော်လည်း အိပ်၍မပျော်၊ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကာ နာရီကိုကြည့်လိုက်တော့ ညတစ်နာရီရှိပြီ။ အားလုံးအိပ်ပျော်၍နေလေပြီ။ သူမှတစ်ပါးအိပ်မပျော်သူဟူ၍ တစ်ယောက်မျှရှိဟန်မတူတော့၊ စောစောကစကားပြောသံများပင် ငြိမ်သက်သွားသည်မှာကြာပြီ။

မြေအောက်စမ်းချောင်းဆီမှ ရေစီးသံလေးကိုကြားနေရသည်။ အတွေးတွေကိုဖြတ်ပြီး အိပ်ရန်ပြင်သည်။ အိပ်၍မရ၊ ကျောပိုးအိတ်ထဲမှစိတ်ပုတီးကိုထုတ်ကာ အရဟံဂုဏ်တော်ကိုရွတ်ပြီး ပုတီးစိပ်နေလိုက်သည်။ မျက်လုံးတွေက ပို၍ကြောင်နေဟန်ရှိသည်။ အရဟံဂုဏ်တော်ကိုရွတ်ဆိုနေရာမှ သက်ထားမျက်နှာလေးကိုမြင်ယောင်

နေမိပြန်သည်။ သက်ထား၏ချစ်စရာစကားသံလေးများကိုကြားနေမိပြန်သည်။

ဤအခိုက်ကျောက်ခေါင်းဇော်ဝင်း၏ အပြုံးမျက်နှာ ပြီးတော့ ဇော်ဝင်း၏ ဟားတိုက်ရယ်သံများကိုကြားနေမိပြန်သည်။ စိပ်ပုတီးကိုဘေးချပြီး တစ်၊ နှစ်၊ သုံး၊ လေး တစ်ထောင်ထိရေရွတ်နေမိပြန်သည်။ အိပ်၍မရ၊ နာရီကိုမြှောက်ကြည့်မိလိုက်ပြန်တော့နံနက်သုံးနာရီ။

မျက်စိကိုစုံမှိတ်ပြီး ဘာမျှမစဉ်းစာတော့ဘဲ ဇွတ်အိပ်လိုက်သည်။ အကြောများကိုလျှော့၊ စိတ်ကိုလျှော့၊ အားလုံးကိုဥပေက္ခာပြု၊ ဘာမှမတွေးနဲ့၊ ဘာမှမစဉ်းစားနဲ့၊ လူ့လောကကြီးဟာဒုက္ခဘုံကြီး၊ ဖြစ်ပြီးပျက်တယ်တဲ့၊ အားလုံးဟာအနိစ္စပဲ၊ အားလုံးဟာမမြဲဘူး၊ ချစ်တယ်ဆိုတာလဲမမြဲဘူး၊ လူ့ဘဝကြီးကိုက ခဏလေးပဲ၊ တွေ့ကြုံဆုံကွဲပဲ၊ တို့ဟာ လူ့ဘဝကိုဧည့်သည်အဖြစ်ရောက်လာတာပဲ၊ သေကြတော့မှာပဲ၊ သေကြရတော့မှာပါပဲ၊ သေကြရတော့မှာပါပဲ. . .။

တွေးရင်းတွေးရင်း စဉ်းစားရင်း စဉ်းစားရင်း ကျွန်တော်အိပ်ပျော်သွားသည်ဟုထင်ပါသည်။ ကျွန်တော်လန့်နိုးတော့ ကျွန်တော်တို့တွင်းလုပ်သားတွေအားလုံး မျက်နှာသစ်ပြီးနေကြပြီ၊ အထုပ်အပိုးပြင်ပြီးနေကြပြီ၊ ကျောက်ခေါင်းဇော်ဝင်းပင် မြေပြင်ပေါ်မှစက်သီးဆွဲတာဝန်ကျသူနှင့် ဖုန်းအဆက်အသွယ်လုပ်နေကြပြီ. . .။

ကျွန်တော်လူးလဲထကာ ရေချောင်းစပ်သို့ထွက်လာခဲ့သည်။ မျက်နှာကဗျာကယာသစ်ပြီး အိပ်ရာလိပ်နှင့်အဝတ်များထုပ်ပိုးပြင်ဆင်ပြီးတွင်းဆင်းလုပ်သားများနှင့်အတူ တွင်းဖြောင့်ကြီးရှိရာဘက်သို့ လက်နှိပ်ဓာတ်မီးတဝင်းဝင်းဖြင့် ထွက်ခဲ့ကြသည်။ တွင်းဖြောင့်သို့ရောက်ရန် ကျွန်တော်တို့နှစ်နာရီခန့် လိုဏ်ဂူကြီးအတွင်း ကွေ့ကာကောက်ကာ ပတ်ကာလျှောက်ခဲ့ကြသည်။



သွားနေကျလမ်းဖြစ်နေ၍သာ တစ်ခါဖူးမျှမသွားဖူး၊ မလာဖူးသူများအတွက် အခက်အခဲများစွာနှင့် ကြုံတွေ့ရမည်မှာမလွဲပါ။ ကျွန်တော်တို့နှစ်နာရီခရီးကို သုံးနာရီမှ လျှောက်လာသော်လည်း လိုရာရောက်မည်မဟုတ်ပါ။

မကြာမီတွင်းဖြောင့်ရှိရာသို့ ကျွန်တော်တို့တွေရောက်ခဲ့ကြသည်။ တွင်းဖြောင့်ရောက်သည်နှင့် စက်ကြိုးတပ်သံကွင်းဇလားကြီးပေါ် သို့နှစ်ယောက်စီတက်ကာမြေပေါ် သို့ဆွဲတင်ခြင်းခံကြရပါသည်။

လူစုံတော့ အစစ်အဆေးခံရာရုံးခန်းအတွင်းသို့ ဝင်ခဲ့ကြပါသည်။ ထုံးစံအတိုင်း ဖင်ကုန်းချောင်းဆိုးလုပ်ကြရပါသည်။ ပြီးတော့ မိမိတို့ပစ္စည်းများကို တစ်ဦးချင်းစီအရှာခံကြရပါသည်။

တစ်ဦးချင်းစီ၏ ကျောပိုးအိတ်၊ အိပ်ရာလိပ်၊ ဓာတ်မီးများအတွင်းရှာဖွေနေကြရင်းမှ ကျွန်တော့်ကျောပိုးအိပ်ကိုခါချလိုက်သောအခါ ပလပ်စတစ်အိတ်လေးတစ်လုံး ဒေါက်ခနဲထွက်ကျလာပါတော့သည်။

အားလုံး၏မျက်လုံးများသည် ကျွန်တော့်ထံစုပြုံရောက်ရှိလာပါပြီ၊ လောပန်းသည် မျက်နှာကြီးနီလျက် ပလပ်စတစ်အထုပ်လေးကိုကောက်ကိုင်လိုက်ပြီး နေရောင်တွင် ထောင်လျက်ကြည့်နေပါသည်။ ပလပ်စတစ်အိတ်ထဲတွင် ဝင်းလက်နေသော ကျောက်ကလေးသုံးလုံး. . .။

လောပန်းမျက်နှာတင်းမာခက်ထန်နေကြောင်း အားလုံး သတိပြုမိလိုက်ပါသည်။

"ဒါ. . မင်းအောင်အိတ်မဟုတ်လား. . ."

"ဟုတ်ပါတယ်လောပန်း. . ."

လောပန်းက တစ်ချက်မဲ့ပြုံး ပြုံးလိုက်သည်။

"လိမ္မာပါတယ်လို့ ချီးမွမ်းလို့မှ မကြာသေးဘူး၊ ယောက်မ မြင်းစီးထွက်လာပြီပေါ့. . ."

"ဒါ. . ဒါ. . ကျွန်တော့် ပလပ်စတစ်အိတ်မဟုတ်ပါဘူး လောပန်း ဒါ. . . ဒါ. . . ကျွန်တော် ခိုးဝှက်ထည့်လာတာမဟုတ် ပါဘူး"

လောပန်းသည် ကျောက်များကိုတွေပြီးကြည့်လိုက်သည်။ ကျောက်ကလေးများသည် ဝင်းလက်နေကြသည်။ သိန်းတန် ကျောက်ကလေးများပေလော။

ခဏအတွင်းလောပန်းအသားများ ဆတ်ဆတ်တုန်လာသည်။ ကျောက်ခိုးသူများအား တစ်ခါမျှသည်လောက်စိတ်ဆိုးဖူးခြင်းမရှိ သော လောပန်းသည် ကျွန်တော့်ရှေ့သို့ ကျားသစ်တစ်ကောင်နှယ် သားကောင်ကိုခုန်အုပ်တော့မည်အလား အရှိန်အဟုန်ဖြင့်ရောက် လာကာ ကျွန်တော့်မျက်နှာဆီသို့ လက်သီးဖြင့် တစ်ရှိန်ထိုး ပစ်ထိုး လိုက်ရာ ကျွန်တော်ယိုင်လဲကာ ကြမ်းပြင်ပေါ်သို့ ဘုံးခနဲလဲကျသွားပါ သည်။

ကျွန်တော့်ပါးစပ်မှလည်း သွေးတွေယိုစီးလာပါပြီ။ ကျွန်တော့် တစ်ကိုယ်လုံးတုန်ရင်ကာ ရှက်လည်းရှက် ဒေါသလည်းထွက်လျက် လောပန်းကို ပြန်၍မော့ကြည့်လိုက်ရင်း . . .။



"လောပန်းကျွန်တော့်ကိုကြိုက်သလိုထိုးနိုင်ပါတယ်။ ဒါ ကျွန်တော်ခိုးဝှက်ယူတာ မဟုတ်ဘူးဆိုတာ ကျိန်ပြောရဲပါတယ်။ ကျွန်တော်ခိုးတာမှန်ရင် ကျွန်တော် ကျင်းပြိုပိပြီးသေပါစေ၊ ကျွန်တော်တကယ်မခိုးခဲ့ရပါဘူးဗျာ"

ကျွန်တော့်ကိုကျောက်လုပ်သားအများက စိတ်မကောင်းစွာ ဝိုင်း၍ကြည့်နေကြပါသည်။ သူတို့တွေလည်း ကျွန်တော့်အပေါ် ဝေခွဲမရဖြစ်နေကြဟန်လည်းတူပါသည်။ ဤအချိန်တွင် ကျောက် ခေါင်းဆောင်ဇော်ဝင်းက ကျွန်တော့်မျက်နှာကိုစူးစိုက်ကြည့်ပြီး. . .

"မင်းအိတ်ထဲမှာ လက်ဆုပ်လက်ကိုင်မိနေပြီပဲမင်းအောင်၊ မင်း ဘာလိမ်ညာချင်သေးတာလဲ"

ဟုဆိုကာ ရှေ့သို့တိုးလာပြီး ကျွန်တော့်ကိုခြေဖြင့်ပစ်ကန်လိုက် ပါသည်။ ကျွန်တော်လှိမ့်ပြီးရှောင်လိုက်သော်လည်း ဇော်ဝင်း၏ခြေ ထောက်သည် ကျွန်တော့်ကျောကုန်းကို ဘုံးခနဲကန်လိုက်မိသဖြင့် ကျွန်တော့်နေရာတွင် လှိမ့်နေပါတော့သည်။

ထိုစဉ် တင်မြင့်သည် လောပန်းရှိရာသို့ဖြည်းဖြည်းချင်းလျှောက် သွားကာ . . .

"လောပန်း . . .၊ လောပန်းလက်ထဲက ပလပ်စတစ်ထုပ်လေး ကိုခဏကြည့်ပါရစေ"

ဟုဆိုကာ ခွင့်တောင်းလိုက်သည်။ လောပန်းက တင်မြင့်ကို ကြောင်ပြီးကြည့်နေရာမှ. . .

"ကြည့်လေကွာ ကျောက်ကအဖိုးတန်ကျောက်၊ အနည်းဆုံး သိန်းနှစ်ဆယ်သုံးဆယ်လောက်တန်တဲ့ကျောက်တွေကွ၊ ဒါကြောင့် ဒီကောင်ဒီလိုလုပ်တာပေါ့"

ဟုဆိုကာ တင်မြင့်ကိုပြသည်။ တင်မြင့်ကကျောက်ကိုဂရုမထား၊ ပလပ်စတစ်အိတ်လေးကိုသေချာစွာကြည့်ရင်း . . . သူ့မျက်လုံးတွေ စူးရှထက်မြက်လာသည်။

"ဒါ. . . ညက ဇော်ဝင်းကျွန်တော့်ဆီကတောင်းလို့ပေးလိုက်တဲ့ပလပ်စတစ်အိတ်ပါပဲ၊ ဇော်ဝင်းဟာ အဲဒီပလပ်စတစ်အိတ်ထဲကို ပုလင်းထဲကအကောင်းဆုံးကျောက်သုံးလုံးကိုရွေးပြီးတော့ပိတ်၊ မင်းအောင်အိတ်ထဲထည့်လိုက်တာဖြစ်မယ်၊ ဒီကောင် မိန်းမကိစ္စနဲ့ မင်းအောင်ကိုမကျေမနပ်ဖြစ်နေတာ၊ ဒါကြောင့် အကောက်ကြံတာ၊ ဟုတ်တယ်မဟုတ်လားဇော်ဝင်း. . ."

တင်မြင့်စကားကြောင့် ကျောက်တွင်းဆင်းလူငယ်အားလုံး ဇော်ဝင်းကိုသင်္ကာမကင်းကြည့်လိုက်ကြသည်။ ပြီးတော့ခက်ထန်မာကျောသောမျက်နှာများဖြင့် ဇော်ဝင်းရှိရာသို့ ခြေလှမ်းတွေရွှေ့လိုက်ကြသည်။

အခြေအနေကို သဘောပေါက်လိုက်ဟန်တူသော လောပန်းက ကျောက်တွင်းဆင်းလုပ်သားလူငယ်များကို အချိန်မီတားလိုက်သည်။

"ဟေ့ကောင်တွေနေဦး၊ ငါသေသေချာချာစစ်ဦးမယ်၊ မင်းတို့ဘာမှဝင်ပါစရာမလိုဘူး"

ကျောက်တွင်းဆင်းလုပ်သားငယ်လေးများ၏ ခြေလှမ်းများ တုန့်ခနဲရပ်တံ့သွားသော်လည်း တုန့်ပြန်သံတွေက ဆူဆူညံညံထွက်လာကြသည်။

"ဒါဆို လောပန်း၊ အဖြစ်မှန်ပေါ်အောင်စစ်ပေးပါ၊ မခိုးဘဲနဲ့ မတရားအစွပ်စွဲခံရပြီး အထိုးအကြိတ်ခံရတာကတော့ ကျွန်တော်တို့လဲ မလိုလားပါဘူး"



"ဟေ့ကောင်ဇော်ဝင်း၊ ဒီပလပ်စတစ်အိတ်ဟာ တင်မြင့်ဆီက ရတဲ့အိတ်လား"

ဇော်ဝင်းက ရယ်လိုက်သည်။

"ဆရာရယ် . . . ဒါတင်မြင့်လုပ်ကြံတဲ့ဇာတ်ပါ၊ ကျွန်တော် သူ့ဆီက တစ်ခါမှ ပလပ်စတစ်အိတ်မတောင်းခဲ့ဘူး"

"ဟေ့ကောင် ဇော်ဝင်း၊ မင်းမညာနဲ့၊ မနေ့ညက မင်းတင်မြင့်ဆီမှာ ပလပ်စတစ်အိတ်သေးလေးရှိလားလို့တောင်းတဲ့အသံ ငါကြားတယ်၊ ငါအိပ်မပျော်သေးဘူး၊ ဓာတ်မီးထွန်းပြီးတင်မြင့်ပလပ်စတစ်အိတ်ရှာပေးနေတာကိုလဲတွေ့တယ်"

ငွေမောင်းဆီကထွက်ပေါ်လာသောအသံ။

"ဟုတ်တယ်၊ ငါလဲကြားတယ်"

ထမင်းချက်မျိုးဝင်းထံမှ ထွက်လာသောအသံ။

"ကဲ. . . ဇော်ဝင်း ဘာပြောချင်လဲ. . ."

လောပန်းက ဇော်ဝင်းကို ခက်ထန်စွာ ကြည့်သည်။ ဇော်ဝင်းက ကျင်းလုပ်သားများကို ငေးကြောင်ပြီး ကြည့်နေသည်။

"မင်းကလီကမာလုပ်မယ် မကြံနဲ့ဇော်ဝင်း၊ မင်းအကြောင်း အားလုံးသိတယ်၊ မင်းသက်ထားအချစ်ကို မရတာနဲ့ မင်းအောင်ကို ဒုက္ခရောက်အောင် လုပ်တာမဟုတ်လား၊ မင်းအဖြစ်မှန်ကို ပြောပါ၊ မင်းဝန်ခံပါ၊ မင်းဝန်မခံရင် တို့ကလည်း ညှာမှာမဟုတ်ဘူး. . ."

ဇော်ဝင်းသည် ကျောက်တွင်းဆင်းလူငယ်များ၏ မျက်နှာကို ငေးကြောင်ပြီး ကြည့်နေသည်။ သူအားလုံးကို ထိတ်လန့်နေဟန်ရှိသည်။ မမှန်မကန်လုပ်ရပ်ကြောင့် သူ့စိတ်ကိုပင် သူမထိန်းနိုင်တော့၊ သူ့နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေသည်။ သူ့မျက်နှာ

လည်း ပျက်နေသည်။ လောပန်းက သူ့လူအကြောင်း သူရိပ်မိလိုက်ပြီ. . .။

"ဇော်ဝင်း. . . မင်းတော်တော်ယုတ်မာပါလား၊ မင်းအကြံပက်စက်လှချည့်လား. . ."

"ကျွန်တော်မှားသွားပါတယ် လောပန်း၊ ကျွန်တော် အချစ်စိတ်မွှန်ပြီး မစဉ်းမစားလုပ်ခဲ့မိပါတယ်. . ."

ကျောက်တွင်းဆင်း လုပ်သားလေးများသည် ဇော်ဝင်းအား ရန်ပြုရန် ချဉ်းကပ်လာကြစဉ် ကျွန်တော်သည် လဲနေရာမှ မတ်တပ်ရပ်လိုက်ရင်း သူငယ်ချင်းတွေကို တောင်းပန်လိုက်မိသည်။

"သူလည်း သူ့အပြစ်ကို သူဝန်ခံပြီပဲကွာ၊ ရန်မပြုပါနဲ့တော့"

ကျွန်တော့်စကားကြောင့် လောပန်းက ကျွန်တော့်ပခုံးကို ဖက်ပွေ့လိုက်ရင်း တောင်းပန်သော မျက်လုံးများဖြင့် ကြည့်သည်။

"ငါ မစဉ်းစားမဆင်ခြင်ဘဲ မင်းကို ကိုယ်ထိလက်ရောက် ထိုးကြိတ်မိတာ ခွင့်လွှတ်ပါကွာ၊ ရုတ်တရက်ဆိုတော့ ငါလည်း စိတ်မထိန်းလိုက်နိုင်ဘူး. . ."

"လောပန်းဘက်ကကြည့်ရင် ဒီအတိုင်းကျွန်တော့်ကို ဆုံးမရမှာပါပဲ။ ကျွန်တော် ခွင့်လွှတ်ပါတယ်ဗျာ. . ."

"ညီလေး. . အစ်ကို့ကို ခွင့်လွှတ်ပါကွာ၊ အစ်ကို ညီလေးအပေါ် မကောင်းကြံခဲ့မိပါတယ်၊ ညီလေးအစ်ကို့ကို ပြန်ထိုးပါ၊ အစ်ကို့ကို ရိုက်လိုက်စမ်းပါ. . ."

ဇော်ဝင်းက တောင်းပန်တိုးလျှိုးရင်း ကျွန်တော့်ကို ထိုင်၍ပင် ကန်တော့နေတော့သည်။ ဤအဖြစ်ကို မြင်ရတော့ လောပန်းက ဇော်ဝင်းကို ခြေထောက်ဖြင့် ဆောင့်ကန်လိုက်သည်။



"မင်းက ခွင့်လွှတ်ပါဆိုတဲ့စကားပြောတော့ လွယ်တာပေါ့၊ အမှုမှန်သာ မပေါ်ရင် မင်းအောင်ဘာဖြစ်သွားမလဲ၊ ဘယ်လောက်ထိ သိက္ခာကျမလဲ၊ အားလုံးရဲ့တံတွေးခွက်မှာ မင်းအောင်မျောပြီပေါ့၊ မင်းအောင်ဘဝပျက်ပြီပေါ့၊ တို့တွေဟာ သေအတူ ရှင်မကွဲ အလုပ်,လုပ် နေကြသူတွေကွ၊ တို့အားလုံးဟာ မိသားစုကွ၊ တစ်ယောက်ကိုတစ်ယောက်ဖေးကူလက်တွဲရမယ့်အစား မင်းက စိတ်ယုတ်မာနဲ့ မကောင်းကြံတယ်၊ မင်းဒီအဖွဲ့မှာ ကျောက်ခေါင်း လုပ်ဖို့ စိတ်မကူးနဲ့တော့၊ မင်းကိုလည်း ဘယ်သူမှ ယုံမှာ မဟုတ်တော့ဘူး၊ မင်းကြောင့် တစ်ချိန်မှာ လူသတ်မှုတွေ ဖြစ်သွားနိုင်တယ်၊ ဒါ့ကြောင့် မင်းကို တို့ကျောက်တွင်းက ထုတ်ပယ်လိုက်ပြီ၊ မင်းဆင်းချင်တဲ့ ကျောက်တွင်းသွားဆင်းတော့၊ ညနေ မင်းရစရာရှိတဲ့ ငွေတွေ အကုန်လုံး ငါထုတ်ပေးမယ်. . ."

"မင်းငါ့ကို တောင်းပန်ဖို့ မလိုဘူး၊ ငါမင်းတို့အပေါ် ဘယ်လောက်ကောင်းခဲ့သလဲ၊ မင်းရဲ့လုပ်ရည်ကိုင်ရည်ကြောင့် ကျောက်ခေါင်းရာထူးပေးထားတယ်၊ ကျောက်ခေါင်းတစ်ယောက်ဟာ သူနဲ့အတူ လက်တွဲပြီး သေအတူရှင်မကွာ အလုပ်,လုပ်တဲ့ အလုပ်သမားတွေအပေါ် ခုလိုမဟုတ်မမှန်တာ မလုပ်အပ်ဘူး၊ အားလုံးကလည်း မင်းကို မယုံတော့ဘူး၊ ဒါ့ကြောင့် ဒီညနေ မင်းနဲ့ ငါတို့ စာရင်းရှင်းကြမယ်၊ မင်းတို့မြေအောက်ကရှာဖွေပေးတဲ့ ကျောက်တွေ ပြန်ရောင်းပြီးတာနဲ့ မင်းအတွက်ဝေစု ငါထပ်ပေးမယ်. . .၊ ကဲ. . မင်းသွားတော့. . ."

ဇော်ဝင်းသည် နောင်တရသော မျက်နှာနှင့် ကျောက်သမား လူငယ်အားလုံးအား တောင်းပန်ကြည့် ကြည့်ကာ အဆောင်သို့ ဖြည်းလေးစွာ ထွက်ခွာသွားလေသည်။

"မင်းတို့အားလုံးကို ငါထပ်ပြီးမှာချင်တယ်၊ မင်းအောင်နဲ့ ဇော်ဝင်းကိစ္စ ဒီမှာတင်ရပ်လိုက်ကြတော့၊ ဇော်ဝင်းကိုတို့ ကျောက်ကျင်းကထုတ်လိုက်ပြီ၊ ဇော်ဝင်းနေရာမှာ မင်းတို့ယုံကြည် စိတ်ချရတဲ့သူကို ကျောက်ခေါင်းအဖြစ် ရွေးချယ်ကြ၊ ပြီးတော့ အပြင်မှာလည်း ရန်တုန့်မပြန်ကြနဲ့၊ ဥပဒေဘောင်အတွင်းကပဲ လုပ်ကြမယ်. . .၊ ကဲ. မင်းတို့ ဘာပြောချင်ကြသေးလဲ. . ."

"လောပန်းရဲ့ အဆုံးအဖြတ်ကို ကျွန်တော်တို့ လေးစားပါတယ်. . ."

"ဟုတ်ပြီ. . . မောင်မင်းအောင် ဘာပြောချင်လဲ. . ."

"ကျွန်တော်အထူးအလေးထားပြောချင်တာက ကျွန်တော်တို့ဟာ တစ်ယောက်ကိုတစ်ယောက် သစ္စာစောင့်ပြီး မိမိအကျိုး၊ လောပန်းရဲ့အကျိုးနဲ့ တိုင်းပြည်ရဲ့အကျိုးစီးပွားအတွက် အသက်စွန့်ပြီး ကျောက်ကောင်းတွေကို ရှာဖွေပေးနေကြပါဦးမယ် လောပန်း. . .၊ ကျွန်တော်တို့ကျောက်တွင်းဆင်း လူငယ်တွေဟာ အမြင်နုတ်ပေမယ့် မဟုတ်မမှန်တာ ဘယ်တော့မှ မလုပ်ပါဘူးဗျာ၊ အဲဒါတော့ ယုံပါ၊ ကျွန်တော်တို့ မတော်မတရား မမှန်မကန်လုပ်မိကြရင်လည်း မြေအောက်မှာ အလုပ်လုပ်နေကြရတဲ့သူတွေမို့ သစ္စာဖောက်စူးမှာ ကျွန်တော်တို့ကြောက်ပါတယ်. . .၊ ဒါ. . အားလုံးကိုယ်စား ကျွန်တော်နောက်ဆုံးပြောချင်တဲ့စကားပါ. . ."



လောပန်းက ကျွန်တော့်လက်ကို ဆွဲကိုင်ရင်း ဝမ်းသာအားရဆိုသည်။

"မင်းတို့ဟာ မြေကြီးအောက်မှာ အသက်ကိုစွန့်ပြီး အဆင်းရဲအပင်ပန်းခံ အလုပ်လုပ်နေကြရတဲ့ ငါ့ရဲဘော်တွေပါပဲ၊ ငါကောင်းစားရင် မင်းတို့အားလုံးလည်း ကောင်းစားရမှာပါပဲ၊ မင်းတို့ရဲ့ကျေးဇူးကိုလည်း ငါမမေ့ပါဘူး၊ မင်းတို့အခက်အခဲရှိရင်လည်း ပြောပါ၊ ကိုယ်ရေးကိုယ်တာပြဿနာတွေနဲ့ ရင်ဆိုင်နေရရင်လည်း ပြောပါ၊ ငွေရေးကြေးရေး လိုအပ်ရင်လည်း ပြောပါ၊ ငါမင်းတို့ကို ကူညီပါ့မယ်၊ မင်းတို့ကလည်း ငါ့အပေါ် မှန်ကန်တဲ့ လုပ်ရပ်တွေနဲ့ ကူညီကြပါ၊ ကဲ. . မင်းအောင်. . . မင်းကောင်မလေး သက်ထားနဲ့ မင်းဘယ်တော့လောက် လက်ထပ်မလဲ. . ."

အားလုံးသော ကျောက်တွင်းဆင်းလူငယ်လေးများ ရယ်မောလိုက်ကြသည်။

"ကဲ. . ခုလာမယ့် သီတင်းကျွတ်ပြီးတာနဲ့ ငါမင်္ဂလာပွဲလုပ်ပေးမယ် ဟုတ်ပြီလား၊ မင်းတို့ဘက်ကလည်း ငါပြောသလို ငွေတွေ တတ်နိုင်သလောက်စုထားကြ၊ မင်းအောင်လိုပဲ၊ မင်းတို့တွေအားလုံးလည်း ငွေတွေစုကြ၊ အိမ်ထောင်တစ်ခုကို တည်ထောင်တယ်ဆိုတာ အချစ်တစ်ခုထဲနဲ့ မပြီးဘူးကွ၊ မင်းတို့အားလုံးဟာ မြေကိုသာ လျှိုနိုင်ရုံနဲ့ မလုံလောက်ဘူး၊ မိုးကိုပျံနိုင်သူတွေဖြစ်ဖို့လိုတယ်ဟေ့. . .၊ အေးမင်းတို့ဟာ မြေကိုလျှိုပြီး မိုးကိုပျံနိုင်သူတွေ ဖြစ်အောင်ကြိုးစားကြရမယ်. . ."

လောပန်း၏စကားကြောင့် ကျွန်တော်တို့ ကျောက်လုပ်သား လေးများအားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ နှုတ်က တီးတိုးရေရွတ်လိုက်ကြသည်။

"မြေကိုလျှိုး၍ မိုးကိုပျံနိုင်သူတွေဖြစ်အောင် ကြိုးစားကြမယ်၊ မြေကိုလျှိုးပြီး မိုးကိုပျံကြမယ်ဟေ့. . . "

ငွေမောင်းက တင်မြင့်မျက်နှာကို ကြည့်သည်။ တင်မြင့်က မျိုးဝင်းမျက်နှာကိုကြည့်သည်။ ပြီးတော့ အားလုံးပြုံးလိုက်မိကြသည်။ သည်လိုဆိုတော့လည်း လောကကြီးက ပျော်စရာကောင်းလှ ပါတကား. . .။ ။